www.burmeseclassic.com



# ကိုငြိမ်းဦး

# သံယောဇဉ်တောအလည်

www.burmeseclassic.com

www.burmeseclassic.com

ကိုငြိမ်းဦး

# သံယောဇဉ် တောအလည်

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ညာ)၊ ၃၈-လမ်း၊

ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၈၇

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

## စာရေးသူ၏ ထုတ်ဝေပြီးသော စာအုပ်များ

၁။ လင်းလက်ကောင်းကင်

၂။ ကျောင်းကြီးပေါ်မှာ မောင်ငယ်ဆော့တော့

၃။ တစ်ခါက ရုပ်ကွက်တစ်ခုမှာ

၄။ သစ္စာမီးလျှံ

၅။ အချစ်ပင်ဗွင်

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

တိုက်ကြီးဦးဇော် သရုပ်ဆောင်စာစဉ် (၆)

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၄၀၀၅၅၇၀၈၀၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၄၀၀၀၈၉၀၀၀၇ |

| | | |
|---|---|---|
| အဖုံး ဒီဇိုင်း | - | ခန့်မင်းထက် |
| ထုတ်ဝေသူ | - | ဦးကျော်ဝင်းနိုင် (မြဲ - ၀၃၃၀၀) |
| | | ၈၈၊ ၃၀၀(ညာ)၊ ၃၇လမ်း ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွာပုံနှိပ်တိုက်) |
| | | ၈၀/၁၁ သံလွင်လမ်း ဗဟန်း |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာချုပ်ချုပ် | - | ကြည်ကြည်မှူး |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၇ခုနှစ် နိုဝင်ဘာလ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |

www.burmeseclassic.com

www.burmeseclassic.com

(၁)

ရှိန်း မြနေသော လရောင်ကြောင့် ကျွန်တော်တို့ ထိုင်နေရာ ကောက် ရိုးပုံတစ်ပိုက်တွင် လင်းနေလေသည်။ ရာသီဥတုကလည်း ဆောင်းဝင်ပြီဖြစ်၍ မြောက်ပြန်လေညင်းက စိမ့်ခနဲ့ စိမ့်ခနဲ တိုက်ခတ်နေသည်။ နှင်းမှုန်တွေကြောင့် အဝေးကို လှမ်းကြည့်သောအခါ မှုန်နေလေ၏။ ကျွန်တော်၊ မိုးသီးနှင့် ပေတာလူတို့သည် ကောက်ရိုးပုံကို မှီ၍ ထိုင်နေမိသည်။

"မင်း ဂစ်တာဝယ်မယ်ဆိုတာကြီးက သိပ်တော့မဟုတ်သေးဘူးကွ။ ငါ့သဘောကတော့ တို့တောရွာနဲ့ လိုက်ဖက်မယ့် ပလွေပဲ ဝယ်စေချင်တယ် .. မင်းပလွေကို အရမ်းကျွမ်းသွားလို့ကတော့ ရွာဘုရားပွဲမှာ ကောင်မလေးတွေ မင်းကိုဝိုင်းကြိုက်ကြမှာ. . ."

"မင်း လျှောက်ပြောမနေနဲ့ မိုးသီး .. ငါ့သဘောကတော့ ခင်ဆွေ ဂစ်တာဝယ်မှာကို ထောက်ခံတယ် .. လူဆိုတာ အမြဲတမ်း ခေတ်နောက်ကျကျန်ခဲ့လို့ မရဘူးကွ . . . ဂစ်တာဆိုတာ ခေတ်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



သည်ကောင်နှစ်ကောင် ပြောနေတာတွေကို နားထောင်ပြီး ကျွန်တော်ပြုံးနေမိသည်။

"မဟုတ်ဘူးကွ . .။ ကဲ ထားပါတော့ကွာ . .၊ ဒီကောင် ဂစ်တာဝယ်ပါပြီတဲ့ သူ့ကို ဘယ်သူကသင်ပေးမှာတုံး . .။ တို့ရွာမှာ ဂစ်တာကို တစ်ယောက်မှမတီးတတ်သလို . . ကြိုးတောင် ဘယ်နှကြိုးတပ်ထားသလဲ မသိဘူး . ."

"အေး ဟုတ်တော့ ဟုတ်တယ်ကွ စစ်ဆွေ . . မင်းဂစ်တာဝယ်လိုက်ပါပြီတဲ့ တီးတတ်အောင် ဘယ်သူက သင်ပေးမှာတုံး . ."

သည်မေးခွန်းအတွက် ကျွန်တော့်မှာ ခဖြေက အဆင်သင့်ရှိနေပါသည်။

"လွယ်လွယ်ကလေးပါကွာ . . ဂစ်တာပညာနည်းစာအုပ်တွေကပြည့်လို့ အဲဒီဂစ်တာရောင်းတဲ့ဆိုင်မှာရှိတယ်ကွ . ."

သည်ကောင်တွေ မျက်လုံးတွင် စိတ်ဝင်စားသည့် အရောင်များ လက်လာသည်။

"ဒါဆိုလည်းဝယ်ကွာ . . စစ်ဆွေ . . ငါထောက်ခံတယ် . ."

အမှန်ကတော့ ဂစ်တာကို ကျွန်တော်ဝယ်ချင်နေသည်မှာ ကြာ လေပြီ။ ဟိုးငယ်ငယ်ကလေးကတည်းကဖြစ်သည်။ ယခုတော့ ကျွန်တော် ရှစ်တန်းသို့ ရောက်ပြီဖြစ်သဖြင့် လူကောင်ကလည်း ထွားလာသည်။ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေ၊ ကာရာအိုကေတွေမှာ ဂစ်တာ ထိုးကြတာတွေ တွေ့သောအခါ ပိုးကထလာတော့သည်။

သည်အကြောင်းကို မေမေ့ကို ဖွင့်ပြောသောအခါ မေမေက . .

"သား ငယ်ပါသေးတယ်သားရယ် . .။ ဆယ်တန်းအောင်ပြီးရင် သား စိတ်ချ . . . မေမေကိုယ်တိုင်လိုက်ဝယ်ပေးမယ်"

"မဟုတ်ဘူးမေမေ . . . သား စာလည်းကြိုးစားမှာပါ . . .



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းရောက်မှ ဂစ်တာတီးရမယ်ဆိုရင် အချိန်တွေ အရမ်းနောက်ကျသွားလိမ့်မယ် . . . အခုလောက်ကတည်းက ဝယ်ပြီး ကျင့်မှ တက္ကသိုလ် တက်တဲ့အချိန်ကျ ကျွမ်းနေမှာ. . ."

စိတ်အားထက်သန်စွာဖြင့် ပြောနေသည့် ကျွန်တော့်ကို မေမေက ပြုံးကြည့်နေသည်။ ထို့နောက် ဘာမှမပြောတော့ဘဲ ဖေဖေ ဆေးရုံမှ မော်တော်ဆိုင်ကယ်ဖြင့် ပြန်လာသောအခါ ဖေဖေ့ကို ပြောပြလိုက်လေသည်။ ဖေဖေသည် ကျွန်တော်တို့ ရွာကလေး ၁၀မိုင်ခဲလောက်ဝေးမည့် မြို့ကလေးတွင်ရှိသော ဆေးရုံမှ ဆရာဝန် ဖြစ်ပါသည်။

နေ့စဉ်ပင် ဖေဖေသည်ဆိုင်ကယ်ဖြင့် သူတာဝန်ထမ်းဆောင်ရာ ဆေးရုံသို့ သွားပါသည်။

"သားက ဂစ်တာလိုချင်တယ် ဟုတ်လား"

"ဟုတ်ကဲ့ ဖေဖေ . ."

"အင်း . . သား စာမေးပွဲအမှတ်တွေကတော့ ကောင်းပါတယ်။ ဒါပေမယ့် ဖေဖေတစ်ခုတော့ ပြောမယ်နော်သား . .။ ဘာပဲဖြစ်ဖြစ်ပေါ့. . စည်းကမ်းရှိရမယ် . .။ သူ့အချိန်နဲ့ သူဖြစ်ရမယ် . . ကျောင်းစာဟာ အဓိကပဲ ဟုတ်လား . ."

"ဟုတ်ကဲ့ ဖေဖေ . . ကျွန်တော်နားလည်ပါတယ် . ."

"ဝေရေ . . သားဂစ်တာဝယ်ဖို့ ပိုက်ဆံထုတ်ပေးလိုက် . ."

နောက်တော့ ဖေဖေက ရေချိုးဖို့ပြင်ပါသည်။ သည်နေ့တော့ ဂစ်တာသွားဝယ်ရန်အချိန်မရှိတော့သဖြင့် မနက်ဖြန်မနက်မှ မြို့ကို သွား ရမည်။ သည်အကြောင်းကို သူငယ်ချင်းတွေကို ပြောပြချင်သဖြင့် ထမင်းစားပြီးသည်နှင့် သည်ကောင်တွေဆီထွက်ခဲ့ခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း မနက်ကို ဘယ်အချိန်သွားမလဲ စစ်ဆွေ .. ငါတို့ လိုက်ခဲ့မလို့ .."

မနက်ဖြန်သည် စနေနေ့ဖြစ်သဖြင့် ကျွန်တော်တို့ ကျောင်းပိတ်ပါသည်။

"အေးကောင်းသားပဲ .. တို့တွေအတူသွားကြတာပေါ့ .. ၈-နာရီ လောက်ဆို ဆိုင်တွေဖွင့်ပြီကွ .. အဲဒီအချိန်လောက်မှန်းပြီး သွားကြတာပေါ့"

စကားစပြတ်သွားပြီး ကျွန်တော်တို့ အတွေးကိုယ်စီဖြင့် ငြိမ်သွားမိပါသည်။ ခြင်တွေကလည်း ကိုက်လိုက်သည့် ဖြစ်ခြင်း။ ကျွန်တော်တို့ အငြိမ်မနေရပါ။ လက်တွေကလည်း ခြင်တွေကို တဖတ်ဖတ်နှင့် ရိုက်နေရသည်။ ခြေထောက်တွေကလည်း ခြင်မကိုက်အောင် လှုပ်နေရ၏။

"ခြင်တွေတလည်းကွာ .. အီသီယိုးပီးယားကများ ရောက်လာသလားမသိဘူး"

ကျွန်တော်ပြောလိုက်သောစကားကို သည်ကောင်တွေ နားမလည်ကြပါ။ သည်တော့ ကျွန်တော် ရှင်းပြရလေသည်။

"ဒီလိုကွ .. ၊ အီသီယိုးပီးယားဆိုတဲ့ နိုင်ငံက အမြဲဟာမ်း အငတ်ဘေးရောက်နေတဲ့ နိုင်ငံ .."

"အေး ဖြစ်နိုင်တယ်ကွ .. ဒါပေမယ့် မင်းပြောတဲ့ အဲဒီ အီသီယိုးပီးယားကနေ ဒီကောင်တွေ ဒီကို ပျံလာရမှာဆိုတော့ အတောင်တော့ အတော်ညောင်းမှာပဲ .."

"ဟာ .. ပေတလူကလည်း လေဟုန်စီးပြီးလာမှာပေါ့ကွ ဘာခက်လို့လဲ .."

ကျွန်တော် ထပ်မရှင်းပြတော့ပါ။ အိမ်မှာဆို ဖေဖေက လစဉ် မဂ္ဂဇင်းတွေဝယ်သည်။ စာအုပ်တွေ ဝယ်သည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



အချိန်ရလျှင် ရသလို ကျွန်တော့်ကို ဖတ်ခိုင်းသဖြင့် ကျွန်တော့်တွင် သည်ကောင်တွေထက် ဗဟုသုတနည်းနည်းပိုရှိနေပါသည်။

"စစ်ဆွေ .. မင်းကို ပြောစရာရှိတယ်ကွ .."

"ပြောကွာ .."

"မင်း .. သက်သက်မာကို မကြိုက်ဘူးလားကွ .."

ဗုဒ္ဓေါ။ မိုးသီး၏ စကားကို ကြားရသောအခါ ကျွန်တော် ဘုရားတ လိုက်မိသည်။ ကျွန်တော့်အာရုံထဲမှာ မနက်ဖြန်မနက်တွင် ဝယ်ယူမည့် ဂစ်တာကသာရောက်နေပြီး ဒီကောင့်စိတ်ထဲသို့ ဘယ့်နှယ်က ဘယ့်နှယ့် မိန်းမကိစ္စကရောက်နေပါလိမ့်။

"ဘယ်က သက်သက်မာလဲ၊ တို့အတန်းထဲက သက်သက်မာလား.."

"အေးလေကွာ .. ဆရာဦးသိန်းစိုးရဲ့ သမီးလေကွာ .. တခြား ဘယ်သက်သက်မာရှိသေးလို့လဲ .."

"မလုပ်ကြပါနဲ့ကွာ .. ဆရာ့ကိုသနားပါတယ် .."

"ဟေ .. ဘာဆိုင်လို့လဲ"

"ဪ .. ဆရာသိသွားရင် မကောင်းဘူးလို့ ပြောတာ ပါကွာ.."

"စစ်ဆွေ ငါအမှန်အတိုင်းပြောရရင် ကောင်မလေးက မင်း ကို ကြိုက်နေတာကွ .."

ကျွန်တော် မျက်လုံးပြူးသွားမိပြန်သည်။ ကျွန်တော်တောင် မသိသည့်ကိစ္စကို သည်ကောင်ကဘယ်လိုသိနေပါလိမ့်ဟု စဉ်းစားမိ၏။

"ဟုတ်ရဲ့လားကွာ .. လျှောက်တော့ပြောမနေနဲ့နော် မိုးသီး .. တော်ကြာသူများတွေ သိသွားရင် မကောင်းဘူး"

"ဟုတ်တယ်ကွ.. ကောင်မလေးက မင်းကို စိတ်ဝင်စားနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အတန်းထဲမှာလည်း ရှစ်ရင်လစ်သလို မင်းကိုခိုးခိုးကြည့်တယ် . .။ ပြီးတော့ ဟိုတစ်နေ့ကလည်း ငါ့ကိုစကားလာပြောရင်းနဲ့ မင့်အကြောင်းမေးသေးတယ် . ."

"သူက ဘာမေးလို့လဲ . . ."

"ဟီး ဟီး . . မင့်လက်က အမွေးတွေဟာ ဘာကြောင့် ဒီလောက်ရှည်နေတာလဲတဲ့ . ."

"ခွေးကောင် . ."

ကျွန်တော်မိုးသီး၏ ပခုံးကို မနာအောင် ထိုးလိုက်သည်။ ဟုတ်တော့ဟုတ်ပါသည်။ ငယ်စဉ်တုန်းကတော့ ထိုအမွေးအမှင်ကိစ္စက သာမန်ပဲဖြစ်သည်။ ရှိသည်တောင်မထင်ရ။ ဘယ့်နှယ်က ဘယ့်နှယ်ကျွန်တော် လူပျိုပေါက်လည်းဖြစ်လာရော သန်စွမ်းလာလိုက်သည့်ဖြစ်ခြင်း။ နှုတ်ခမ်းမွေးတွေ၊ မုတ်ဆိတ်မွေးတွေ သိသိသာသာထွက်လာသည်။ အဆိုးဆုံးကတော့ ကျွန်တော့် လက်ပေါ်မှ အမွေးတွေ။

ပြီးတော့ ရင်ဘတ်မွေးတွေလည်း ထွက်လာသည်။

"တစ်ခုတော့ ရှိတယ်ကွ . . မိုးသီးရ . .။ ဒီကောင်စစ်ဆွေဟာ အကောင်းဆုံးအထောက်အထားပဲ . ."

ပေတလူ၏ စကားကြောင့် ကျွန်တော်ပြန်မေးလိုက်မိသည်။

"ဘာလဲကွ . . ဘာအထောက်အထားလဲ. ."

"ဩော် . . လူဆိုတာ မျောက်က ဆင်းသက်လာတာဆိုတဲ့ အထောက်အထားလေ . ."

"မင်းကြီးတော်ထဲမှပဲ . ."

တဖြည်းဖြည်းညဥ့်နက်လာသည်နှင့်အမျှ အေးလာသည်။ လစန္ဒာ သည် ကျွန်တော်တို့ ခေါင်းပေါ် ရောက်နေလေပြီ၊ ထို့ကြောင့် ကျွန်တော်တို့ သုံးယောက်လူစုခွဲပြီး အိမ်သို့ပြန်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ရောက်သောအခါ ကျွန်တော်က စောစောနိုးနေပြီး မေမေ နယ်ကျွေးသည့် ထမင်းကြမ်းနှင့် ပဲပြုတ်ကိုစားနေသည်။

"သား .. ဂစ်တာသွားဝယ်ရင် ရွေးရောရွေးတတ်လား"

"မရွေးတတ်ဘူး ဖေဖေ .."

ဖေဖေက ရေမိုးချိုးပြီး အဝတ်အစားလဲကာ ကျွန်တော့်အနီး ရောက်လာပြီး မေးသည်။

"အင်း ဖေဖေလည်း ဂစ်တာအကြောင်း ဘာမှမသိဘူး ..။ အကျိုးအပဲ့ .. အနာအဆာမပါတဲ့ ဂစ်တာပဲ ရွေးဝယ်ပေါ့သားရယ် ဟုတ်လား"

"ဟုတ်ကဲ့ ဖေဖေ .."

ခဏနေတော့ ပေတလူတို့ စက်ဘီးကိုယ်စီနှင့် ရောက်လာ ကြသည်။ သည်တော့ ကျွန်တော်လည်း ဖေဖေ မေမေတို့ကို နှုတ်ဆက် ပြီး အိမ်အောက်ဆင်းခဲ့သည်။ အိမ်ရှေ့တွင် ထောင်ထားသော ကျွန်တော့် စက်ဘီးပေါ် တက်ခွလိုက်သည်။

"ကြိုးတွေလည်း အပိုဝယ်လာဦးနော်သား .."

"ဟုတ်ကဲ့ ဖေဖေ.."

ကျွန်တော်တို့သုံးယောက် စက်ဘီးကိုယ်စီဖြင့် ရွာလမ်း အတိုင်း ထွက်လာကြသည်။ လမ်းတွင် ဒေါ်မြမူက ပေတလူကို လှမ်း မေးသည်။

"ဟိတ်ကောင်ကလေးတွေ .. ကျောင်းသွားကြတော့မလို့ လား"

"ဟာ .. ဒီနေ့စနေနေ့လေ .. ကျောင်းပိတ်တယ်ဗျ .. အခု ကျွန်တော်တို့ ဂီတာသွားဝယ်မလို့ ဟီးဟီး .."

"ဟေ .. ဟုတ်လား .. နင်တို့ဝယ်ပြီးရင် ငါတို့ကိုတီးပြ"

"စိတ်သာချ .. စာဥသီချင်းတီးပြမယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပါပဲ။ ပေတလူကလည်း အာအတော်ချောင်သည့်ကောင်၊ ဒေါ်မြမူကြီးက ပြုံး၍ ကျန်နေရစ်ခဲ့သည်။ ကျွန်တော်တို့ သုံးယောက်ကတော့ မြို့ကိုရောက်ချင်ဇောဖြင့် စက်ဘီးကို ကုန်းနင်းကြသည်။ ရာသီဥတုက အေးနေသဖြင့် စက်ဘီးနင်းရသည်မှာ အရသာရှိပါသည်။ စောစောက ချမ်းစိမ့်စိမ့်ဖြစ်နေပြီး ယခုတော့ နွေးလာ၏။ မြို့သို့ရောက်သောအခါ ကျွန်တော်တို့ ဈေးရှေ့သို့ ဆက်နင်းကြသည်။

ဈေးရှေ့က စတိုးဆိုင်မှာ ဂစ်တာတွေရောင်းကုန်သည်။ ကျွန်တော်တို့ မြို့ရောက်သွားသောအခါ ထိုစတိုးဆိုင်လည်း ဖွင့်နေလေပြီ။

"ဦးလေး . . ကျွန်တော်တို့ ဂစ်တာဝယ်ချင်လို့ . . ဘယ်ဈေး လဲ"

ဦးလေးကြီးက ကျွန်တော်တို့ စောစောစီးစီး ဈေးဦးလာဖောက်သဖြင့် ကျေနပ်သွားပုံရသည်။

"လာကွ . . ဈေးကတော့ အစားစားပဲ . ."

ကျွန်တော်ကတော့ သူချပေးသော ဂစ်တာတွေကို တီးမကြည့်ဘဲ အကွဲအပြဲ အနာအဆာဖါမပါသာကြည့်လိုက်မိသည်။ ဦးလေးကြီးကလည်း ကျွန်တော်တို့ အခြေအနေကို ရိပ်မိသွားပြီး သူ့ပါဝင်၍ အနာအဆာမရှိသော ဂစ်တာတစ်လက်ကို ရွေးပေးလေသည်။ ဂစ်တာရွေးပြီးသောအခါ တီးခတ်နည်းစာအုပ်ကိုပါ ဝယ်ရ၏။ ပြီးတော့ ကြိုးအပိုနှစ်စုံလည်း ဝယ်လိုက်သည်။ ပလက်ထရွမ် (လက်ခတ်ပြား) ကိုတော့ အလကားရလေသည်။

ထို့နောက် ငွေချေပြီးသောအခါ ကျွန်တော်တို့ ရွာသို့ပြန်လာခဲ့ကြသည်။ ရွာအဝင်ဝမှာ ကလေးတွေက ကျွန်တော်တို့ အုပ်စုကို တွေ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ဟေး . . ကိုကြီးတို့အဖွဲ့ ဒုံမင်းကြီးဝယ်လာတယ်ကွ . ."

"ဘယ်ကလာ ဒုံမင်းကမှာလဲ . . မယ်ဒလင်ပါ . ."

"မဟုတ်ဘူးကွ . . ဒါဂစ်တာပဲ . ."

ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးထားသော ကျွန်တော့် ကျောပေါ်မှ အရာဝတ္ထုသည် သူတို့အတွက် ပဟေဠိဖြစ်နေလေသည်။

ကျွန်တော်သည် စက်ဘီးကို အိမ်သို့သာတန်း၍ နင်းခဲ့သည်။ အိမ် ရောက်သောအခါ ကျွန်တော်စက်ဘီးပေါ်မှ ဆင်းသည်။ မိုးသီးတို့နှင့်အတူ အိမ်ပေါ်သို့တက်သည်။ ကျွန်တော့်အိမ်ရှေ့မှာ ကလေးတွေ အုံပြီးရောက်လာကြ၏။

"ဖွင့်ကွာ . . စမ်းဆွဲ . . တီးကြည့်ရအောင် . ."

ပလတ်စတစ်အိတ်ထဲမှ ထွက်လာသော ဂစ်တာကြီးက ခံ့ညားနေသည်။ အရောင်အသွေးကလည်း လှသည်။ ဒီဇိုင်းကလည်း လှသည်။ ကျွန်တော်လည်း ပီတိဖြစ်စွာဖြင့် ဂစ်တာကို ပိုက်၍ ကြမ်းပြင်ပေါ် ထိုင်ချလိုက်ပြီး ဂစ်တာကို တီးကြည့်ဖို့ပြင်လိုက်သည်။ ပလက်ထရွမ်ပြားကို ညာဘက်လက်မနှင့် လက်ညှိုးကြားတွင် ညှပ်ပြီး ဂစ်တာကိုအားရပါးရတီးလိုက် လေတော့သည်။

"ဖလပ် . . ဖလပ် . ."

"ဟင် . . ဘာဖြစ်တာလဲဟ . . အသံက ဘယ်လိုကြီးလဲ"

မေမေကလည်း ကျွန်တော်တို့ လုပ်ရပ်ကိုလာကြည့်နေ၏။

"ဒုက္ခပဲ . . ငါတို့ တီးမကြည့်ဘဲ ဝယ်လာတာမှားပြီ ထင်တယ်။ ဒီဂစ်တာကြီးက အသံအ,နေတယ် . ."

နောက်ထပ်သုံးလေးချက် တီးကြည့်လိုက်သောအခါမှာလည်း အသံက ထိုသို့သာထွက်လာသည်။ မိုးသီးက စိတ်မရှည်စွာ ကျွန်တော့်လက်ထဲမှဂစ်တာကိုဆွဲယူလိုက်ပြီး တီးကြည့်လိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖလပ် .. ဖလပ်"

"ဟ .. ဘယ်လိုဖြစ်တာလဲ .."

ကျွန်တော် ဂစ်တာကို လိုက်၍ အပြစ်အနာအဆာကြည့်မိပြန်သည်။ အပြင်မှ ကလေးတွေအသံက ဆူညံစွာထွက်ပေါ်နေလေသည်။

"ကိုကြီးတို့ ကြိုးညှိနေတာကွ .. ပြီးရင် တို့တွေကို စာဥ သီချင်းတီးပြတော့မှာ .."

"မြန်မြန်ကြိုးညှိပါတော့ဗျို့"

"ကာရာအိုကေထဲက သီချင်းတွေဆိုပြပါ"

"မင်းတို့ကြိုးတော်ထဲမှပဲ .. ဒီမှာ တီးသို့မရလို့ ဒုက္ခရောက်နေရတဲ့ကြားထဲ ဒီကလေးတွေက တစ်မျောင့် .."

ပေတာလူက စိတ်ပေါ ..ဒပါဂါမြင့် ကလေးတွေကို ထအော်သည်။ ဂစ်တာတစ်ခုလုံးကို ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့်လုပ်နေသော ကျွန်တော်လည်း ဂစ်တာကီးခေါင်းနားတွင်ရှိနေသော သားရေကွင်းကိုတွေ့လိုက်ရသဖြင့် ..

"ဒီသားရေကွင်းကြောင့်ထင်တယ် .."

ပလတ်စတစ်အိတ်ထဲမှ ဂစ်တာကို ထုတ်ယူခဲ့သော အချိန်တ လောကြီးနေသဖြင့် ထိုသားရေကွင်းကို မဖြေဘဲ ပလတ်စတစ်အိတ်ကိုသာချွတ်ယူလိုက်သဖြင့် သားရေကွင်းက ဂစ်တာကြိုးတွေပေါ်သို့ရောက်နေ လေ၏။ သားရေကွင်းကို အသာဖြေလိုက်သည်။

"တီးကြည့်စမ်းကွ .. မိုးသီး .."

မိုးသီးက အားရပါးရ တီးလိုက်၏။

"ဗျန် ..ဗျန် .. ဗျင်း"

"ဟာ .. အသံထွက်ပြီဟေ့ .."

တလေးတွေက ဝမ်းသာအားရအော်ဟစ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ကျွန်တော်တို့လည်း ဂစ်တာတစ်လုံးနှင့် တဖျင်းဖျင်း တီးကြလေတော့သည်။ ကြိုးကလည်း မညှိတတ်။ အကွက်တွေ ဘာတွေလည်း မသိသဖြင့် ကိုယ်ဆော်ချင်သလိုသာ ဆော်ကြသည်။ ဟိုနှစ်ကောင်ကတော့ ပါးစပ်ကပါကြုံသလို သီချင်းတွေ ဟစ်ပြီးတီးကြ သည်။

ကျွန်တော်တို့၏ အဖြစ်ကို ကလေးတွေကတော့ အလွန်ပင် သဘောကျနေကြလေသည်။ အချိန်အ တော်ကြာသောအခါ ကျွန်တော်တို့ သာမက မေမေကလည်း နားငြီးလာလေသည်။ သည် တော့ ခဏနားကြပြန်သည်။ မိုးသီးနှင့်ပေတလူက နေ့လယ် ရောက် သောအခါ သူတို့၏ အိမ်သို့ ထမင်းပြန်စားကြ၏။ ကျွန်တော်လည်း ထမင်းစားရင်းနှင့် ဂစ်တာတီးခတ် နည်း စာအုပ်ကိုဖတ်နေမိသည်။

အဓိက ပြဿနာမှာကြိုးညှိခြင်းပင်ဖြစ်နေသည်။ စာအုပ် ထဲမှာ ရေးထားသည်ကို လုံးဝနားမလည်ပါ။ တစ်ကြိုးကိုတင်းပြီး E သံအဖြစ် ထားရမည်ဟုဆိုသည်။ ထို E သံဆိုသည်ကို ကျွန်တော် နားမလည်ပါ။ စာအုပ်ကိုဖတ်ရင်း ဖတ်ရင်းနှင့် ကျွန်တော် ချွေးတွေ နည်းနည်းပျံလာသည်။ ဂစ်တာတီးတတ်ဖို့ အရေးသည် အလွန်ပင်ခ က်ပါသည်ဟု စတင်နားလည်လာလေသည်။

ညနေရောက်သောအခါ ဖေဖေက ဆေးရုံမှ ပြန်ရောက်လာ သည်။ပြီးတော့ အိမ်ရှေ့ဧည့်ခန်းထဲက ဆက်တီခုံပေါ်မှာ တင်ထား သော ကျွန်တော့် ဂစ်တာကြီးကိုကြည့်ပြီး ပြုံးလေသည်။

"ဘယ့်နှယ်လဲကွ . . အတော်တီးတတ်ပြီလား . ."

"မရသေးဘူး ဖေဖေ . . ကြိုးတောင်ညှိလို့ မရသေးဘူး"

"တဖြည်းဖြည်းတော့ ဖြစ်လာမှာပါ သားရယ် . .။ စာအုပ် ကို သေသေချာချာရှင်းအောင်ဖတ်ကြည့် ဟုတ်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ညရောက်သောအခါ ပေတလူတို့ရောက်လာကြသည်။ ဆောင်းညသည် အေးစိမ့်နေလေပြီ။

"တို့ကောက်ရိုးပုံမှာ သွားတီးကြမယ်ကွာ .."

ကျွန်တော်ကတော့ တစ်စုံတစ်ခုကို စဉ်းစားနေမိသည်။

"တို့ရွာမှာ ရွာအလယ်ပိုင်းက ဖိုးထောင်ဆီမှာတော့ ဂစ်တာရှိဖူးတယ်ကွ ..။ ဒါပေမယ့် အခုတော့ ဒီကောင့်ဂစ်တာကို သူ့အဖေ ရိုက်ခွဲလိုက် လို့မရှိတော့ဘူး ..။ ငါစဉ်းစားနေတာက ဒီကောင်များ နည်းနည်းပါးပါး တီးတတ်မလားလို့ .. သွားသင်ခိုင်းရင်ကောင်း မလား .."

"လုပ်မနေနဲ့ဟေ့ကောင် .. ဒီကောင့်အကြောင်း ငါသိတယ် ..။ ဘာမှလည်း မတီးတတ်ဘဲ .. တဗျင်းဗျင်းပဲ လုပ်နေတဲ့ကောင် ..။ နေဦးကွ ဆံပင်ညှပ်ဆိုင်က ကိုတင်အောင်ဆီသွားမေးတာတမ့် ကောင်းဦးမယ်"

"ကိုတင်အောင်က မယ်ဒလင်ပဲ တီးတတ်တာပါကွာ ..။ ဂစ်တာ တော့မရပါဘူး"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ .. သူက ဂီတသမားဆိုတော့ တီးမိ ခေါက်မိတော့ရှိမှာပဲ .. သွားမေးကြရအောင် .."

ကျွန်တော်တို့တွေ ဂစ်တာပိုက်ပြီး ကိုတင်အောင်၏ ဆံသဆိုင်သို့ရောက်သွားလေသည်။ ကိုတင်အောင်ကို ဆိုင်ရှေ့က သစ်သားထိုင်ခုံတလေးမှာ တွေ့ရလေသည်။ သူ့ဘေးမှာ ကိုကြီးတင့်က ထိုင်နေသည်။

"ဟေ့ကောင်တွေ ဘာကြီးလဲကွ .."

သူတို့ထိုင်နေသည့် နေရာက နည်းနည်းမှောင်နေသဖြင့် ကျွန်တော်ထမ်းလာသောအရာကို သူတို့မသိကြပါ။ အနီးရောက်မှ ဂစ်တာကြီးမှန်းသိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"စစ်ဆွေ . . မင်းဂစ်တာဝယ်လိုက်တယ်ဟုတ်လား . . မယ်ဒလင်ဝယ်လိုက်ပြီးရောကွာ . . နေပါဦး မင်းတို့တီးတတ်ပြီလား"

"မတီးတတ်လို့ အစ်ကို့ဆီလာတာပေါ့ဗျ . . ကျွန်တော်တို့ ဒါကြီးကို ကြိုးတောင်မညှိတတ်ဘူး . . ဒါနဲ့ E သံဆိုတာ ဘာလဲဟင် . ."

"အီးသံဟုတ်လား မင်းကလည်း ဒါလေးတောင်မသိဘူးလား ဘူတို့ ဘွတ်တို့ ဗျစ်ဗျစ်တို့ပေါ့"

"ဟာ ကြိုးညှိနည်းက E သံကိုပြောတာဗျ . ."

"အင်း . . ငါလည်း ဂစ်တာကြိုးညှိနည်းကို မသိဘူး . . ။ ပြီးတော့ တီးနည်းကိုလည်း မသိဘူး"

ကိုတင်အောင်သည် ပြောရင်းဆိုရင်းဖြင့်ပင် ကျွန်တော့်ဂစ်တာကို ကြိုးစညှိနေသည်။ သူတို့နှစ်ယောက်ထိုင်နေသော ခုံတန်းကလေးကကျဉ်းသဖြင့် ကျွန်တော်တို့ သုံးယောက် သူတို့ရှေ့ မြေပြင်မှာပဲ ဆောင့်ကြောင့်ထိုင်ချလိုက်ကြသည်။ ကျွန်တော်ကတော့ ကိုတင်အောင်ကြိုးညှိနေသည်ကို စိတ်အားထက်သန်စွာဖြင့် ကြည့်နေမိလေသည်။

ထိုအခိုက်မှာပင် ကိုတင်အောင်က လက်သံစမ်းလိုက်၏။

"တူနယ် . . တဲ့နယ် . . တူနယ် . . တဲ့နယ် . ."

ကျွန်တော် ကိုတင်အောင်ကို လုံး၀ အထင်ကြီးသွားမိလေသည်။ သည်လူကြီးသည် ဂီတသမားကြီးပေပဲ။ မည်သည့်တူရိယာကိုမဆို ကျွမ်းကျင်နေသည်ပဲ။

"နေညိုချိန်တိမ်တောက်တဲ့အခါ ရွာလမ်းနံဘေးမှာ စာဥတို့သူငယ်ချင်းတွေ ရေခပ်ဆင်းလို့လာ"

ဒုက္ခပါပဲ ကျွန်တော် ဘယ်လိုမှ မျှော်လင့်မထားသေး သီဆို



www.burmeseclassic.com

www.burmeseclassic.com



သံနှင့်အတူ ကိုတင်အောင်က ဂစ်တာကိုမယ်ဒလင်လို လုပ်တီးလေတော့သည်။ တိတ်ဆိတ်သော ဆောင်းည၏ညဥ့်ယံတွင် ကျွန်တော့်ဂစ်တာသံသည် လေထဲသို့ ပျံ့နှံ့သွားလေတော့သည်။

"တူနယ် .. တဲ့နယ် .. တူနယ် .. တဲ့နယ် .. သတိရလိုက်တာ စာဥရာ .."

စိတ်ပျက်လက်ပျက်ဖြင့် ကျွန်တော့်ဂစ်တာကလေးကိုသာ ကျွန်တော်ငေးကြည့်နေမိလေသည်။

✿✿✿

www.burmeseclassic.com

www.burmeseclassic.com

(၂)

စက်ဘီးသော့ကိုဖွင့်လိုက်ပြီး ကျွန်တော်စက်ဘီးပေါ် ခွတက်လိုက်သည်။ ကျောင်းချိန်နောက်ကျနေလေပြီ။ ကျောင်းတက်ဖို့ ဆယ်မိနစ်လောက်ပဲလိုတော့သည်။ ကျွန်တော့်အိမ်မှကျောင်းသို့ရောက်ရန် မိနစ် ၂၀ လောက် စက်ဘီးနင်းရသည်။ မထူးတော့သဖြင့် စက်ဘီးကိုကြုံးနင်းပြီး အိမ်ရှေ့မှထွက်ခဲ့သည်။ တဖြည်း ဖြည်းနှင့် ရွာအလယ်ပိုင်းသို့ရောက်လာသောအခါ စက်ဘီးဘေးမှာ ကုန်းကုန်းကလေး အလုပ်ရှုပ်နေသော သီသီ့ကိုတွေ့လိုက်ရလေသည်။

"ဟာ . . အတော်ပဲ စစ်ဆွေ . . ။ ငါ့စက်ဘီး ချိန်းကြိုးပြုတ်သွားလို့ဟ ဘယ်လိုလုပ်မလဲ . ."

စက်ဘီးချိန်းပြုတ်သွားလို့ကတော့ ဘာမှလုပ်၍မရတော့ပါ။ စက်ဘီးပြင်ဆိုင်မှာ သွားပြန်ဆက်ခိုင်းဖို့ပဲရှိတော့သည်။ ကျွန်တော်သူမဘေးမှာ စက်ဘီးကို ရပ်လိုက်ပြီး သူမ၏စက်ဘီးကို သွားကြည့်လိုက်၏။ ချိန်းကြိုးအဆက်နေရာက ပြုတ်သွားခြင်းဖြစ်ပြီး ထီးလစ်ကလေးတစ်နေရာမှာ ပြုတ်ကျကျန်ခဲ့ပုံရလေသည်။

တော်ဝင်မြူမကဘာဝဲ့အိုက်

www.burmeseclassic.com

www.burmeseclassic.com



"မရတော့ဘူး .. ဆိုင်မှာသွားပြီး ဆက်မှရတော့မယ်"

"ဟင် .. ဒါဆို ဘယ်လိုလုပ်မလဲ စစ်ဆွေ .. စက်ဘီးဆိုင်ကို ပြန်သွားဖို့ကလည်း အဝေးကြီး။ နောက်ပြီး ကျောင်းကလည်း နောက်ကျတော့မယ် .."

"နင် ကျောင်းမတက်နဲ့တော့ပေါ့ဟာ .. ငါဆရာမကို ပြောလိုက်မယ်.."

"ဘယ်ဖြစ်မလဲဟဲ့ .. စာငွေတွေနောက်ကျကုန်မှာပေါ့ .."

"ဘာဖြစ်လဲဟာ တစ်ရက်တလေပဲ.."

"စစ်ဆွေ .. နင် ငါ့ကို စက်ဘီးနဲ့ တင်နင်းဟာ .. ကျောင်းကိုတော့ အပျက်ခံလို့မရဘူး"

"နင့်ကို ငါက စက်ဘီးပေါ်တင်နင်းရမယ် ..။ မဖြစ်နိုင်ပါဘူးဟာ .. ငါ့စက်ဘီးက ကယ်ရီယာမပါဘူးဟ .."

သီသီသည် ကျွန်တော့်စက်ဘီးကို လှမ်းကြည့်ပြီး အကြံအိုက်သွား ပုံရလေသည်။ ပြီးတော့ တစ်စုံတစ်ခုကိုလည်း ဆုံးဖြတ်လိုက်ပုံရသည်။

"ကိစ္စမရှိပါဘူးဟာ .. ငါရှေ့ဘားတန်းမှာပဲ ထိုင်လိုက်မယ်.. တို့စာစစ်တန်းတည်းသားတွေပဲ .. မောင်နှမတွေပဲ .."

"ဒါဆို နင့်စက်ဘီးဘယ်လိုလုပ်မလဲ.."

"ငါ .. ဒေါ်မြမူအိမ်မှာ အပ်ထားခဲ့မယ်ဟာ ..ညနေမှ ဝင်ယူမယ်.."

သူမသည် ချိန်းကြိုးပြတ်နေသော သူမ၏ စက်ဘီးကလေးကို ဒေါ်မြမူ၏ အိမ်ရှေ့သို့တွန်းသွားသည်။ ခဏနေတော့ ကျွန်တော့်ဆီပြန်ရောက်လာသည်။

"လာသွားရအောင်ဟာ .. အချိန်တောင်နောက်ကျနေပြီ"

ကျွန်တော်က သူမ ဘားတန်းပေါ်တက်နိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘယ်ဘက်လက်ကို လက်ကိုင်ပေါ်မှ ဖြုတ်ပေးလိုက်သည်။ သီသီက ကျွန်တော့်ရှေ့ရောက်လာပြီး ဘားတန်းပေါ်တင်ပါးလွှဲဝင်ထိုင်သည်။ စက်ဘီးလက်ကိုင်ကို ကျွန်တော်ပြန်ကိုင်လိုက်သောအခါ သီသီက ကျွန်တော့်ရင်ခွင်ထဲရောက်နေတော့သည်။

ကျွန်တော် ဟန်ကျနေသော်လည်း သိပ်တော့မသက်သာပါ။ သီသီက လူကောင်ထွားသဖြင့် သူမ၏ကိုယ်ကြီးကို မနည်းပင်တင်နင်းနေရသည်။ အထူးသဖြင့် ကုန်းတက်တွေဆိုလျှင် ပိုဆိုးသည်။

"သီသီ . ."

"ဟင် . ."

ကျွန်တော်က သူမ၏အမည်ကို ခေါ်လိုက်ရာ သူမက ကျွန်တော့် ဘက်လှည့်ကြည့်သဖြင့် သူမ၏ပါးကို ကျွန်တော် နမ်းလိုက်သလိုဖြစ်သွားသည်။ သူမ၏ပါးက သနပ်ခါးနံ့ကလေးက ကျွန်တော့်နှာခေါင်းထဲတွင် သင်း၍ကျန်ခဲ့လေသည်။

"နင် ညနေကျရင်ရော ဘယ်လိုလုပ်မလဲ. ."

"ငါအေးမိတို့ စက်ဘီးနဲ့ ကပ်လိုက်မယ်လေ . ."

"နင့်ကိုယ်ကြီးကို သူတို့နိုင်ပါ့မလား . ."

"နင်က ငါ့ကိုတင်နင်းချင်လို့လား . ."

"မဟုတ်ပါဘူး"

သီသီ့ပါးကို ကျွန်တော် နမ်းသလိုဖြစ်သွားမိသဖြင့် ကျွန်တော် ရင်တွေခုန်သွားပါသည်။ သီသီသည် ကျွန်တော်တို့ ကျောင်းတွင် အလှဆုံး ဖြစ်လေသည်။ သီသီသည် လှသလို စာလည်းတော်ပါသည်။

"သူလည်း တင်မနင်းချင်ဘဲနဲ့ လျှောက်မေးနေသေးတယ်"

ကျွန်တော် ပြုံးလိုက်မိလေသည်။ ခြေသလုံးတွေ နည်းနည်းညောင်းလာသည်။ ကျွန်တော်စကားမပြောဖြစ်တော့။ စက်ဘီးကို



www.burmeseclassic.com

www.burmeseclassic.com



ကြုံးနင်းနေရ၏။ လမ်းအကွေ့တစ်ခု၌ တစ်စုံတစ်ခုကို သတိရ၍ သီသီ့ကို ခေါ်လိုက်မိပြန်သည်။

"သီသီ . ."

"ဘာပြောမလို့လဲ . . ပြောလေ . ."

"ဩော် . . ဒီလိုပါဟာ . . လဆန်းရက်ကျရင် တို့ရွာမှာ အငြိမ့်ပွဲရှိတယ်ဟ . . မနှစ်က ကသွားတဲ့အငြိမ့်ပဲလေ . . ."

"ဟုတ်လား . . ကောင်းတာပေါ့ဟဲ့ . . ဒါပေမယ့် သေချာလို့လား . . နင် ဘယ်ကကြားခဲ့လို့လဲ . ."

"ငါ့အဖေညက ဥက္ကဋ္ဌအိမ်မှာ အစည်းအဝေးသွားတက်တယ်ဟ သူတို့ အဲဒီကိစ္စဆွေးနွေးကြတယ် . . နင် အဲဒီအငြိမ့်ကြည့်မှာလား"

"စာမေးပွဲတွေ နီးပြီဟ . . စာကျက်ရဦးမယ် . . ။ ကြည့်လည်း တစ်ရက်ပဲပေါ့ . ."

ကျွန်တော် စကားမပြောဖြစ်တော့ပါ။ တဖြည်းဖြည်းနှင့် ကျောင်းနှင့်နီးလာသည်။ ကျွန်တော့်အကျီတွင် ချွေးတွေနည်းနည်းစို့ လာသည်။ ကျောင်းဝင်းတံခါးက ဖွင့်ထားဆဲမို့ ကျွန်တော် ကျောင်း ဝင်းထဲသို့ စက်ဘီးကို ချိုးချလိုက်သည်။

"စစ်ဆွေ . . ဒီမှာပဲ ရပ်လိုက်တော့ . . ။ ငါဒီမှာပဲ ဆင်းပြီး လမ်းလျှောက်သွားမယ် . ."

"ဘယ့်နှယ်ဖြစ်ရပြန်တာလဲ . . ။ ကျောင်းအပေါက်ဝထိနင်း မယ်လေဟာ . . ပိုမြန်တာပေါ့ . ."

"ရပ်မှာသာရပ်စမ်းပါဟယ် . . ။ စကားကြောကို ရှည် တယ် . ."

ကျွန်တော့် စက်ဘီးကို ရပ်လိုက်သောအခါ သူမက စက်ဘီး ပေါ်မှ လျှောဆင်းသည်။ ကျွန်တော် တစ်စုံတစ်ခုကို နားလည်လိုက်

www.burmeseclassic.com

www.burmeseclassic.com



မိပါသည်။ သီသီသည် ကျွန်တော့်စက်ဘီးနှင့်အတူ လိုက်လာသည်ကို သူများတွေ တွေ့သွားမှာ ရှက်ပုံရလေသည်။ သူမစက်ဘီးပေါ်မှဆင်း သွားသောအခါ ကျွန်တော်တစ်ယောက်တည်း စက်ဘီးစီးပြီး ကျောင်း ရှေ့သို့ သွားလိုက်သည်။ ပြီးတော့ စက်ဘီးတွေထားသည့်နေရာမှာ စက်ဘီးကိုရပ်၍ သော့ခတ်သည်။

ကျောင်းတံခါးဝသို့ ရောက်သောအခါ ဆရာကြီးက ကျွန်တော့်ကို စောင့်နေသဖြင့် ကျွန်တော် ထိတ်လန့်သွားမိသည်။ ခါတိုင်းတော်ရုံတန်ရုံ နောက်ကျလျှင် ဆူလေ့မရှိသော်လည်း ယနေ့ တော့ ကျွန်တော် အတော်ပင်နောက်ကျနေလေသည်။

"ကဲ . . ကဲ . . ဝင်ဝင် . . ဟိုနောက်က တစ်ယောက်လည်း မြန်မြန်လာ။ မင်းသမီး လမ်းလျှောက်သလို လာမနေနဲ့ . ."

သီသီ့ကိုလည်း လှမ်းအော်လိုက်သဖြင့် သီသီက ခပ်ပြေး ပြေးလေး လာနေသည်။

"ဘာတွေ အလုပ်ရှုပ်နေလို့ ဒီလောက် နောက်ကျကြတာလဲ ပြော"

ဆရာကြီးသည် ကျွန်တော်တို့နှစ်ယောက် စက်ဘီးတစ်စီး တည်း စီးလာသည့်အဖြစ်ကို မြင်သွားပုံရလေသည်။

"မဟုတ်ပါဘူး ဆရာကြီး . . ။ ကျွန်တော်က အိမ်မှာ အိမ် အလုပ်တွေ ကူလုပ်ပေးနေရလို့ပါ. ."

အမှန်ကတော့ ကျွန်တော် လိမ်လိုက်ခြင်းပင်ဖြစ်သည်။ ဂစ်တာကြိုး ညှိနည်းကို နည်းနည်းသဘောပေါက်သွားပြီး ကြိုးစား၍ ညှိသည်။ ပြီးတော့ ကော့ဒ်တွေကို ကိုင်ကြည့်နေသည်မှာ သုံးလေး ကော့ဒ်ပင်ရလေပြီ။ ကျောင်းလာခါနီးအချိန်၌ ဂစ်တာအတီးကောင်း နေသဖြင့် ကျောင်းနောက်ကျရခြင်းကို အမှန်အတိုင်းပြော၍ မဖြစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက စက်ဘီးချိန်းကြိုးပြတ်သွားလို့ပါ ဆရာကြီး . . အဲဒါ သူ့စက်ဘီးနဲ့ ကပ်လိုက်ခဲ့ရလို့ပါ . ."

ဆရာကြီးက ကျွန်တော်တို့နှစ်ယောက်ကို မသက်ာသလို ကြည့်သည်။ ဘာမှတော့မပြော။

"အေးကောင်းပြီ . . နောက်ကို ကျောင်းချိန်ကို ဂရုစိုက်ကြ . . ၊ စည်းကမ်းကို လေးစားကြ . . ။ ကျောင်းနောက်ကျတာကို ခွင့်ပြုလိုက်ရင် ကျောင်းတစ်ကျောင်းလုံး အကုန်နောက်ကျကုန်လိမ့်မယ်ကြားလား . . ။ ကဲ . . မင်းတို့နှစ်ယောက် လက်ဝါးဖြန့်ကြ . ."

ဆရာကြီးက ပေတံဖြင့် ကျွန်တော်တို့ နှစ်ယောက်၏ လက်ဝါး တွေကို ရိုက်ထည့်သည်။ ကျွန်တော်က ဘာမှမဖြစ်သော်လည်း သီသီကမျက်နှာကလေးပျက်နေသည်။ ဆရာကြီးကကျွန်တော်တို့ကိုရိုက်ပြီး လက်နှစ်ဖက်နောက်ပစ်၍ ထွက်သွားမှ ကျွန်တော်တို့ နှစ်ယောက်လည်း စာသင်ခန်းရှိရာသို့သွားကြသည်။

မြန်မာစာ ဆရာမတစ်ဦးလည်းဖြစ်ပြီး အတန်းပိုင်ဆရာမလည်း ဖြစ်သည့် ဒေါ်ဝင်းဝင်းမြင့်ကို ခွင့်တောင်း၍ ကျွန်တော်တို့ အတန်းထဲသို့ ဝင်ခဲ့ကြသည်။ ဆရာမသည် စာသင်နေလေပြီ။

"ဟေ့ကောင် စစ်ဆွေ . . နောက်ကျလှချည်လား . ."

"အေးကွ . . ငါ့စ်တာ အတီးကောင်းနေတာနဲ့ ကျောင်းချိန်ကို သတိမေ့သွားတယ် . ."

"မင်းနဲ့ သီသီအတူလာတာလား . ."

"သူ့စက်ဘီးပျက်နေလို့ ငါပဲ တင်နင်းလာတာ ဟဲဟဲ . ."

သည်ကောင်တွေ မျက်လုံးအပြူးသားဖြစ်ကုန်သည်။စာသင်နေချိန်ဖြစ်၍ ကျွန်တော်တို့ စကားများများပြောရန် အခွင့်အရေးမရကြပါ။ ဆရာမသည် စာသင်ချိန်၌ စကားပြောလျှင် အလွန်မေးစိတ်ဆိုးလေ့ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမတို့ မြန်မာစာမှာ စကားပြေဟာ အရေးကြီးသလို ကဗျာဟာလည်း အရေးကြီးတယ် . . ။ တို့နိုင်ငံမှာသာ ကဗျာကိုလူတွေက သိပ် တန်ဖိုးမထားတတ်ကြတာ . . ။ ပြင်သစ်နိုင်ငံမှာဆို လူတိုင်းဟာ ကဗျာကိုသိပ်တန်ဖိုးထားကြတယ် . . ။ အခမ်းအနားကြီးတွေမှာ ကောင်းမှ ကဗျာတွေကို လေးလေးစားစားနဲ့ ရွတ်ဖတ်ကြတယ်။ အဲဒီလို ရွတ်ရတာကိုလည်း သိပ်ဂုဏ်ယူလေ့ရှိကြတယ်။ တို့နိုင်ငံမှာလည်း ပြောင်မြောက်လှပတဲ့ ကဗျာတွေ အများကြီးရှိခဲ့တယ်။ စစ်မဖြစ်မီအချိန်နဲ့ စစ်ပြီးနောက်ပိုင်းမှာလည်း ကဗျာတွေ ပေါ်ထွန်းခဲ့ကြတယ်"

ကျွန်တော်သည် ဆရာမ စာသင်နေသည်ကိုငြိမ်၍ နားထောင်နေမိ၏။ တစ်တန်းလုံးလည်း ငြိမ်နေသည်။

"ဟော့ကောင် . . စစ်ဆွေ ငါမင်းကို ကဗျာတစ်ပုဒ်စပ်ပြမယ် နားထောင်မလား . . "

ဆရာမအဆူခံရမည်စိုးသဖြင့် မိုးသီးကို ကျွန်တော် ဘာမှပြန်မပြောမိ။ သည်ကောင်က စိတ်လိုလက်ရနှင့် ကဗျာတစ်ပုဒ်ကောက်စပ်သည်။

"တရုတ်ကြီးတစ်ယောက်ဟာ . . သရက်ပင်အောက်မှာ . . သရက်သီးစားရင်း . . သရဲခြောက်ခံရတယ် . . "

ရှေ့တန်းက ကောင်မလေးတွေ ကျွန်တော်တို့ အုပ်စုကို လှည့်ကြည့်ကြပြီး ပြုံးစိစိနဲ့ ဖြစ်ကုန်ကြသည်။ ကျွန်တော် မနေနိုင်တော့သဖြင့် မိုးသီးကို ခပ်တိုးတိုးပြောလိုက်မိသည်။

"မင့်ကဗျာက တိုးလို့တန်းလန်းကြီး ဘာမှလည်းအဓိပ္ပာယ်မရှိဘူးကွ . . နောက်ပြီး ဘာကာရန်မှလည်း မပါဘူး . . "

"အဲဒါခက်တာပေါ့ကွ . . ကဗျာဆိုတာ ကာရန်ပါမှ ကဗျာဖြစ်မယ်လို့ ဘယ်သူပြောသလဲ . . နေဦး ငါ့ကဗျာက မပြီးသေးဘူး"



www.burmeseclassic.com

burmeseclassic.com

"ကုလားကြီးတစ်ယောက်ဟာ သကြားသွားဝယ်ရင်း . . သစ်သီးတွေတွေ့လို့ . . သူ့သမီးကို သတိရသွားတယ် . ."

မိုးသီးဆက်မှတ်သည့် ကဗျာအတွက် ကျွန်တော် မျက်မှောင် ကြုတ်သွားမိလေသည်။

"မင်္ဂလာဗျာကို စကားမပြီးတဲ့လူတွေ . . တန်[illegible] ပြီးတဲ့ လူတွေကို မေးရှုတ်နိုင်းဖို့ကောင်းတယ် . . ။ အဲဒါ[illegible] ဖြစ်လာ လိမ့်မယ်ကွ တရှုတ်ကြီးတစ်ယောက်ဟာ . . တရု[illegible] အောက်မှာ တရုတ်တီးစားရင်း တရဲခြောက်ခံရတယ် . . ။ ကုလားကြီးတစ် ယောက်ဟာ တကြားတွေ့သွားဝယ်ရင်း . . [illegible]တွေတွေ့လို့ တုတမီး ကို အတိရတွားတယ် . ."

ရွှေတန်းက ကော[illegible]တွေ ဝိုင်းရယ်လိုက်ကြသည်။ ဆရာမသည် စာသင်[illegible] ရယ်သံစပ်အုပ်အုပ်ထွက်လာသဖြင့် ကျွန်တော်တို့အုပ်စု[illegible] လှမ်းကြည့်လေသည်။

"ဟဲ . . [illegible]တို့ အုပ်စု စကားထပါပြီး . ."

[illegible]တော်တို့ သုံးယောက်မတ်တပ်အရပ်လိုက်ကြသည်။ ဆရာမ[illegible] ကျွန်တော်တို့ရှိရာသို့ လျှောက်လာနေ၏။

"[illegible] . . ပြောပါဦး ဘာတွေဟာသတွေတွေ့ပြီး ရယ်နေကြ [illegible]"

"ကျွန်တော်တို့ ဘာမှမလုပ်ပါဘူး ဆရာမ . ."

"ဆရာမကို မှန်မှန်ပြော . . မလိမ်နဲ့ . ."

သည်တော့ မိုးသီးက မနေနိုင်တော့။

"ကျွန်တော်ကဗျာစပ်တာကို ဝိုင်းဟားကြတာ ဆရာမ . . သူတို့ မိန်းကလေးတွေလည်းပါတယ် . ."

"ဒါဆို . . မိန်းကလေးတွေလည်း မတ်တပ်ထရပ်စမ်း"

www.burmeseclassic.com



"မဟုတ်ဘူး ဆရာမ သမီးတို့မပါဘူး . .။ သူတို့ပြောတာကြားလို့ ရယ်ရှုရယ်မိတာပါ"

ဆရာမသည် မျက်နှာနည်းနည်းနီလာသည်။

"ဪ . . မင်းတို့က ကဗျာသိပ်စပ်ချင်နေတယ်ပေါ့ ဟုတ်လား။ ဆရာမ စာသင်တာကိုတောင် စိတ်မဝင်စားဘူးပေါ့ ဟုတ်လား . .။ အေး ကောင်းပြီ . . မင်းတို့သုံးယောက်စလုံး ရှေ့ကိုထွက်စမ်း . . သွား . . ကျောက်သင်ပုန်းမှာ ကဗျာသွားရေး . ."

ကျွန်တော်တို့ ထုံပေပေလုပ်နေသဖြင့် ဆရာမက ကျွန်တော်တို့ကို ကြိမ်လုံးနှင့်ရွယ်သည်။ သည်တော့မှ ကျွန်တော်တို့ အရှေ့ကို ထွက်လာခဲ့ကြသည်။ ဆရာမက ကျွန်တော်တို့နှင့် အတူလိုက်လာပြီး မြေဖြူခဲ တစ်ခဲစီပေးသည်။

"ကဲ . . မင်းတို့သုံးယောက်တစ်နေရာစီ ရပ်နေ . . ပြီးရင် ဆရာမပြောတဲ့ အကြောင်းအရာကို ကဗျာစပ်ရမယ် . ."

ဆရာမသည် တစ်ချက်စဉ်းစားလိုက်ပြီး စပ်ရမည့်အကြောင်း အရာကိုပြောပြသည်။

"မိုးဥတုကိုဖွဲ့ဆိုထားတဲ့ ကဗျာကို စပ်ရမယ် . .။ဘာတွေပါရမလဲ ဆိုရင် ပန်းတွေပါရမယ် . .။ မိုးသားမိုးတိမ်တွေပါရမယ် . .။ မိုးရွာတာပါ ရမယ် . .။ ဖားအော်သံတွေပါရမယ် . . လျှပ်စီးလက်တာတွေပါရမယ်. . ကလေးတွေ မိုးရွာထဲမှာ ရေချိုးတာပါရမယ် . . ကဲ . . စစပ်ကြတော့"

ဒုက္ခပါပဲ။ ပြဿနာတော့ တက်လေပြီ။ သည်ကောင် မိုးသီး မဟုတ်တရုတ်တွေ လျှောက်ပြော၊ လျှောက်အော်ချောင်သဖြင့် ကျွန်တော်တို့ပါ ဒုက္ခရောက်ရလေပြီ။ ကျွန်တော်လည်း မစပ်ရင် မဖြစ်တော့သော အခြေအနေကိုရောက်နေသဖြင့် ကဗျာစပ်ရန် ဆရာမချပေးသောအချက်တွေကို ပြန်စဉ်းစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ စိတ်ကူး၍ရသလောက် ကဗျာကို ချရေးလိုက်သည်။

-သိကြားမင်းကြီး ဒေါ်ပွလာ
မိုးတွေက ရွာ . . ။
-မိုးတိမ်တွေက ညိုမည်း
ဖားအော်သံက မစဲ။
-ကလေးတွေ ဆော့လို့ အသံညီ
လှျပ်စီးတွေက လက်နေပြီ။
-ခွေးသေးပန်းတို့ ပွင့်ကြမစဲ
မိုးရာသီရဲ့ မြင်ကွင်းပဲ

နောက်ဆုံးအပိုဒ်ကို ရေးချလိုက်သောအခါ အတန်းထဲက အသံတွေ ဆူညံကုန်၏။ အချို့အသံတွေက ရယ်သံတွေဖြစ်ပြီး အချို့အသံတွေကတော့ ချီးကျူးဩဘာပေးလိုက်သော အသံတွေဖြစ်နေပါသည်။ ကျွန်တော်လည်း မရဲတရဲနှင့် ဆရာမဘက်သို့ လှည့်ကြည့်လိုက်ရာ ဆရာမက ကျွန်တော့်ကို ပြုံးတုံ့တုံ့နှင့် ကြည့်နေသဖြင့် ကျွန်တော် စိတ်သက်သာရာ နည်းနည်းရသွားပါသည်။

ပေတလူကတော့ ဃခုထိ တစ်လုံးမှမစပ်နိုင်သေး။ ခေါင်းကို ကုတ်၍ စဉ်းစားနေသည်။ မိုးသီးကတော့ စဉ်းစားလိုက်၊ ချရေးလိုက် လုပ်နေသည်။

"ပေတလူနဲ့ စစ်ဆွေ . . ကိုယ့်နေရာ ကိုယ်ပြန်သွားတော့ . ."

ကျွန်တော်တို့နှစ်ယောက် ကိုယ့်နေရာကိုယ်ရောက်သည်အထိ မိုးသီးက ကဗျာစပ်လို့မပြီးသေး။ ခဏနေတော့ ဗီကောင်ပြီးသွားလေသည်။ ကျွန်တော်တို့ စိတ်ဝင်စားသွားပြီး သူ့ကဗျာကိုဖတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာများကသာမက ရပ်ဝေးရွာဝေးက ဈေးသည်များလည်း ရောက်လာကြပါသည်။

ထို့ကြောင့် မျက်နှာသိ မျက်နှာစိမ်းများကိုလည်း တွေ့ကြရပါသည်။ ကျွန်တော်တို့ သုံးယောက်စလုံးသည် ထမင်းစားပြီးပြီဖြစ်ပါလျက် အမေစိုးမုန့်ဟင်းခါးဆိုင်မှာ ထိုင်ပြီး တစ်ယောက်တစ်ပွဲစီ စားကြပါသည်။ အမေစိုး၏ မုန့်ဟင်းခါးမှာလည်း ကောင်းလွန်းလှလေသည်။ ငါးနိုင်နိုင်ဖြင့် ချက်ထားပြီး အမေစိုးက မုန့်ဟင်းခါးဟင်းရည်၌ အချိုမှုန့်လုံးဝမထည့်ချေ။ အချိုမှုန့်အစား ထန်းလျက်နှစ်လုံးလောက်သာထည့်သည်ဟု မေမေက ပြောပြဖူးပါသည်။

"ဟော့ကောင်တွေ ထပ်ယူကြဦးလေ. . "

"တော်ပြီကွာ . . ဗိုက်မဆံ့တော့ဘူး"

မိုးသီးက ခါးနည်းနည်းဆန့်ရင်း ပြောသည်။ မိုးသီးဆိုလို့ ပြောရပါဦးမည်။ မိုးသီး၏ အမည်ရင်းက မိုးသီးပင်ဖြစ်သည်။ သူမွေးသည့်အချိန်က ကျွန်တော်တို့ရွာမှာ မိုးသီးတွေ ကြွေလေသည်တဲ့။ ထို့ကြောင့် သူ့အဖေနှင့် အမေက သည်ကောင့်ကို မိုးသီးပဲ ပေးလိုက်ကြသည်။ ပေတလူကျတော့ တစ်မျိုးဖြစ်သည်။ ပေတလူ့နာမည်အရင်းက တင်မောင်သန့်ဖြစ်ပြီး သည်ကောင်ငယ်ငယ်ကအတော်ဆိုးသည်ဟု ဆိုပါသည်။

သူ့ခေါင်းတွင်လည်း ဒဏ်ရာဒဏ်ချက်တွေ မနည်းပါ။ ဒါကြောင့် သည်ကောင့်နာမည်သည် ပေတလူဖြစ်သွားရလေသည်။ ဘယ်လိုကနေ့ဘယ်လို ထိုနာမည်ပေးလိုက်ကြသည်တော့မသိပါ။ တစ်ရွာလုံးလည်း ဒီကောင့်ကို ပေတလူဟုသာသိကြပြီး ကျောင်းမှာလည်း ထိုနည်းလည်းကောင်းပင်။

ကျွန်တော်ကတော့ ငယ်ငယ်က ရန်ကုန်မှဖြစ်သည်။ ကျွန်တော် လေးတန်းရောက်သောနှစ်တွင် ဖေဖေက သည်မြို့နယ်



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံ၌ တာဝန်ထမ်းဆောင်ရန်ပြောင်းရွှေ့ရသည်။ ပြောင်းရွှေ့ခါစ မှာ ကျွန်တော်တို့ ဆေးရုံအနားမှာရှိသော အိမ်တစ်အိမ်ကို ငှားနေဖို့ ကြိုးစားသေးသော်လည်း ဈေးအလွန်ကြီးသဖြင့်မနေဖြစ်ဘဲ ယခုလို ဆေးရုံနှင့် ၁၀မိုင်လောက်ဝေးသည့် ရွာကလေးမှာ အိမ်ငှားနေ ဖြစ်ခြင်းဖြစ်ပါသည်။

ကျွန်တော့်နာမည်အပြည့်အစုံမှာ စစ်ဆွေနိုင်ဖြစ်သော် လည်း မည်သူတစ်ဦးတစ်ယောက်ကမှ ကျွန်တော့်ကို နာမည်အပြည့် အစုံမခေါ်ကြ။

"ဟေ့ကောင် စစ်ဆွေ ပွဲခင်းထဲလျှောက်ကြည့်ရအောင်ကွာ"

ပေတလူက နေရာမှ တကြွကြွဖြစ်နေသဖြင့် ကျွန်တော် ပိုက်ဆံထုတ်ရှင်းလိုက်တော့သည်။ ပြီးတော့ ကျွန်တော်တို့ သုံးယောက် ပွဲခင်းထဲမှာ လတ်လျားလတ်လျားလုပ်ကြလေတော့သည်။ အတော် ကြာသောအခါ ပျင်း လာကြသည်။ ပွဲခင်းထဲကလည်း ပရိသတ်နည်း သေး၍လားမသိ၊ ဆိုင်းတွေကိုသာ စွတ်တီးနေသည်။

မဆိုးတော့လည်း မဆိုးပါ။ သည်အငြိမ့်က ရှေ့ပိုင်းမှာ စတိတ်ရှိုးပါသည်။ အငြိမ့်ထဲက မင်းသား မင်းသမီးတွေ ယိမ်းသမ တွေ အကုန်လုံး၊ ပြီးတော့ လူရွှင်တော်တွေပါမကျန် စတိတ်ရှိုး၌ သီချင်းဝင်ဆိုကြလေသည်။ ထိုသောအခါ ကျွန်တော်တို့ ကြားချင် သော ဂစ်တာသံတွေကြားရလေ့ရှိပါသည်။ လောလောဆယ်တော့ အငြိမ့်ကအတော်နှင့် စမည့်ပုံမပေါ်သေး။

"ဟေ့ကောင်တွေ ဘယ်သွားကြမလဲ . . ဒီနေရာလေးတွင် တစ်ချိန်လုံးပတ်နေရတာ ရိုးလာပြီကွာ . .။ တစ်နေရာရာ သွား ထိုင်ကြမလား"

ကျွန်တော့်အကြံပြုချက်ကို မိုးသီးကတွေ၍ စဉ်းစားနေလေ သည်။ ပြီးမှ စပ်ဖြီးဖြီးနှင့် ကျွန်တော်တို့ နှစ်ယောက်ကို ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာ အကြံအစည်တစ်ခုရှိတယ်ကွ.."

"ဆိုစမ်းပါဦး .. ဘာအကြံအစည်လဲ .."

"ဒီလိုကွ .. ဇာတ်စင်နောက်သွားပြီး မင်းသမီးတွေ အဝတ်အစားလဲတာသွားကြည့်ရအောင် .."

"ဟာ .. ဟော့ကောင် .. မင်းဘာတွေလာပြောနေတာလဲ .. ရှက်စရာကွာ .. နောက်ပြီး သူများတွေသိသွားရင်လည်း မကောင်းဘူး မင့်နှယ်ကွာ .. ကြံကြီးစည်ရာ .."

"ဩော် .. ဗဟုသုတပေါ့ကွာ .. မင်းတို့ကလည်း .."

"မင့်ဟာက ဗဟုသုတမှမဟုတ်ဘဲ .. ဗူးသုတပဲ .."

"မင်းကြီးတော်ကြီး ဗူးသုတရမှာလား .."

ကျွန်တော်တို့ ဝိုင်းဝန်းကန့်ကွက်လိုက်သဖြင့် ဇာတ်စင်နောက်သို့ သွားချောင်းရေးအစီအစဉ်မှာ ပျောက်သွားလေတော့သည်။ ထိုအခိုက်မှာပင် ပွဲခင်းထဲသို့ သီသီနှင့် သူငယ်ချင်းတစ်အုပ်ဝင်လာလေသည်။

"ဟိုမှာ သီသီတို့ အုပ်စုကွ .."

သီသီတို့အုပ်စုသည် ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားကြပါသည်။ သီသီသည် မှုနေ့ညတွင် ထူးထူးခြားခြား လှပနေသည်ဟု ကျွန်တော် ထင်ပါသည်။ သူမတို့အုပ်စုသည် ကျွန်တော်တို့ကို တွေ့သွားပြီး ကျွန်တော်တို့ ရှိရာသို့ ရောက်လာလေ၏။

"နင်တို့ပွဲမကြည့်ဘူးလား .. စစ်ဆွေ"

"အင်း .. အခုထိ စဉ်းစားလို့မရသေးဘူး ..။ တို့တွေက လူရွှင်တော်တွေ ပြက်လုံးလောက်ပဲ စိတ်ဝင်စားတာ .. မင်းသမီး တ,တာတွေကို သိပ်မခံစားတတ်ဘူး .."

"စတိတ်ရှိုးလည်း ရှိတယ်လေဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် ကြည့်ရကောင်းမလားလို့ စဉ်းစားနေတာပေါ့"

"စဉ်းစားရင်လည်း နောက်မှစဉ်းစားဟာ . . တို့အတွက် လက်မှတ် ဝယ်ပေးစမ်း"

သီသီက ကျွန်တော့်ကို ပိုင်စိုးပိုင်နင်းလာခိုင်းနေသည်။ ကျွန်တော်ကလည်း သူမတို့အတွက် လက်မှတ်ဝယ်ပေးဖို့ပြင် လိုက်ပါသည်။

"ဟော့ကောင်တွေ မင်းတို့ရော ဘယ်လိုလဲ . . ပွဲကြည့်မှာလား"

မိုးသီးက ကျွန်တော့်ကို မျက်စိမှိတ်ပြသည်။ သည်ကောင် မျက်စိမှိတ်ပြသည်ကို ကျွန်တော် ချက်ဆိုနားခွက်က မီးတောက်ပါသည်။ သီသီနှင့်အတူ ပါလာသော ကောင်မလေးသုံးယောက်ကလည်း ပြင်ဆင်ထား၍လားမသိပါ။ ရုပ်ကလေးတွေက ချစ်စရာလေးတွေဖြစ်နေ၏။ ထို့ကြောင့် သည်ကောင် ကောင်မလေးတွေအုပ်စုနှင့် ပွဲအတူကြည့်ချင်နေလေပြီ။

"တို့လည်း နင်တို့နဲ့အတူကြည့်မယ်ဟာ ဟုတ်ပြီလား . . ငါအခု လက်မှတ်သွားဝယ်လိုက်ဦးမယ် . ."

သီသီက ကျွန်တော့်ကို ပိုက်ဆံထုတ်ပေးသည်။

"ရော့ . . ဒါက ရှုံဝင်ခလက်မှတ်။ ဒါက ဖျာဝယ်ဖို့"

လက်မှတ်ရောင်းသည့်နေရာရှေ့မှာ လူက နည်းနည်းတော့ များနေလေပြီ။ ဇာတ်ရုံရှေ့မှာရှိသော ဝါးလုံးတိုင်ထက်မှလည်း စပီကာကြီးက လူခေါ်နေသည်။

"ရွှေပွဲလာပရိသတ်အပေါင်းတို့ခင်ဗျာ . . မကြာခင်မှာ ကျွန်တော်တို့ရဲ့ မိုးလုံးဟိန်းအငြိမ့်သဘင်ကြီးဟာ ရွှေပွဲလာဧည့်ပရိသတ်များကို ကပြအသုံးတော်ခံမှာဖြစ်ပါတယ်။ ယနေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



တစ်တန်းလုံးပွဲကျသွားပါသည်။ ဘယ့်နှယ်ကဘယ့်နှယ် သည် ကောင် ကြောင်သွားပါလိမ့်။ ဆရာမက ရေးခိုင်းတော့ မိုးရာသီဖွဲ့။ သည်ကောင် ရေးထားတော့ မိုးခေါင်ရေရှားဖွဲ့။ မိုးသီးသည် ကဗျာရေးပြီးသွားသောအခါ ဆရာမရှေ့မှာ အသာကလေးသွားရင် သည်။ ဆရာမသည် မိုးသီးကို ခပ်ပြုံးပြုံးကြည့်သည်။ သူ့ကို ရိုက်တော့ မရိုက်ချေ။

"မိုးသီးလည်း ကိုယ့်နေရာကိုယ်ပြန်တော့ . .။ ကဲ . . မင်းတို့ မြင်ကြတဲ့အတိုင်းပဲ သူတို့သုံးယောက်ထဲက မိုးသီးနဲ့ စစ်ဆွေ ရေးထားတဲ့ ကဗျာနှစ်ပုဒ်ကို မင်းတို့ ဘယ်လိုသဘောရကြသလဲ . ."

တစ်တန်းလုံးက ထင်မြင်ချက်မပေးရဲသဖြင့် ငြိမ်နေပါသည်။ သည်တော့ ဆရာမက တစ်ယောက်ချင်း လက်ညှိုးထိုးတော့သည်။

"မိုးစန္ဒာမြင့် . . ထပါဦးကွယ် . .။ ဒီဘက်က စစ်ဆွေ စပ်တဲ့ ကဗျာအပေါ် ဘယ်လိုသဘောရသလဲ"

မိုးစန္ဒာမြင့်က မရဲတရဲဖြေလေသည်။

"သူ့ကဗျာက ရွှေသွေးဂျာနယ်ထဲမှာပါတဲ့ ကဗျာမျိုးလို ဖြစ်နေတယ်ဆရာမ. . .။ ပြီးတော့ သူရေးထားတဲ့ ပန်းကလည်း ခွေးသေးပန်းဆိုတော့ ရွှေးစရာရှားလို့ ဆရာမရယ် . . ရှုံ့စရာကြီး"

အောင်မာ . . သည်ကောင်မလေး ကျွန်တော့်ကဗျာကို အသားကုန်ဝေဖန်နေသည်။ သူ့ရေးခိုင်းကြည့်ပါလား။ တစ်လုံးမှ တောင်ရေးနိုင်မှာမဟုတ်ဘူး။ မိုးစန္ဒာမြင့်၏ ဝေဖန်မှုအပေါ် ရယ်သံ ဝေ့ ထွက်လာလေသည်။

"အင်း ဟုတ်ပြီ . . ထိုင်နိုင်ပြီ . .။ မင်းပြောတာမှန်ပါတယ် . . ဒါပေမယ့် လျှပ်တစ်ပြက် လက်တန်းစပ်ဆိုရေးဖွဲ့နိုင်မှုကို တို့ထည့်စဉ်းစားရမယ်ကွဲ့ . . .။ သူ့ကဗျာဟာ ဘယ်လိုပဲ ကလေးဆန် နေပါစေ . . သူ့မှာ ရတဲ့အချိန်ကလေးအတွင်းမှာ ဆရာမပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချက်တွေကို ထည့်ပြီးစပ် သွားရတာ . . ဘာပဲဖြစ်ဖြစ် ချီးကျူးရမယ် . . ။ အဲ . . သူ့ဒီကဗျာထဲမှာ ခွေးသေးပန်းကို ထည့်ရေးတာကတော့ သူ့သိပ်ကြိုက်လို့ဖြစ်ပါလိမ့်မယ်"

ရယ်သံတွေ ဝေါခနဲ ဆူညံလာလေသည်။ ဆရာမသည် လက်ကာ၍ ဆက်ပြောသည်။

"စိတ်ဆွေ . . မင်းမဆိုးပါဘူး"

ဆရာမ၏ ချီးကျူးစကားကြောင့် ကျွန်တော့်ကာစ်ကိုယ်လုံး နည်းနည်းတော့ မြောက်သွားသလို ထင်မိသည်။

"ဒီဘက်က မိုးသီးရဲ့ကဗျာကို တစ်ချက် ဝေဖန်ပါဦးကွယ် . . ။ ဝင်းမြင့်အောင် ထပါဦး . . ၊ ကဲ . . ဒီသီယိုးပီးယားက မိုးဆိုတဲ့ ကဗျာအပေါ် ဝေဖန်ပါဦးကွယ် . . "

"ကဗျာရဲ့ဦးတည်ချက်က မှားနေပါတယ် ဆရာမ . . ။ ဘာဖြစ်လို့လဲဆိုတော့ ဆရာမက မိုးရာသီဖွဲ့အကြောင်းကို ကဗျာစပ်ခိုင်းတာ သူ့ကဗျာမှာက မိုးမရွာတဲ့အကြောင်းကို ရေးထားတာဆိုတော့ တလွဲဖြစ်နေပါတယ်"

"အောင်မာ . . ဒီကောင်က ဘယ်လောက်စပ်နိုင်လို့လဲ"

မိုးသီးက ခပ်တိုးတိုးမှတ်ချက်ပြုသည်။

"ဟုတ်ပါပြီ . . ၊ ထိုင်ပါ . . ။ မင်းပြောတာ မှန်သင့်သလောက်မှန်တယ်ကွယ့်။ ဒါပေမယ့် အံ့ဩစရာကောင်းတာက မိုးသီးရဲ့အမြင်ပဲ . . ။ သူဟာ ဆရာမတို့ မမြင်နိုင်မခံစားနိုင်တဲ့ ခံစားမှုမျိုးကို သူခံစားနိုင်တယ်။ မိုးဥတုဆိုတဲ့ ခေါင်းစဉ်ဆိုတိုင်း မိုးရွာနေရမှာလား . . ။ မိုးမရွာတဲ့ မိုးဥတုရော ကမ္ဘာမှာ မရှိနိုင်ဘူးလား . . ။ သူဟာ သူခံစားရတဲ့ မိုးခေါင်ရေရှားဒေသက မိုးဥတုကို ရဲရဲတင်းတင်းရေးရဲတဲ့ သူတစ်ယောက်ဖြစ်တယ်။ သူဟာ တစ်နေ့ကြီးကျယ်အောင်မြင်တဲ့ ကဗျာဆရာတစ်ယောက်ဖြစ်လာနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်တန်းလုံး ငြိမ်ကျသွားလေသည်။ မိုးသီး သည်နေ့အိမ် အပြန်မှာ မြောက်ကြွမြောက်ကြွဖြစ်နေမှာ သေချာပါသည်။

"ဒါပေမယ့် သူတို့ဟာ ဆရာမစာသင်ချိန်မှာ သေသေ ချာချာ နားမထောင်ဘဲနဲ့ သူတို့လုပ်ချင်တာကို လုပ်နေတဲ့အတွက် သူတို့မှာ အပြစ်ရှိတယ်။ မိုးသီး .. ပေတလူနဲ့ စစ်ဆွေတို့ ခုံပေါ် တက် မတ်တပ်ရပ်နေပါ"

မြတ်စွာဘုရား .. ဆရာမကလည်း မီးစတစ်ဖက်၊ ရေမှုတ် တစ်ဖက် လုပ်နေပါလား .. ပထမတော့ ကျွန်တော်တို့ကို ချီးကျူး သည်။ ပြီးတော့ ဒဏ်ပေးသည်။ ခုံပေါ်တက် မတ်တပ်ရပ်နေရသော ကျွန်တော်တို့ သုံးယောက်ကို တစ်တန်းလုံးက ပြုံးစိစိနှင့် ကြည့်ကြလေ သည်။ ညနေကျောင်းဆင်းသောအခါ ကျွန်တော်လည်း မိုးသီးကို မနေနိုင်သဖြင့် မေးကြည့်လိုက်မိသည်။

"မင်းမဆိုးဘူးကွ။ မိုးသီး .. ဘယ်ကနေဘယ်လို ကဗျာ စပ်ဖို့ အိုင်ဒီယာရလိုက်တာလဲ .."

"ဟီးဟီး .. ဘာမှမခက်ပါဘူးကွာ ..။ ဟိုနေ့က မင်း ပြောခဲ့တဲ့ အီသီယိုးပီးယားက ခြင်ဆိုတာကနေ ဆက်စပ်ပြီး တွေး လိုက်တာ ..။ ဘာမှ ထူးထူးခြားခြားတွေးတတ်လို့ မဟုတ်ဘူး ..။ မင်းပြောတဲ့အတိုင်း အီသီယိုးပီးယားဟာ အင်္ဂတေ်ဘေးရင်ဆိုင်နေရ တာဆိုတော့ .. မိုးခေါင်မှာပဲလို့ တွက်ပြီး လျှောက်ရမ်းရေးလိုက်တာ .. ဟားဟား"

ကျွန်တော်တို့တစ်တွေ၏ ရယ်သံက လမ်းတစ်လျှောက်ဟိန်း သွားလေ၏။

✿✿✿

www.burmeseclassic.com

www.burmeseclassic.com

## (၃)

ရွာ၏အနောက်ဘက်ရှိ လယ်တောတွေထဲမှာ စပါးတွေ ရိတ်သိမ်းပြီးဖြစ်သဖြင့် ရိုးပြတ်တွေသာရှိတော့သည်။ အငြိမ့်စင်နှင့် အငြိမ့်ပွဲကျင်းပမည့်နေရာ တစ်ဝိုက်ကိုတော့ လူအားဖြင့် ဝိုင်းရှင်းလင်းခုတ်ထွင်ထားသဖြင့် ရှင်းလင်းနေသည်။ ဆောင်းလေပြည်သည် ခပ်မြူးမြူးကလေး တိုက်ခတ်နေသဖြင့် ပွဲလာကြည့်သည့် ပရိသတ်၊ ပွဲဈေးလျှောက် ပရိသတ်အားလုံး ချမ်းစိမ့်နေကြလေသည်။

ည ၇ နာရီထိုးသော် ကျွန်တော်တို့အုပ်စု ပွဲဈေးတန်းသို့ ရောက်ခဲ့ကြလေသည်။ ပွဲဈေးတန်းကလည်း စည်ကားနေလေပြီ။ စားသောက်ဖွယ်ရာတွေ ရောင်းချသည့် ဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ ပြီးတော့ ကလေးတွေအတွက် ကစားစရာအမျိုးမျိုးရောင်းချသည့် ဆိုင်တွေ၊ ပြီးတော့ ချားတွေ၊ ရဟတ်တွေကလည်း ရှိနေပါသည်။ တောရွာတို့တွင် ပွဲဈေးလုပ်သည့်အခါ ရွာနီးချုပ်စပ်က



www.burmeseclassic.com

www.burmeseclassic.com



သာမဏ နောက်နှစ်ရက်တိတိ စုစုပေါင်းသုံးရက်ကပြ အသုံးတော်ခံမှာဖြစ်ပြီး ယနေ့ညမှာတော့ ပထမပိုင်းမှာ စတိတ်ရှိုးနဲ့ ခေတ်ပေါ်အကပဒေသာ၊ ပြီးတော့ နှစ်ပါးသွားနဲ့ အပျိုတော်ယိမ်း၊ အဲဒါပြီးရင် ကျွန်တော်တို့အငြိမ့်အဖွဲ့ရဲ့ ခေါင်းဆောင်မင်းသမီး စိန်နီလာဦးရဲ့ မင်္ဂလာအငြိမ့်အစီအစဉ်"

ကျွန်တော်ရုံဝင်လက်မှတ် ၇ စောင်ဝယ်လိုက်သည်။ ဖျာဝယ်ဖို့ကျတော့ ပြဿနာကလာဖြစ်နေသည်။ ဖျာက လူလေးယောက်အတွက် တစ်ချပ်စာရောင်း၏။ ကျွန်တော်တို့က ၇ ယောက်ဆိုတော့ နှစ်ချပ်ဝယ်ရမည်။ သို့သော်လည်း ကပ်လျက်ကမရ။ ကျွန်တော်တို့နှင့် တစ်ဖျာကျော်လောက်မှာ သီသီတို့ရမည်။ မထူးတော့သဖြင့် ကျွန်တော်လည်း ရတာကိုပင် ဝယ်လိုက်သည်။

သီသီတို့ထံပြန်ရောက်သောအခါ . .

"တို့တစ်တွေနေရာချင်းတော့ မတူဘူးဟ . .။ တို့ကြားမှာ ဖျာတစ်ချပ်က ရောက်နေတယ် . . ."

"အဲဒီဖျာကို ဆွဲဖယ်ပစ်လိုက်မယ်ကွာ"

"ရမလားကွ ပြဿနာတွေ တက်ကုန်မှာပေါ့"

"ရပါတယ်ဟယ် . . အထဲကျတော့ အဲဒီဖျာကလူတွေကို ညှိကြည့်လိုက်တာပေါ့၊ နေရာချင်းလဲလိုက်မှာပေါ့ . ."

စကားပြောနေခိုက်တွင် သီသီ့မျက်နှာကလေးကို ကျွန်တော် စိုက် ကြည့်နေလိုက်မိလေသည်။ သီသီသည် အသားအနည်းငယ်ညို သော်လည်း မျက်နှာပေါက်က အဆင်ပြေချောမောပါသည်။ သူမ၏ ပါးဖောင်းဖောင်း ကလေးထဲသို့ ကျွန်တော့်နှာခေါင်းရောက်ဖူးသည်ကို တွေးမိပြီး ရင်တွေခုန်လာပြန်သည်။

"နင်တို့ဘာစားကြဦးမလဲ သီသီ . ."

မိုးသီးက လျှာသွက်နေသည်။ သွက်မှာပေါ့ . .။ သူ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ပိုတ်ဆံ မှမပါတာ။ တကယ်လို့ သီသီတို့ စားကြသောက်ကြမည်ဆိုလျှင် ကျွန်တော်ပဲ ရှင်းရပေလိမ့်မည်။ ပြီးတော့ ကျွန်တော့်မှာ ပိုတ်ဆံသိပ်မကျန်တော့။

"မစားတော့ပါဘူးဟယ် . ."

မကြာမီအငြိမ့်ပွဲစတော့မည်ဖြစ်သဖြင့် ကျွန်တော်တို့ရုံထဲ ဝင်ခဲ့ကြသည်။ ကျွန်တော့်ရှေ့မှာ သီသီရှိနေပြီး တစ်ချက်တစ်ချက်တွင် သီသီ့လက်နှင့် ကျွန်တော့်လက်ထိမိသွားလေသည်။ ကျွန်တော်တို့ အထဲရောက်သွားသောအခါ အလယ်မှာရှိသော ဖက်ကလူတွေနှင့် သီသီကညှိနေပြီး ထိုလူတွေကလည်း သဘောကောင်းစွာဖြင့် နေရာလဲပေးကြပါသည်။

ကျွန်တော်ကတော့ သီသီ့အနားမှာ ကပ်ထိုင်ခွင့်ရသဖြင့် ဟန်ကျနေလေသည်။

"ဟော့ကောင် စစ်ဆွေ . . မင်းကတော့ ဟန်ကျနေပြီ . . ငါတို့အတွက်လည်း လုပ်ပေးဦး . ."

မိုးသီးက ခပ်တိုးတိုးပြောသဖြင့် ကျွန်တော်ပြုံးလိုက်မိပြီး သည်ကောင့်ကို မျက်စိမှိတ်ပြလိုက်သည်။

"သီသီ"

"ဟင်"

"လုပ်ပါဦးဟာ . . နင့်အဖွဲ့နဲ့ တို့ကို မိတ်ဆက်ပေးပါဦး"

သီသီသည် ကျွန်တော့်ကို မျက်စောင်းထိုးလေသည်။ သို့သော် ဘာမှမပြောတော့ဘဲ သူမ၏ သူငယ်ချင်းများနှင့် ကျွန်တော်တို့ကို မိတ်ဆက်ပေးလေသည်။

"သူတို့က တို့အထဲကမှာ ကျောင်းတက်တာမဟုတ်ဘူးဟ . .။ ငါ့ဆိုလာလည်ရင်းနဲ့ ပွဲရှိလို့မပြန်ကြတာ . .။ သူက မိုးမိုးစံ သူက ထက်မာ . .။ သူက ဝင်းဝင်းသူ . ."



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျွန်တော်တို့ အမည်တွေပြောပြ၍ မိတ်ဆက်ပေးပြန်သည်။ ခဏအကြာတွင် အငြိမ့်ပွဲ စလေတော့သည်။ စတိတ်မှ က ကျွန်တော့်ကိုဖမ်းစားလေတော့သည်။ တချို့အဆိုတော်တွေက မူရင်းအဆိုတော်၏အသံကို မီသော်လည်း အချို့ကတော့ လုံးဝမမီသဖြင့် စိတ်ပျက်ရလေသည်။

"စစ်ဆွေ . . နင်ဂစ်တာအတော်တီးတတ်နေပြီလား"

သီသီက စတိတ်ရှိုးကိုကြည့်နေရင်းမှ ကျွန်တော့်ကို ရုတ်တရက် လှည့်မေးသည်။

"တီးနိုင်နေပြီဟ . ."

"ဒါဆို ဒီပီးဝိုင်းထဲက အတီးသမားတွေလောက်ဖြစ်နိုင်နေပြီလား"

"ဒီလောက်ကတော့ အချဉ်ပါဟာ . ."

ကျွန်တော် အသားလွတ်ကြွားလိုက်သဖြင့် သီသီ့မျက်နှာတွင် ကျွန်တော့်ကို အထင်ကြီးသွားသောအရိပ်လက္ခဏာတွေ တွေ့ရသည်။ အမှန်ကတော့ ကျွန်တော့်အဆင့်က ဘာမှမရှိသေး။ ကော့ဒ်ကလေးတွေ ၁၀ ခုလောက်ပဲ ကိုင်နိုင်သေးသည်။ ပြီးတော့ လက်ခတ်ပုံလက်ခတ်နည်းကလည်း ဘာမှမသိသေး။ သို့သော် ဟိုနှစ်ကောင်ကလည်း ဒီညကျွေးထားတာတွေအတွက်ရော၊ အငြိမ့်ပြထားတာတွေအတွက်ရောကြောင့် ကျွန်တော့်ကို ပင့်ပေးကြသည်။

"ဒီကောင်က အတော်ဟုတ်နေပြီ သီသီရ . . ပါရမီလို့ပဲဆိုရမှာပေါ့ . . ဘာမှထူးထူးခြားခြားကြိုးစားပြီး သင်စရာမလိုဘဲနဲ့ကို တတ်နေတာ . ."

"ကြုံရင် နင့်ကိုတီးပြလိမ့်မယ်ကြည့် . ."

"အောင်မယ် . . ငါ့လာတီးလို့ကတော့ ပါးပြန်ရိုက်လိုက်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တာ . . အဲဒါကို ပြောတာမဟုတ်ဘူး . .။ ဂစ်တာတီးပြမှာတို့ပြောတာ . ."

သီသီသည် ခပ်ပြုံးပြုံးဖြစ်သွားပြီး တစ်ဖက်သို့လှည့်သွား၏။

"ဟော့ကောင်တွေ . . မင်းတို့ရှုရှုပေါက်ချင်လား . ."

အရေးထဲမှ ပေတလူက ဆီးသွားချင်နေသည်။ သည်ကောင်တ သည့်လိုပါပဲ . .။ အလွန်ပင် ဆီးရှင်သည့် ကောင်။ ကျောင်းမှာဆိုလည်း တစ်နာရီတစ်ကြိမ်လောက် ဆီးထွက်ထွက်သွားနေသည်။ ယခုလည်း သည်ကောင်ဆီးသွားချင်နေလေပြီ။

"ငါတို့တော့ မသွားချင်ဘူးကွ"

"ဒုက္ခပဲကွ . . လူတွေကလည်း ပွဲခင်းတစ်ခုလုံးအပြည့်ပဲ"

ဟုတ်ပါသည်။ ရုံတစ်ရုံလုံးမှာ ဘယ်အချိန်က လူတွေပြည့်သွားသလဲတောင် မသိလိုက်ပါ။

"ငါအခုထွက်သွားပြီးရင် ဒီနေရာပြန်လာဖို့ မလွယ်ဘူးကွ . . ဒုက္ခပါပဲကွာ. ."

ကျွန်တော်တို့ ခပ်တိုးတိုးပြောနေခြင်းကို သီသီကရိပ်မိသွားပြီး လှမ်းမေးပါသည်။

"နင်တို့ ဘာဖြစ်နေတာလဲ . . လှုပ်လှုပ်ရွရွနဲ့ . ."

"ဘာမှမဟုတ်ပါဘူးဟာ. . ဒီကောင်ရေသောက်ချင်နေတာ . ."

"ဒါများဟယ် . . ရော့ ငါတို့မှာ ရေဘူးပါတယ် . . သောက်လိုက် . ."

သီသီက သူ့သူငယ်ချင်းတွေဆီမှ ရေသန့်ဘူးသေးသေး တစ်ဘူး လှမ်းပေးသည်။ ထိုရေဘူးသည် ပေတလူထံသို့ ရောက်သွားရာ သူက ရေဘူးကိုကြည့်ပြီး ငိုင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာပဲကွ . . ဒီရေဘူးငါသောက်လိုက်ရင် ပိုဆိုးလိမ့်မယ်"

"ဘာခက်လဲကွာ . . သောက်ချင်ယောင်ဆောင်လိုက်ပေါ့"

ပေတလူသည် အေးစိမ့်သော ဆောင်းညဥ့်ပင် ချွေးတွေပျံနေ၏။ သူသည် ရေသန့်ဘူးကိုသောက်ချင်ယောင်ဆောင်၍ ပြန်ပေးလေသည်။ ပြီးတော့ သီသီတို့မကြားစေရန်နှင့် ပတ်ဝန်းကျင်မကြားစေရန် ကျွန်တော့် နား၊နားသို့ကပ်ပြီး တစ်စုံတစ်ခုပြောသည်။ တိုးလွန်းသဖြင့်လည်းကောင်း၊ စတိတ်ရှိုးက ဆူညံလွန်း၍ လည်းကောင်း သူဘာပြောလိုက်သည်ကိုမသိ။ သို့သော် ကျွန်တော့်စိတ်ထင်တော့ သူအပြင်ထွက်ဖို့ ပြောတာပဲထင်ပြီး ခေါင်းညိတ်လိုက်မိသည်။

ပွဲခင်းအတွင်းသို့ ပြန်လည်းမဝင်ချင်တော့။ ထို့ကြောင့် ပွဲဈေးတန်းဘက်လျှောက်လာခဲ့ကြသည်။ ထိုအခိုက်မှာပင် ကျွန်တော့်ရင်ထဲမှ ခံစားချက်တစ်ခုကို သည်ကောင်နှစ်ကောင်အား ထုတ်ပြောမိသွားလေသည်။

"သည်ည သီသီအရမ်းလှတယ်ကွာ . . ခါတိုင်းကျောင်းစိမ်းဝတ်စုံကလေးနဲ့ဆိုတော့ သူ့ပုံစံက ပြူးကြောင်ကြောင်လိုပဲ . ."

သည်ကောင်နှစ်ကောင် ကျွန်တော့်မှတ်ချက်ကြောင့်မျက်လုံးပြူးသွားကြပါသည်။

"ဟော့ကောင် စစ်ဆွေ . . မင်း သီသီ့ကို ကြိုက်နေပြီလား"

"ကြိုက်တာရယ်လို့တော့ မဟုတ်ဘူးကွ . . ဒါပေမယ့် ငါ့စိတ်ထဲတစ်မျိုးပဲ။ အရင်တုန်းက သူ့အပေါ်ထားတဲ့ စိတ်မျိုးနဲ့မတူတော့တာတော့သေချာတယ်"

"အဲဒါအချစ်ပဲပေါ့ကွာ . . မင်း သီသီ့ကို ကြိုက်နေပြီ"

မိုးသီးက သူလိုချင်ရာသူဆွဲပြီး ပြောသည်။ ပေတလူက



www.burmeseclassic.com

www.burmeseclassic.com



တော့ ပွဲခင်းထဲမှာဖြစ်ခဲ့သော ပြဿနာနှင့်ပတ်သက်ပြီး ရှက်နေပုံရသည်။ ဘာမှ စကားသိပ်မပြော။

"ဒါပေမယ့် ငါတစ်ခုတော့ မင်းကို သတိပေးမယ် စစ်ဆွေ .. သီသီ့ အမေကြီးက သိပ်လည်တယ်နော် .. ။ ယောကျ်ားလည်း နှစ်ယောက်ရဖူးတယ်။ သီသီ့အဖေက ဆုံးသွားပြီ။ အခုယူထားတဲ့ ဦးတင်သောင်းဆိုတဲ့ လူကြီးက သီသီ့ပထွေးကွ .. ။ သည်လူကြီးက အရက်လည်း သိပ်သောက်တယ် .. မင်းသတိတော့ထားကွာ .."

"ဟ .. ငါက ဘာဖြစ်လို့သတိထားရမှာလဲ .. သီသီနဲ့ ငါကဘာမှဖြစ်ကြတာလည်းမဟုတ် .."

မိုးသီးသည် ကျွန်တော့်ပခုံးကို လက်သီးဖြင့် မနာအောင် ထိုး၏။

"ငါ့ကိုလိမ်လို့တော့ မင်းရမယ်စစ်ဆွေ .. မင်းကိုယ်မင်းတော့ လိမ်လို့မရဘူးကွနော .."

ကျွန်တော် ပြုံးလိုက်မိလေသည်။ မြောက်ပြန်လေသည် လယ်ကွင်းတွေကိုဖြတ်တိုက်လာသဖြင့် အေးစိမ့်နေလေသည်။ အငြိမ့်ပွဲဆီမှ အပျိုတော်အကထွက်နေလေပြီ။ ဆိုင်းသံနှင့် သီချင်းသံသည် ကျွန်တော်တို့ရှိရာသို့ ပီပီသသပင်ရောက်ရှိလာ၏။

✿✿✿

www.burmeseclassic.com

www.burmeseclassic.com

## (၄)

ညဆယ့်နှစ်ချက်ထိုးသောအခါ ကျွန်တော်တို့ အိမ်ရှေ့မှ အော်ခေါ်သံတချို့ကြားရသဖြင့် ကျွန်တော်လန့်နိုးလာသည်။ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေသည်။ ဖေဖေက လက်နှိပ်ဓာတ်မီးဖြင့် ဖယောင်းတိုင်ထထွန်းလိုက်၏။ အပြင်မှ အသံက ဆက်၍ ထွက်နေဆဲပင်ဖြစ်သည်။

"ဆရာ .. ဆရာ ... တံခါးဖွင့်ပါဆရာ .."

မိန်းကလေးအသံ။ သီသီ့အသံများလား။ ကျွန်တော် အိပ်ရာမှ လူးလဲထလိုက်သည်။ ပြီးတော့ တံခါးထဖွင့်သော ဖေဖေ့နောက်က တပ်လိုက်ပြီး အပြင်သို့ကြည့်လိုက်သည်။ အပြင်ဘက်တွင် သီသီနှင့် သူ့မောင်လေးကို ခပ်ဝါးဝါးကြယ်ရောင်ဖြင့် မြင်ရလေသည်။

"ဟော သီသီပါလား .. ဘာဖြစ်လို့လဲ .."

"ငါ့အဖေနေမကောင်းလို့ဟ .. ဆရာ .. သမီးတို့အိမ်ကို ခဏကြွပေးပါဆရာ .. သမီး အဖေနေမကောင်းလို့ .."

"ဘာဖြစ်တာလဲ"

"သေသေချာချာတော့မသိဘူးဆရာ ..။ လေဖြတ်တာလား မသိဘူး ..။ တစ်ကိုယ်လုံးလည်း တောင့်နေတယ် ..။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



အေးစက်နေတာပဲ . . ပါးစပ်ကလည်း တဟင်းဟင်းနဲ့ ညည်းနေတယ် . ."

အိမ်ထဲတွင် မေမေက ဖယောင်းတိုင်အချို့ထွန်းပြီး ဖြစ်သဖြင့် လင်းလာ၏။

"သမီးအဖေ ညကအရက်သောက်သေးလား"

"ဟုတ်ကဲ့ ဆရာ . ."

ဖေဖေသည် ဘာမှမပြောတော့ဘဲ သူ့ဆေးသေတ္တာထဲသို့ လိုအပ်သည့် ဆေးပစ္စည်းတွေကောက်ထည့်သည်။ ပြီးတော့ ကျွန်တော့်ကို လိုက်ခဲ့ဖို့ လှမ်းပြောလေသည်။

"သားဖေဖေနဲ့ ခဏလိုက်ခဲ့ ဟုတ်လား"

"လာ သမီးသွားရအောင်"

ကျွန်တော်လည်း အနွေးထည်တစ်ထည်ကောက်စွပ်ခဲ့ပြီး ဖေဖေ့ နောက်ကလိုက်ဆင်းခဲ့သည်။ ဖေဖေက အောက်ရောက်သောအခါ ကျွန်တော့်လက်ထဲသို့ ဆိုင်ကယ်သော့ကို ထည့်ပေးသည်။

"သားပဲမောင်း . . ဖေဖေက ညဘက်ဆို မျက်စိသိပ်မကောင်းဘူး"

ကျွန်တော်က ဆိုင်ကယ်စက်နှိုးလိုက်သောအခါ ဖေဖေက နောက် မှ ဆိုင်ကယ်ပေါ်တက်ခွသည်။ သီသီတို့ မောင်နှမကလည်း စက်ဘီးကိုယ်စီနှင့် ကျွန်တော်တို့ နောက်ကလိုက်ခဲ့သည်။ လမ်းတစ်လျှောက် မှောင်နေသဖြင့် ကျွန်တော်ဆိုင်ကယ်ကို ခပ်ဖြည်းဖြည်းပဲ မောင်းပြီး ဆိုင်ကယ်မီးရောင်ဖြင့် သီသီတို့မောင်နှမကို မီးပြပေးမိသည်။

နောက်တော့ သီသီတို့အိမ်သို့ ကျွန်တော်တို့ ရောက်သွားကြသည်။

"ကြွပါဆရာ . . ကြွပါ . ."



www.burmeseclassic.com

www.burmeseclassic.com



သီသီ့အမေက အိမ်ပေါ်မှ ဆီးကြို၍ ဖိတ်မန္တကပြုလေသည်။ သို့နှင့် ကျွန်တော်တို့သားအဖလည်း အိမ်ပေါ်သို့ရောက်ခဲ့ကြလေသည်။ သီသီ့အဖေသည် အိမ်ဦးခန်းရှိ အိပ်ရာထက်၌ ပက်လက်ကြီးဖြစ်နေသည်။ ဖေဖေက လူနာဘေးတွင် ထိုင်ပြီး စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်နေ၏။ သီသီကတော့ ကျွန်တော့်ဘေးမှာ လာထိုင်သည်။ သူမသည် မျက်နှာသိပ်မကောင်း။

"အင်း . . ဆေးရုံတင်လိုက်ရင် ကောင်းမယ် . .။ လေဖြတ်သွားတာပဲ . .။ အခုတော့ သတိလစ်နေတယ် . ."

သီသီ့အမေသည် အားကိုးတကြီးနှင့် ဖေဖေ့ကို ပြောလေသည်။

"ဒီမှာပဲ ကုလို့မရဘူးလား ဆရာ . .။ ဆေးရုံတင်ဖို့ဆိုရင် ကျွန်မတို့ အခြေအနေက သိပ်မလွယ်ဘူးဆရာ . ."

ဖေဖေသည် လူနာကိုကြည့်ပြီး ခဏလောက်ငြိမ်သွားသည်။

"အမှန်အတိုင်း ပြောရရင် သူ့အခြေအနေက သိပ်မကောင်းဘူး။ ကျွန်တော့်အထင်ပြောရရင်တော့ ဦးနှောက်သွေးကြောပြတ်သွားပြီထင်တယ် . .။ အင်းလေ မနက်အထိတော့ စောင့်ကြည့်ပေါ့ . . မနက်ကျမှ တင်သင့်မတင်သင့်ဆုံးဖြတ်ကြပေါ့ . ."

ဖေဖေသည် လိုရမယ်ရသဘောမျိုးဖြင့် လူနာကို ဆေးတစ်လုံးထိုးပေးခဲ့လေသည်။ သီသီ့မေမေက ဆေးကုခနှင့် ခြေကြွခတို ထုတ်ပေးသည်။ ဖေဖေကဆေးဖိုးကိုသာယူပါသည်။ ပြီးတော့ ကျွန်တော်တို့ သီသီတို့မိသားစုကို နှုတ်ဆက်ကာပြန်လာခဲ့ကြသည်။

လမ်း၌ ကျွန်တော်က သိချင်စိတ်ဖြင့် တစ်ခုမေးမိလေသည်။

"ဖေဖေ . . ဘာလို့ ခြေကြွခ မယူတာလဲ"

"ဖေဖေ ဆေးပညာကိုသင်တာဟာ ချမ်းသာဖို့မဟုတ်ဘူး သား။ ဖေဖေချမ်းသာချင်ရင် နိုင်ငံခြားသွားမှာပေါ့ . .။ သူ့ဘာ



www.burmeseclassic.com

www.burmeseclassic.com



သားဝင်လုပ်ချင်လုပ်၊ ဒါမှမဟုတ် တခြားအလုပ်တွေလုပ်ချင်လုပ် .. အချိန်တန်ရင် ချမ်းသာလာမှာပဲ"

ဆိုင်ကယ်မောင်းရင်းနှင့် ကျွန်တော် ဖေဖေ့စကားကို နားစွင့်နေမိ၏။ ဖေဖေ့ထံမှ ဘာစကားမှမကြားရတော့။

"ဖေဖေဆက်ပြောလေ .."

"ပြောပြီးပြီလေသားရဲ့ .. ဖေဖေ့စကားမှာ ပြည့်စုံနေပြီပဲ"

ကျွန်တော်ဖေဖေ့ကို သနားသွားမိလေသည်။ ဖေဖေသည် အသက် ၅၀ ကျော်ပြီဖြစ်သော်လည်း ပင်ပင်ပန်းပန်းအလုပ်လုပ်နေရဆဲပင်ဖြစ်သည်။ ရန်ကုန်မှာတော့ အိမ်ကလေးတစ်လုံးရှိပြီး ထိုအိမ်ကလေးကလည်း ဖေဖေအမွေရခဲ့သော အိမ်ကလေးသာဖြစ်သည်။ ယခုလိုနယ်မှာနေရသောအခါလည်း ဖေဖေ့မှာ ဘာမှစုမိဆောင်းမိမရှိပါ။ အိမ်ကငှားနေရ၏။ ဆိုင်ကယ်တောင်မှ မေမေ့နားကပ် တစ်ရံရောင်းပြီးဝယ်တာဟု ကျွန်တော်သိရလေသည်။

ဖေဖေသည် နေ့စဉ်ပင် နံနက် ၈နာရီခွဲ၌ အိမ်က ပုံမှန်ထွက်သည်။ မိုးအခါဆိုလျှင် မည်သို့ပင် မိုးကာဝတ်ထားစေကာမူ ဖေဖေသည် ကြွက်စုတ်နှယ်ဖြစ်နေလေသည်။ ဆောင်းအခါဆိုလျှင်လည်း အေးစိမ့်နေသည့် လေက ဖေဖေ့ရင်ဘတ်ကို အအေးပတ်စေပါလိမ့်မည်။ နွေအခါဆိုလည်း ပူပြင်းသောနေရောင်ခြည်၏ ဒဏ်ကို ဖေဖေခံရပါလိမ့်မည်။

သူများ ဆရာဝန်တွေ ကားစီးနေကြပြီဖြစ်သော်လည်းဖေဖေကတော့ ယခုထိ သူ၏ဆိုင်ကယ်ကြီးကိုသာ စီးနေရဆဲပင်ဖြစ် သည်။

"သားရော .. ကြီးလာရင် ဖေဖေ့လို ဆရာဝန်လုပ်မလား"

ဖေဖေက ရုတ်တရက်ကောက်ကာငင်ကာ မေး၏။ သည်မေးခွန်းအတွက်အဖြေသည် ကျွန်တော့်၌ အဆင်သင့်ရှိနေလေသည်။

"မလုပ်ဘူးဖေဖေ .. ကျွန်တော်ကတော့ ချမ်းသာချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ရယ်သံကို ကျွန်တော်ကြားလိုက်ရလေသည်။ သို့သော် ဖေဖေက အရယ်ရပ်၍ ဆက်ပြောသည်။

"သားအသက်က ဆယ့်ငါးနှစ်ဆိုတော့ ရင့်ကျက်ဖို့ အသိဉာဏ် ကြွယ်ဝဖို့သိပ်တော့မလိုတော့ဘူး . . ။ နောက်ထပ် တစ်နှစ်နှစ်လောက်ဆို သားကို ဒီမေးခွန်းဖေဖေထပ်မေးမယ် . . ဟုတ်ပြီလား"

ကျွန်တော်တို့သားအဖအိမ်ပြန်ရောက်သောအခါ အသီးသီး အိပ်ရာဝင်ခဲ့ကြလေသည်။ နံနက်ရောက်သောအခါ သိသိအဖေဆုံးသွားပြီဖြစ်ကြောင်း သိသိကလာပြောလေသည်။ သူမသည် ဦးတင်သောင်းကို ပထွေးဆိုသော်လည်း သံယောဇဉ်ရှိရှာလေသည်။ သိသိသည် ငိုကြွေးသားပုံရပြီး မျက်လုံးကလေးတွေရဲနေ၏။

"စစ်ဆွေ . . ငါ ခွင့်စာတစ်ခါတည်းရေးလာခဲ့တယ် . .။ ဆရာမကို နင်ပဲပြောပြလိုက်ပါဟာ . . ပြီးတော့ ဖြစ်နိုင်ရင် ငါကျောင်းမတက် မယ့်ရက်တွေအတွက် နင်မှတ်စုတွေပြည့်စုံအောင် ကူးထားပေးပါ။ ငါ နင့်ဆီက ပြန်ကူးမယ်"

"အဲဒီအတွက် နင်ဘာမှမပူနဲ့ သိသိ . .။ နင့်စာအုပ်တွေ ငါ့ကိုပေးထား . .။ ငါအချိန်ရရင် ရသလောက် နင့်အတွက် ကူးထားပေးမယ်"

သူမသည် အနည်းငယ်ပြုံးလေသည်။

"အားနာစရာကြီးဟယ် . ."

"သူငယ်ချင်း အချင်းချင်းပဲဟာ"

ထို့နောက် သူမသည် ကျွန်တော့်ကို နှုတ်ဆက်၍ ပြန်သွားသည်။ ကျွန်တော်နံနက်စာ မုန့်ဟင်းခါးစားပြီး မေမေဖျော်ပေးသော ကော်ဖီကို သောက်ကာ ပေတလူတို့အိမ်သို့ ထွက်ခဲ့သည်။ ပေတလူ၏ အိမ်တွင် မိုးသီးကလည်းရောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အတော်ပဲ . . မင်းတို့ကြားပြီးပြီမဟုတ်လား . . သီသီ့အဖေ ဆုံးသွားတာ . . တို့တွေသွားကူညီရအောင်ကွာ . ."

ကျွန်တော်တို့ သုံးယောက် သီသီ့အိမ်ရောက်သွားသောအခါ လာ ရောက်ကူညီနေကြသော ရွာသားအချို့ကို တွေ့ရသည်။ အမှန်အတိုင်းပြောရလျှင် ကျွန်တော်တို့ကလည်း ကလေးသာသာပင်ဖြစ်သည်မို့ ဘာမှမကူညီတတ်ကြပါ။ ကျောင်းချိန်နီးသောအခါ ကျွန်တော်တို့ အိမ်ပြန်၊ ရေချိုး ထမင်းစားကြသည်။ ပြီးတော့ ကျောင်းသို့သွားသည်။

သည်နေ့တစ်နေ့လုံး စာသင်ရသည်ကို ဟာတာတာကြီးဖြစ်နေလေသည်။ မှတ်စုတွေကိုတော့ မပြတ်အောင်ကူးနေမိလေသည်။

"ဟေ့ . . . မိုးစန္ဒာ . . နင်တို့လည်း သီသီ့ဆီ သွားလိုက်ကြဦး။ စာချည်းပဲကုန်းကျက်မနေကြနဲ့ . ."

"အောင်မယ် . . သိတယ်ဟဲ့ သိတယ် . .၊ တို့ကလူမှုရေးမခေါင်းပါးဘူး . . မနက်ကတောင် သူ့တို့အိမ်ရောက်ခဲ့သေးတယ်"

"အဲဒါ နင်တို့သက်သက်လိမ်တာ. . ငါတို့ သီသီ့အိမ်မှာ တစ်ချိန်လုံးရှိနေတာ . . နင်တို့လာတာမတွေ့ပါဘူး"

"ငါတို့က အစောကြီးရောက်သွားတာဟဲ့ . ."

"ဒါဆို ဘယ်နှနာရီလောက်လဲ"

"၇ နာရီလောက်ရှိမယ်"

ကျွန်တော်တို့ ဝိုင်းဟားလိုက်သဖြင့် မိုးစန္ဒာရှက်သွားလေသည်။

"ဩော် ပြောရဦးမယ် . . နင်တို့အသုဘအိမ်သွားရင် မိုးချုပ်မှတော့ မသွားနဲ့ဟ . . ဦးတင်သောင်းက နင်တို့ကို အတော်ချစ်တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေ မျက်စိကလယ်ကလယ်ဖြစ်နေရှာသည်။ ပေတလူကလည်း မနေပြန်။ တစ်ဖက်မှနေ၍ ဖိအားပေးပြန်သည်။

"သရဲမှာ နှစ်မျိုးရှိတယ်ဟ .. အစိမ်းသေ သေပြီးဖြစ်တဲ့ သရဲရယ် .. အကျက်သေ သေပြီးတဲ့ သရဲရယ်.."

ကျွန်တော်ရယ်လိုက်သည်။

"ဘယ်က အကျက်သေရမှာလဲကွ.. ရိုးရိုးရောဂါနဲ့ သေတဲ့ သရဲပါ"

မိုးသီးက ကျွန်တော်တို့ကို မျက်စိမှိတ်ပြပြီး ပြောပြန်သည်။

"သရဲဆိုလို့ ငါ့ဘကြီးကြုံခဲ့ရတာကို ပြန်ပြောပြရဦးမယ်"

သည်ကောင့်အိုက်တင်က အလွန်ကောင်းပါသည်။ ကောင်မလေးတွေမပြောနှင့် ကျွန်တော်တောင် စိတ်ဝင်စားသွားမိသည်။

"ငါ့ဘကြီးငယ်ငယ်ကပေါ့ဟာ .. သူဆယ်နှစ်သားလောက်တာ အညာမှာနေတယ် ..။ သူ့သူငယ်ချင်းတစ်ယောက်နဲ့ သူ့ကိုအိမ်တာ ခိုင်းလိုက်လို့ တစ်ဖက်ရွာကို သွားကြတယ် ..။ အဲဒီမှာကိစ္စတွေ ထုပ်ရင်း ညနေစောင်းသွားတယ်ကွ .. အဲဒါနဲ့ ပြန်ဖို့လုပ်တော့ ငါ့ဘကြီးက စဉ်းစားတယ်။ သွားရိုးလမ်းကသွားရင် အပြန်မိုးသိပ်ချုပ်သွားမယ် .. သင်္ချိုင်းကုန်းရှိတဲ့ လမ်းကသွားရင် ခရီးကတိုတယ် .. အပြန်ကို မိုးသိပ်မချုပ်ဘူး"

မိုးသီးက စကားကို ရပ်လိုက်ပြီး ကောင်မလေးတွေ မျက်နှာကို အကဲခတ်သလိုကြည့်လိုက်သည်။ ကောင်မလေးတွေ သူ့စကားကို စိတ်ဝင်စားနေလေပြီ။ ထို့ကြောင့် သူက ဆက်ပြောလေသည်။

"ဒါနဲ့ သူတို့သူငယ်ချင်း နှစ်ယောက်တိုင်ပင်ကြပြီး ... သင်္ချိုင်းကုန်းရှိတဲ့လမ်းကပဲ ပြန်ဖို့ဆုံးဖြတ်လိုက်ကြတယ် ..။ သူတို့မှာ ထမင်းခွနဲ့ လောက်စာလုံးတွေတော့ ပါတယ်ဟ.."

အေးမြက မနေနိုင်တော့ဘဲ ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဓားတွေ ဘာတွေ ယူသွားကြတာမဟုတ်ဘူး .. သရဲနဲ့တွေ့မှဖြင့် ဒုက္ခ"

"ကလေးတွေပဲရှိသေးတာ .. ဓားတွေ ဘာတွေယူသွားရင် လူကြီးတွေက ဆူမှာပေါ့ဟ .. နောက်ပြီး အဲဒီရွာကလည်း ဓားသိပ်ရှားတာ"

"ဓားသိပ်ရှားရင် တုတ်တို့ လှံတို့ယူသွားပေါ့ဟာ"

"ဒုက္ခပါပဲ .. အေးမြကလည်း အရေးထဲ .. အဲဒီရွာမှာ တုတ်ကလည်းရှားလို့ဖြစ်မှာပေါ့ဟဲ့. . ."

"ဟား ဟား"

သန်းသန်းရွှေက အေးမြကို စေ့ဒကာပြန်တက်သဖြင့် ကျွန်တော် ရယ်လိုက်မိလေသည်။ မိုးသီးက လက်ကာပြလိုက်ပြီး သူ့ဇာတ်လမ်းကို ဆက်ပြော၏။

"အဲဒါနဲ့ ခပ်တိုတိုပဲ ပြောတော့မယ်ဟာ .. သူတို့ပြန်လာပြီး သချိုင်းကုန်းကို ရောက်တဲ့အခါမှောင်နေပြီဟ .. အဲဒီမှောင်မည်းနေတဲ့ သချိုင်းကုန်းကြီးကို မြင်လိုက်ရတယ်ဆိုရင်ပဲ .."

ကောင်မလေးတွေ မသိမသာနှင့် တစ်ယောက်နှင့် တစ်ယောက် ပူးကပ်ကြသည်။

"သချိုင်းကုန်းကြီးကလည်းဟာ .. တကယ့်ကိုကြောက်စရာကြီး သစ်ပင်ကြီးတွေကလည်း ဟိုထောင်သည်ထောင်နဲ့ .."

"ဟဲ့ မိုးသီး .. နင်ကိုယ်တိုင်မြင်ခဲ့ရလို့လား .."

မိုးသီးပါးစပ်ပြသွားလေသည်။

"ငါ့ဘကြီးက အသေးစိတ်ကို ပြန်ပြောပြတာ .. အောင်မာအုတ်ဂူပေါ်က နာမည်တွေတောင် ငါ့ကိုပြောပြသေးတယ်။ ဘာတဲ့ ဦးဘတုတ် အသက် ၇၂ နှစ်၊ ဒေါ်သန်းသန်းရွှေအသက် ၁၅ နှစ် ဒေါ်အေးမြ အသက် ၁၅ နှစ်တဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ကောင်စုတ် .. နင်အတော်မိုက်ရိုင်းတယ် .."

"တော်ကြစမ်းပါဟာ .. မိုးသီးဇာတ်လမ်းက စိတ်ဝင်စားဖို့ကောင်းနေပြီ။ နင်တို့ဝင်မရှုပ်ကြစမ်းပါနဲ့ .. သူ့အာသာပြောပါစေ"

"အေး .. အဲဒီလိုမှပေါ့ .. ဒီလိုဟ .. အဲဒီမှောင်မည်းနေတဲ့ သချိုင်းကုန်းကြီးရောက်တဲ့အခါ ကြောက်စရာဖြစ်နေတဲ့ သချိုင်းကိုကြည့်ပြီး .."

"ဟယ် .. နင့်ဟာက အဲဒီသချိုင်းကုန်းကကို မတက်ဘူး"

ကျွန်တော် ရယ်ချလိုက်ရာ ကောင်မလေးတွေကလည်း လိုက်ရယ်ကြသည်။ အင်္ဂလိပ်စာ ဆရာမဒေါ်မြင့်မြင့်ဟန် မလာသဖြင့် ကျွန်တော်တို့ လွတ်လွတ်လပ်လပ်စကားပြော၍ရနေသည်။ မိုးသီးက သူ့ဇာတ်လမ်းကို ဆက်ပြန်သည်။

"ခပ်တိုတိုပဲ ပြောရမယ်ဆိုရင်တော့ဟာ .. အဲဒီ မှောင်မည်းနေတဲ့ သချိုင်းကြီးကိုရောက်တော့ .."

ကောင်မလေးတွေက မိုးသီးကို မျက်စောင်းဝိုင်းထိုးကြသည်။

"ငါ့ဘကြီးနဲ့ သူ့သူငယ်ချင်းကလည်း သိပ်ကြောက်သွားတာပေါ့"

"ဟုတ်တာပေါ့ဟဲ့ .. ကာယကံရှင်တွေမပြောနဲ့ တို့တွေတောင် ကြောက်လာပြီ .."

"အဲဒီတော့ ငါ့ဘကြီးနဲ့ သူ့သူငယ်ချင်းက သူတို့မှာပါလာတဲ့ လေးခွတွေကို ထုတ်လိုက်ကြတယ် .. အဲဒီလို ထုတ်လိုက်ပြီးတယ်ဆိုရင်ပဲ သစ်ပင်ကြီးနောက်က လူမည်းမည်းကြီးတစ်ယောက် .. ဟာ ... ဟိုမှာ ... ဟိုမှာ ..."

မိုးသီးက အရှေ့တံခါးပေါက်ဆီသို့ မျက်လုံးကြီးပြူးပြီး ဆတ်ညှိုးညွှန်ပြနေသဖြင့် ကောင်မလေးတွေထိတ်လန့်ကုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အေးမြနှင့် သန်းသန်းရွှေက အလန့်တကြားထအော်လိုက်လေသည်။ ကျွန်တော်တို့လည်း တံခါးဝကိုလှမ်းကြည့်လိုက်သောအခါ ဆရာကြီးကတံခါးဝမှာ ခါးကြီးထောက်ပြီးရပ်နေလေသည်။

အတန်းတစ်ခုလုံး ဆူညံနေတာတွေ မီးကိုရေနှင့် ငြိမ်းသတ်လိုက်သလို တိတ်သွားလေသည်။ ဆရာကြီးသည် ကျွန်တော်တို့တစ်တွေကို မျက်မှောင်ကြီးကြုတ်ပြီး ကြည့်နေသည်။ ကျွန်တော်က . .

"ဟော့ကောင် မိုးသီး . . မင့်ဇာတ်လမ်းထဲက သစ်ပင်ကြီးနောက်ကထွက်လာတဲ့ လူမည်းမည်းကြီးဟာ ဆရာကြီးလား . ."

ကောင်မလေးတွေက တခွိခွိကျိတ်ရယ်ကြသည်။ ဆရာကြီးသည် အတန်းထဲသို့ တစ်လှမ်းချင်းဝင်လာသည်။ ပြီးတော့ တိတ်ဆိတ်သွားသည့် အတန်းကို ပို၍ချောက်ချားသွားစေရန် ဘောဖျက်ဖြင့်ကျောက်သင်ပုန်းကို တဒုံးဒုံးပုတ်လိုက်သည်။ ဆရာကြီးသည် စကားပြောမည်ပြုပြီးမှ မပြောသေးဘဲ ကျောက်သင်ပုန်းကို ဘောဖျက်ဖြင့်ထပ်ပုတ်လိုက်ပြန်သည်။

ပေတလူကမနေနိုင်တော့ပဲ ကျိတ်ရယ်လိုက်ပြီး . . .

"တစ်ခါပုတ်ရင်လုံလောက်နေပြီကွ . . အမှန်တော့ ဆရာကြီး မပုတ်ခင်ကတည်းက အတန်းက ငြိမ်ပြီးသားပါ"

ကျွန်တော်တို့အားလုံးခေါင်းတွေကို ငုံ့ထားပြီး အသံမထွက်အောင် ကျိတ်ရယ်လိုက်ကြသည်။ ထိုအခိုက်မှာပင် ဆရာကြီး၏ အသံကထွက်လာလေသည်။

"စည်းကမ်းရှိကြပါ . . စည်းကမ်းရှိကြပါလို့ ဆရာကြီး မင်းတို့ကို ခဏခဏပြောတယ် . .။ အခုကြည့်စမ်း . . ဘယ်လောက် စည်းကမ်းပျက်နေကြသလဲ . . ။ ဆူညံနေတာပဲ၊ ဆရာကြီးရုံးခန်းကတောင် ကြားတယ်။ မင်းတို့အင်္ဂလိပ်စာ ဆရာမမလာဘူး . . အဲဒါတိုးတိုးသက်သာ စကားပြောမယ် . . ၊ ဒါမှမဟုတ် စာတွေပဲ


www.burmeseclassic.com

www.burmeseclassic.com



လုပ်နေမယ် . . ၊ ဒီလိုပဲဖြစ်ရမှာ . . ။ အခုတော့ ဖြစ်ချင်တိုင်းဖြစ် နေကြတယ် . . မင်းတို့ အဲဒီလိုဖြစ်နေရလောက်အောင် . . စာတွေ တော်နေကြပြီလား . . စာမေးပွဲက ဒီလောက်နီးနေပြီ စာတွေပိုင် နေပြီလား . . "

ကျွန်တော်တို့ အားလုံးငြိမ်နေလေသည်။ ဆရာကြီးက တစ် တန်းလုံးကို မျက်လုံးဝေ့ကြည့်ပြီး ဆက်ပြောပြန်သည်။

"ကောင်းပြီလေ . . မင်းတို့ကြည့်ရတာ . . စာတွေအတော် ပိုင်နေပြီထင်တယ် . . အဲဒီတော့ စာနည်းနည်း မေးကြည့်ရအောင်ဒီ အချိန်က အင်္ဂလိပ်စာ အချိန်ဆိုတော့ အင်္ဂလိပ်စာပဲ မေးကြည့်မှာပဲ"

စာမေးမည်ဆိုသဖြင့် ကျွန်တော်တို့တွေ ထိတ်လန့်သွားကြပါ သည်။ ထို့ကြောင့် ခေါင်းငုံ့သူငုံ့ကြသည်။ အချို့က ရှေ့က ကျောင်း သား ကျောင်းသူတွေ ကိုယ်နှင့်ကွယ်၍ မသိမသာ ပုန်းကြသည်။ ဆရာကြီးက စားပွဲပေါ်မှ ကျောင်းခေါ်ချိန်စာအုပ်ကြီးဖွင့်လိုက်ပြီး စာမေးဖို့ စတင်လိုက်တော့သည်။

"မောင်ထွန်းလွင်"

ထွန်းလွင်က မတ်တတ်ထရပ်သည်။ သည်ကောင် မျက်စိ ချက်နှာပျက်နေလေသည်။

"ကျွန်တော်၏အမည်သည် မောင်ထွန်းလွင်ဖြစ်ပါသည် ဆိုတဲ့ စာကြောင်းကို အင်္ဂလိပ်လို ဘယ်လိုပြောမလဲ . . "

သည်ကောင်မသိမသာပြုံးလိုက်သည်။ ကျွန်တော်တို့လည်း နည်းနည်းစိတ်အေးသွားသည်။ ဆရာကြီးက လွယ်လွယ်ကလေး တွေမေးနေလေပြီ။ ထွန်းလွင်က ခပ်သွက်သွက်ပင် အင်္ဂလိပ်လို ဖြေလိုက်သည်။

"My name is Tun Lwin ပါ ဆရာကြီး . . "



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မနက်က ကျွန်တော့်မေမေ ငါးဟင်းချက်ပါသည် ဆိုတဲ့ စကားကို အင်္ဂလိပ်လို ဘယ်လိုပြောမလဲ. . "

"Today morning my mother cook fish ပါ ဆရာကြီး"

ဆရာကြီးသည် ပြုံးလေ၏။ ပြီးတော့ ထွန်းလွင်ကို ထိုင်ခိုင်း လိုက်ပြီး နောက်တစ်ယောက်ခေါ်ဖို့ ကျောင်းခေါ်ချိန် စာအုပ်ကြီးကို လှန်ပြန်သည်။

"မထွေးထွေးမာ . . "

ထွေးထွေးမာက ခပ်ကုပ်ကုပ်ကလေး ထရပ်သည်။

"ဤအရာသည် စာအုပ်တစ်အုပ်ဖြစ်ပါသည်ဆိုတဲ့ စာ ကြောင်းကို အင်္ဂလိပ်လို ဘယ်လိုရေးမလဲ"

ထွေးထွေးမာက ခပ်သွက်သွက်ဖြေသည်။

"This is a book ပါ ဆရာကြီး . . "

"ဤစာအုပ် မနေ့က ပျောက်သွားခဲ့လေသည်ဆိုတဲ့ စကားကို အင်္ဂလိပ်လိုဘယ်လိုပြောမလဲ"

ထွေးထွေးမာသည် တွေ၍ စဉ်းစားနေပြီး

"This book is lost yesterday အဲ This book was lost yesterday ပါဆရာကြီး . . "

ဆရာကြီးသည် ပြုံး၍ ထွေးထွေးမာကို ထိုင်ခိုင်းလိုက်ပြန် သည်။ ပြီးတော့ နောက်တစ်ယောက် အမည်ခေါ်ပြန်သည်။ သည် တစ်ခါတော့ ကျွန်တော့်အမည်ဖြစ်နေလေသည်။

"မောင်စစ်တွေနိုင် . . . "

ရယ်သံခပ်အုပ်အုပ်ထွက်လာကြသည်။

"ဆရာကြီး ကျွန်တော့်နာမည် စစ်ဆွေနိုင်ပါ . . စစ်တွေနိုင် မဟုတ်ပါဘူး. . . "

ဆရာကြီးသည် ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ .. ထင်တော့ ထင်သား .. မင်းစစ်တွေသား မဟုတ်ပါဘူးလို့ .. ကဲ .. မင်းကို မေးမယ့်မေးခွန်းက ကျွန်တော့်မှာ ခွေးတစ်ကောင်ရှိပါသည်ဆိုတဲ့ စကားကို အင်္ဂလိပ်လို ဘယ်လိုပြောမလဲ"

"I have a dog ပါဆရာကြီး"

"ဟုတ်ပြီ .. ဒါဆို ကျွန်တော်သည် နေ့စဉ်ပင် ထိုခွေးကလေးနှင့် ဆော့ကစားလေ့ရှိပြီး သူ့ကို ကျွန်တော်ရေချိုးပေးလေ့ရှိပါသည်။ အဲဒီ စကားတွေကို အင်္ဂလိပ်လိုပြောစမ်း"

"Everyday I play with this dog and I bathe him ပါဆရာကြီး"

ဆရာကြီး ပြုံးလိုက်ပြန်သည်။ ထိုအခိုက်မှာပင် ကျောင်းစာရေး ကိုမောင်မောင်က အပေါက်ဝသို့ ရောက်လာသည်။

"ဆရာကြီးဖုန်းလာနေတယ်. . ."

"အေး . . လာခဲ့မယ် . ."

ဆရာကြီးသည် စကားကို ခပ်ဖြည်းဖြည်းပြော၏။

"မဆိုးတော့ မဆိုးပါဘူး . . အေး . . ဆရာကြီးတလည်း လွယ်လွယ်လေးတွေ မေးလိုက်တာကိုး ဒါပေမယ့် ဆရာကြီးထပ်မေးဦးမယ်. ."

ကျွန်တော်တို့ ရင်တွေထိတ်သွားကြပြန်သည်။ ထိုအခါ ဆရာကြီးက ပြုံးလိုက်ပြန်သည်။

"အခုတော့ မဟုတ်ဘူးကွ . . နောင်အလျှဉ်းသင့်မှပေါ့ . . ကဲ မင်းတို့ဆရာမ မလာတဲ့အချိန်မှာ စာကြည့်နေကြပါ . .။ စကားပြောရင်လည်း ခပ်တိုးတိုးပဲပြောကြပါ . .။ ကဲ ဆရာကြီးသွားတော့မယ်"

တစ်တန်းလုံးမတ်တပ်ထရပ်၍ "မင်္ဂလာပါဆရာကြီး" ဟုဝ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြသည်။ ဆရာကြီးက "မင်္ဂလာပါတပည့်"တို့ဟု ပြော၍ အတန်းထဲမှ ထွက်သွားလေသည်။

"ဟော့ကောင်တွေ ဆရာကြီးဝင်လာတုန်းက တို့အားလုံး ဆရာကြီးကို မင်္ဂလာပါမလုပ်မိကြဘူးကွ . . ပြဿနာပဲ ရိုင်းများ ရိုင်းသွားလားမသိပါဘူး . . လာတုန်းက နွေးနွေးထွေးထွေး မကြိုဆိုဘဲနဲ့ ပြန်တော့မှ နွေးနွေးထွေးထွေးနဲ့ ပြောလိုက်တဲ့ ပုံစံမျိုးဖြစ်နေတယ် . ."

ပေတာလူပြောမှ ထိုအချက်ကို ကျွန်တော်တို့ စဉ်းစားမိလေသည်။ မတတ်နိုင်တော့။ အဲဒီအချိန်တုန်းက ကျွန်တော်တို့ တစ်တန်းသားလုံး ကြောက်စိတ်နှင့် မှင်သက်မိနေလေသည်။

"ဆရာပဲကွာ . . တပည့်တွေအပြစ်ကို ခွင့်လွှတ်မှာပါ . .။ ဒါပေမယ့် နောက်ကိုတော့ ဒီကိစ္စမျိုးကို သတိထားရမယ်ကွ . ."

တစ်တန်းလုံးသည် စကားသံတွေပြန်ထွက်လာသော်လည်း စောစောကလောက် မကျယ်တော့။ ထို့ကြောင့် ရှေ့တန်းက ကောင်မလေးတွေက ကျွန်တော်တို့ဘက်ပြန်လှည့်လာကြပြန်သည်။

"မိုးသီး . . စောစောက ဇာတ်လမ်းကိုဆက်ပြောဟာ . ."

မိုးသီးက ဈေးကိုင်နေပြန်သည်။ နောက်ဆုံးတွင် ကျွန်တော်တို့ကပါ တိုက်တွန်းလိုက်သောကြောင့် သည်ကောင်စိတ်ပါလာလေသည်။

"ဒီလိုဟ . . အဲဒီမှောင်မည်းနေတဲ့ သချိုင်းကုန်းကြီး"

"ဟဲ့ . . သစ်ပင်ကြီးအောက်က လူမည်းမည်းကြီး ထွက်လာတဲ့ နေရာရောက်နေပြီ . . နင့်မလည်း သချိုင်းကုန်းထဲက ကိုမထွက်နိုင်ဘူး"

"မရှည်စမ်းနဲ့ မိုးစန္ဒာ။ ငါသိတယ် . .။ ဒါနဲ့ သစ်ပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အောက် က လူမည်းမည်းကြီးလည်း ထွက်လာရော . . ငါ့ဘကြီးနဲ့ သူ့သူငယ်ချင်းက လေးခွနဲ့ဆော်တော့တာပေါ့ . . "

"နေဦး တို့မရှင်းလို့မေးဦးမယ် . . သစ်ပင်အောက်က ထွက်လာတာက လူလား . . သရဲလား . . ."

"အဲဒါပဲ . . နင်တို့ဉာဏ်မရှိပါဘူး ပြောတော့လည်း မခံချင်ကြဘူး . . သချိုင်းကုန်းရဲ့ သစ်ပင်အောက်ကထွက် လာမှ တော့ လူဖြစ်နိုင်ပါ့မလား . . လူအရွယ်မို့ လူမည်းမည်းကြီးလို့ လွယ်လွယ်ပြောလိုက်တာ. . "

"ဒါဆို သရဲမည်းမည်းကြီးပေါ့"

"အေးပေါ့ အေးမြရယ် . . လူအရွယ်လောက်ရှိတဲ့ သရဲ မည်းမည်းကြီးပေါ့ . . "

"အင်း . . အဲဒါနဲ့ ငါ့ဘကြီးတို့ကလည်း အဲဒီသရဲကြီးကို လိုက်ပြီး လေးခွနဲ့ပစ်တော့တာပေါ့ . . သရဲကြီးကလည်း ကြောက်ပြီး ပြေးရောကွ . . ငါ့ဘကြီးတို့ကလည်း လေးခွနဲ့လိုက်ပစ်ရင်း လိုက် ပစ်ရင်းနဲ့ သရဲကြီးက တဖြည်းဖြည်းသေးလာတယ် . . ။ ဘယ်လောက် ထိသေးလာသလဲဆိုရင် နင်တို့မျက်နှာလောက်ကို သေးလာတယ်. . "

"နှိုင်းစရာရှားလို့ဟယ် . . အယုတ်တမာကောင် . . "

"ဟား . . ဟား"

"နောက်ဆုံးတော့ဟာ လေးခွနဲ့ တစ်ချက်ထိ တစ်ခါသေနဲ့ နောက်ဆုံးတောက်တဲ့လောက်အရွယ်လောက်ဖြစ်လာပြီး သရဲကြီးဟာ တောက်တဲ့ ကြီးဖြစ်သွားတယ် . . "

ထိုအခိုက်မှာပင် ကျွန်တော်တို့ အတန်းခေါင်မိုးတိုင်ပေါ်မှ တောက်တဲ့တစ်ကောင်ကလည်း ကျွန်တော်တို့စကားပြောနေရာ စားပွဲပေါ်သို့ ဖုတ်ခနဲပြုတ်ကျလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေး သရဲ .. သရဲ .. ဟုတ်ပါဘူး .. တောက်တဲ့ တောက်တဲ့ .."

ရုတ်တရက်ဖြစ်၍ ကျွန်တော်တို့ အုပ်စုလည်း အလန့်တကြား ထပြေးကြလေသည်။ တောက်တဲ့ကလည်း ဘယ်ပြေးရမှန်း မသိဖြစ်နေရာမှ ခြေဦးတည့်ရာခုံတွေဘက်ထွက်ပြေးသဖြင့် တစ်တန်းလုံး ရှုတ်ရှုတ်သဲသဲ ဖြစ်သွားလေတော့သည်။

✿✿✿

www.burmeseclassic.com

www.burmeseclassic.com

## (၁)

သို့အဖေ၏ ရက်လည်ဆွမ်းသွတ်၌ အမေစိုးက မုန့်ဟင်းခါး ချက်ပေးသဖြင့် ဆွမ်းကျွေးသို့လာကြသောသူတွေ သဘောကျကြလေသည်။ ခါတိုင်းမုန့်ဟင်းခါး နှစ်ပွဲလောက်စားသည့် လူတွေက သုံးလေးပွဲစားကြသဖြင့် မုန့်ဟင်းခါးသည် နံနက် ၁၀ နာရီလောက်တွင် ပြတ်သွားလေတော့သည်။ နောက်ထပ်ရောက်လာသည့် လူတွေကိုတော့ ကော်ဖီမစ်နှင့် ဘီစကစ်သာ ကျွေးနိုင်တော့သည်။ သို့သော် ကျွန်တော်တို့ တောရွာ၌ အလှူပွဲလမ်း၊ ဆွမ်းကျွေးတို့ကို လာကြသည့် ပရိသတ်သည် နံနက် ၆ နာရီနှင့် ၇ နာရီအတွင်းလောက်မှာ အများဆုံးဖြစ်ပြီး တဖြည်း ဖြည်းနှင့် လူပါးလာလေသည်။

ငှင်းအဖြစ်အပျက်မှာ ဆန်းတော့မဆန်းချေ။ တောသူတောင်သားတို့ဘဝနှင့် မြို့သူမြို့သားတို့၏ ဘဝမတူပါ။ တောသူတောင်သားတို့သည် ညဆိုစောစောအိပ်၍ နံနက်ဆိုစောစောထ တတ်ကြပါသည်။ ကျွန်တော်တို့ ရွာမှ ကိုကြီးသာဒင်က ကျွန်တော်တို့ နားမလည်သော စကားအချို့ကို ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တို့တောသူတောင်သားတွေ သားသမီးများတာ ဘာဖြစ်လို့လဲကွ သိလား .. တို့တောသူတောင်သားတွေရဲ့ဘဝဟာ မြို့မှာလို ဖျော်ဖြေရေးတွေကလည်း မရှိဘူးကွ .. တခြားအပျော်အပါးတလည်း မရှိဘူး .. အဲဒီတော့ မြို့မှာထက် ကလေးများတယ်ကွ"

သူ့စကားကို ကျွန်တော် နားမလည်သော်လည်း စောဒကမတတ်ရပါ။ စောဒကတက်လို့ သူမဖြေနိုင်လျှင် ကျွန်တော်တို့ကို ခေါင်းခေါက်တတ်သောသူ့အကျင့်ကြောင့်ပင်ဖြစ်လေသည်။ ကိုကြီးသောင်းကတော့ ရယ်၍ ...

"မင်းပြောတာဟုတ်တော့ ဟုတ်တယ်သာဒင်ရ .. တို့ရွာမှာ ကလေးတော့ များတယ် .."

သီသိုအဖေရက်လည်ဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်ကြသော ကလေးတွေကမနည်းပါ။ သူတို့တွေကို သီးသန့်လေးဝိုင်းဝိုင်းပေးထား ရသည်။ ဒါတောင်မှ ရပ်စောင့်နေကြသည့် ကလေးတွေမနည်းပါ။

"ကဲ .. ကဲ အနာဂတ်ကြယ်ပွင့်ကလေးတွေ မြန်မြန်သွက်သွက်ကလေးစားသုံးတော်မူကြပါ .. နောက်မှာ အနာဂတ်ကြယ်ပြောင်ကလေး တွေအများကြီး စောင့်နေပါတယ်.."

ကိုကြီးသာဒင်က ကလေးတွေ ဝိုင်းကို ဟင်းရည်လိုက်သောတာဝန်ကိုယူထားပြီး သူ့ပါးစပ်ကလည်း ပွစိပွစိနှင့် အသံမျိုးစုံ ထွက်နေလေသည်။

"ဟော့ကောင် မောင်မျိုးတို့ ညီအစ်ကိုတစ်တွေ .. သေသေသပ်သပ်စားကြစမ်းကွာ .. မင်းတို့အဖေနဲ့ အမေလည်း တခြားဖြေဖျော်ရေး မရှိဘူးထင်တယ်။ ဟုတ်လား .. မွေးထားလိုက်တာ .. ဘုစုခရုတွေ ခြောက်ယောက်တောင် .. ဟာ ဟော့ကောင်



www.burmeseclassic.com

www.burmeseclassic.com



နွှန်းကိုကြမ်းပေါ်မချနဲ့ .. မင်းကြီးတော်ထဲမှပဲ .. ခေါင်းတို ပိတ်ခေါက်လိုက်ရ .."

ကျွန်တော်တို့လည်း အခြားဝိုင်းတွေကို ဟင်းရည်လိုက်ပေး ရင်းက ကိုကြီးသာဒင်၏အသံတွေကြောင့် ရယ်လိုက်ကြပါသည်။ သီသီ သည် ကျွန်တော့်လက်ထဲက ချိုင့်ကိုလှမ်းယူပြီး ဟင်းရည်ထပ်ဖြည့် ပေးရန် အိမ်နောက်ဖေးသို့ဝင်သွားလေသည်။ သီသီသည် တည်တည် ငြိမ်ငြိမ်ကလေးဖြစ်နေ၏။ အသုဘချသောနေ့က ကျွန်တော်တို့အုပ်စု ကို လာပြီး စကားတွေပြောပြနေခဲ့လေသည်။

"ငါ့အဖေဆုံးသွားပေမယ့် တို့အခြေအနေက ပြောင်းလဲသွား မှာတော့ မဟုတ်ပါဘူး ..။ အင်း လုပ်အားတော့ တစ်ယောက်လျော့ သွားတာ ပေါ့ဟာ ..။ အဖေက အရက်သောက်တတ်တယ်ဆိုပေ မယ့် အလုပ်တော့လုပ်တယ်ဟ ..။ ငါတစ်ခုပဲ စိတ်ပူတယ် .. ငါကျောင်းတက်မှ တက်ခွင့်ရပါတော့မလားမသိဘူး .. ငါ့အဖေ တိုယ်စား လယ်ထဲဆင်းချင်ဆင်းရမှာ"

ကျွန်တော်တို့ စိတ်မကောင်းဖြစ်သွားကြလေသည်။ ထိုအထဲ တွင် ကျွန်တော်ကပို၍ ခံစားရလေသည်။ သီသီတို့တွင် လယ်ကွက် ၅ ကွက်လောက်ရှိပြီး ယခင်ကတော့ သီသို့အဖေ ဦးတင်သောင်းက လယ်ထဲသို့ ဆင်းသည်။ သူမ၏ အမေဖြစ်သူ ဒေါ်တင်မြကလည်း အချိန်ရလျှင်ရသလို လယ်ထဲသို့ ဆင်းလေ့ရှိ၏။ ယခုအတိုင်းဆိုလျှင် လာမည့်နှစ်မိုးရာသီ၌ သီသီ ကိုယ်တိုင်ပင် လယ်ထဲဆင်းရမည့် သဘောဖြစ်နေလေသည်။ သီသို့အပေါ် ကရုဏာသက်သော စိတ် သည် သူငယ်ချင်းအားလုံးထက် ကျွန်တော်ကပိုနေမည် ထင်ပါသည်။

"အချိန်တွေက လိုတော့လိုပါသေးတယ်ဟာ ..။ တို့လည်း ဝိုင်းပြီး အကြံညာဏ်ပေးပါဦးမယ်"

ကျွန်တော့်စကားကြောင့် သီသီက ပြုံးပြလေသည်။ နုတ်

www.burmeseclassic.com

www.burmeseclassic.com



လည်ဆွမ်းသွတ်ပြီးသောအခါ သီသီတို့အိမ်မှာ ပစ္စည်းပစ္စယတွေ သိမ်းကြလေသည်။ ကျွန်တော်တို့ သူငယ်ချင်းတစ်အုပ်လည်း သီသီ့ကို နှုတ်ဆက်၍ အိမ်သို့ပြန်ခဲ့ကြသည်။ ယနေ့သည် တနင်္ဂနွေနေ့ဖြစ်၍ ကျွန်တော်တို့ ကျောင်းပိတ်ပါသည်။

"ဟော့ကောင်တွေ ထမင်းစားပြီးရင် ပြန်ဆုံကြမယ်.."

"ငါကတော့ ဂစ်တာတီးချင်တယ်ကွာ .."

"ဒီလိုလုပ်ကွာ.. အိမ်မှာနေရတော့လည်း ပျင်းတယ်.. ကိုတင်အောင့် ဆံသဆိုင်ကို မင်းက ဂစ်တာယူလာခဲ့ .. တို့က ကျားထိုးမယ်"

ကျွန်တော်တို့ ရွာကလေးမှာ ကိုတင်အောင်၏ ဆံသဆိုင်က ကျွန်တော်တို့အရွယ် လူပျိုပေါက်တွေကနေ လူပျိုဟိုင်းကြီးတွေထိ စုံလင်ပါသည်။ တစ်ခါတစ်ရံ ကိုတင်အောင်က သူ့မယ်ဒလင်ဖြင့် သီချင်းတွေ ဆိုတီး ပြလေ့ရှိပြီး ကျားဝိုင်း၊ စစ်တုရင်ဝိုင်းတွေကလည်း ရှိပါသည်။ ပြီးတော့ ကိုတင်အောင်၏ ဆံသဆိုင်က လူတွေစုံသဖြင့် ရွာထဲမှ သတင်းထူးများ လည်း ကြားရလေ့ရှိပါသည်။

ထမင်းစားသောက်ပြီးသော် ကျွန်တော်တို့ အဖွဲ့ ကိုတင်အောင်ဆိုင်မှာ ပြန်ဆုံကြသည်။ သူ့ဆိုင်မှာ ကိုကြီးသာဒင် ကိုကြီးသောင်းကလည်းရောက်နေကြသည်။ ကျွန်တော့်ဂစ်တာကို ပထမပိုင်းမှာ ကိုတင်အောင်က ယူယူတီးသော်လည်း နောက်ပိုင်းတွင်လက်ပျက်သည်ဟုဆိုကာ မတီးတော့ချေ။ ဂစ်တာနှင့် မယ်ဒလင်က လက်ကွက်အကျဉ်းအကျယ်ကအစ မတူညီပါ။

"ဟော့ကောင်လေးတွေ မင်းတို့စာမေးပွဲကြီး နီးပြီကွနော် .. နောက်တစ်လကျော်ကျော်လောက်ဆို စစ်တော့မှာ.."

ကျွန်တော်တို့ ရှစ်တန်းကျောင်းသားကျောင်းသူတွေက စာမေးပွဲအတွက် စိတ်သိပ်မလှုပ်ရှားကြသော်လည်း ဆယ်တန်း



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူကျောင်းသားတွေကတော့ စိတ်လှုပ်ရှားနေကြလေသည်။ ကိုတင်အောင့်ဆိုင်ရှေ့က သစ်ပင်ရိပ်မှာ ကျွန်တော်က ဖိနပ်ကို ဖင်ခုထိုင်လိုက်ပြီး ဂစ်တာကို စ,ကျင့်တော့၏။ သည်တစ်လအတွင်း တွင် ကျွန်တော့်တီးခတ်မှုပညာမှာ သိသိသာသာ တိုးတက်လာ လေသည်။

ယခုလည်း ကျွန်တော် နည်းနည်းတီးလိုက်သည်နှင့် ကိုတင် အောင်ကစ၍ ချီးကျူးသည်။

"စစ်ဆွေတိုးတက်လာတယ်ကွ .. ကြိုးစားထားငါ့ညီ .. နောက် နှစ်လောက်ဆို မင်းနဲ့ငါတွဲတီးကြမယ် .."

မြတ်စွာဘုရား ဂစ်တာနှင့် မယ်ဒလင်တွဲတီးလို့ကတော့ တဗျင်းဗျင်းအသံနှင့် တူနယ်တဲ့နယ်တို့ရှုပ်ကုန်ပေလိမ့်မည်။ ပေတလူ နှင့် မိုးသီးကတော့ ကျားကစားသည့် ခုံကိုယူ၍ ကျားကစားကြတော့ သည်။ ကိုတင်အောင်ကတော့ ဆံပင်ညှပ်သူမလာသေး၍ ကိုကြီး သာဒင်နှင့် ကိုကြီးသောင်းတို့နှင့်အတူ စကားထိုင်ပြောနေလေသည်။

"ဦးကျော်မြင့်တို့အိမ်မှာ မြို့က ကောင်တစ်ယောက် ရောက် နေတယ်ကွ ..။ ဒီကောင့်လည်ပင်းမှာ ရွှေဆွဲကြိုးကြီးကလည်း မျှော့ကြီးကျနေတာပဲ .. လက်က ဟန်းချိန်းကလည်း အကြီးကြီး ..။ ပိုက်ဆံတော့ အတော်ချမ်းသာပုံရတယ်ကွ .."

"နေပါဦး သာဒင်ရ .. အဲဒီလူက ဦးကျော်မြင့်တို့အိမ် ဘာလာလုပ်တာလဲ .."

"ဦးကျော်မြင့်ရဲ့တူလို့ ပြောတာပဲ ..။ သည်လူက စပါး တုန်သည်တဲ့ .. နိုင်ငံခြားကို စပါးပို့ဖို့ ကုမ္ပဏီထောင်ထားတယ်တဲ့"

သူတို့ပြောနေတာကို ကျွန်တော်စိတ်သိပ်မဝင်စားပါ ဂစ်တာ တိုသာ မဲတီးနေမိပါသည်။ ခဏနေတော့ ကိုတင်အောင်ဆီ ဆံပင်

www.burmeseclassic.com



ညှပ်မည့် ကလေးတစ်ယောက်ရောက်လာသည်။ ကလေးက အသက် ၁၀ နှစ်လောက် ပဲရှိမည်။

"ဟော့ကောင် ဖိုးခွား . . ဆံပင်ညှပ်မှာကတော့ ဟုတ်ပါပြီ . . ပိုက်ဆံရောပါရဲ့လား . ."

"ပါတာပေါ့ဗျာ . . ဒီမှာတွေ့လား . ."

"အေး . . ဒါဆို မင်းခုံပေါ်တက် . ."

"ဦးလေး . . ဆံပင်ညှပ်ခက ဘယ်လောက်လဲ . . ကလေးခ တို့ ပြောတာနော် . ."

"နှစ်ရာကွ . ."

"ခေါင်းတုံးဆိုရင်ရောဗျာ . ."

"ခေါင်းတုံးဆို တစ်ရာ . ."

"လူကြီးခေါင်းတုံးလည်း တစ်ရာပဲလား"

"အေး . ."

"ဆံပင်ညှပ်ခကျတော့ ကလေးအတွက် ဈေးလျှော့ပြီး ခေါင်းတုံးကျတော့ ဈေးမလျှော့ဘူး . . မဟုတ်သေးပါဘူး . ."

"ဟော့ကောင် စကားမရှည်နဲ့ ညှပ်ချင်ညှပ် မညှပ်ချင်ပြန်"

ကလေးက ကိုတင်အောင်ကို ဘုကြည့်ကြည့်ပြီး ဆံပင်ညှပ်ခုံပေါ် တက်ထိုင်သည်။ ကိုတင်အောင်က ကလေးကိုယ်ကိုပိတ်စပတ်ပေးရင်း . .

"ကဲ . . ဘာပုံညှပ်မှာလဲပြော . . ."

"ခေါင်းတုံးက ဈေးပေါတယ် . .။ ခေါင်းတုံးပဲ တုံးပေးဗျာ . . ပိုတဲ့ ပိုက်ဆံနဲ့ညကျရင် အာနီးကားသွားကြည့်ရမယ် . ."

"ဟော့ကောင် . . ဖြစ်ရဲ့လား . .။ တော်ကြာ မင့်အမေ စွာကျယ်မကြီး ဆူနေလိမ့်မယ်နော် . . ."

"ရပါတယ်ဗျာ . . ပိုင်ပါတယ် . ."

www.burmeseclassic.com

www.burmeseclassic.com



ဖိုးခွားကို ကိုတင်အောင်က ခေါင်းတုံးတုံးပေးလိုက်တော့သည်။ ကိုကြီးသာဒင်က ဖိုးခွားကို လှမ်းမေးသည်။

"ဟေ့ဖိုးခွား မင်းတို့မောင်နှမ ဘယ်နှယောက်လဲ .."

"ခြောက်ယောက် .."

"ဒီကောင်တွေလည်း မောင်နှမများတယ်ကွ .. ငါပြောသလိုပါပဲကွာ .."

ကိုကြီးသာဒင်နှင့် ကိုကြီးသောင်းတို့ ခပ်ပြုံးပြုံးလုပ်နေကြသည်။ သူတို့နှစ်ဦးသည် လူဖျံဟိုင်းကြီးများဖြစ်ကြသည်။ ခဏနေတော့ ဖိုးခွားကို ခေါင်းတုံးတုံးပြီးသွားသည်။ သည်ကောင်ပြန်သွားပြီး မကြာခင်ပင် ပြဿနာတက်တော့သည်။ ဖိုးခွား၏ လက်ကိုဆွဲ၍ သူ့အမေ ဒေါ်ဝင်းစိန်ကြီး ရောက်ချလာသည်။

"သူ့ကို ဘာလို့ ခေါင်းတုံးတုံးပေးလိုက်ရတာလဲ .."

"သူတုံးခိုင်းလို့ .. ဘာဖြစ်လို့လဲ .."

"ဘာဖြစ်ရမလဲ .. ဒီလောက်အေးတဲ့ ဆောင်းတွင်းကြီးမှာ ခေါင်းတုံးတုံးပေးလိုက်တယ် .. မသကာနွေမှာဆိုတော်သေး"

"ဟာ .. ဒါတော့ ဘယ်သိမလဲဗျ ..။ သူတုံးခိုင်းလို့ ကျုပ် တုံးပေးတာပဲ ..။ ကိုယ့်ကလေးကိုယ်အသေအချာ မှာလိုက်ပေါ့ ..။ ဒီကောင် က ဗီဒီယိုကြည့်ချင်လို့ ပိုက်ဆံပိုထွက်လာအောင် လုပ်တာ.. ကျုပ်မှာ သက်သေတွေအများကြီးရှိတယ် .."

ဒေါ်ဝင်းစိန်၏ ဒေါသသည် သူ့သားအပေါ်သို့ ရောက်သွားသည်။

"နင်ကလည်း ငါသေသေချာချာမှာလိုက်တာကို နားမထောင်ဘူး။ တစ်နေ့တစ်နေ့ ဗီဒီယိုတွေပဲ ကြည့်ချင်တယ် ..။ နင်တော့လား အိမ်ကျမှသိမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဝင်းစိန်သည် ဖိုးခွားကို လက်မောင်းရင်းမှ ကိုင်၍ ဆွဲခေါ်၏။

"ဗျို့ ဒေါ်ဝင်းစိန်ကြီး ခင်ဗျားရော ဗီဒီယိုတွေ ဘာတွေ မကြည့်ဘူးလားဗျ. . ."

ကိုကြီးသာဒင်က ဒေါ်ဝင်းစိန်ကို လှမ်းမေးလိုက်ရာ ဒေါ်ဝင်းစိန်က မျက်ထောင့်နီကြီးနှင့် လှည့်ကြည့်သည်။

"အလိုတော် အားအားယားယား မကြည့်နိုင်ပါဘူးတော်. ."

"သီချင်းရော နားမထောင်ဘူးလား"

"ငါတို့အိမ်မှာ ကက်ဆက်မရှိဘူးဟဲ့ လတ်လျားလတ်လျား ကောင်တွေရဲ့ . ."

"ဒါဆို ခင်ဗျားမှာ ဖြေဖျော်ရေး တစ်ခုမှ မရှိဘူးပေါ့. . ."

"အေး . . ငါ အဲဒါတွေကို စိတ်မဝင်စားဘူး . ."

"ဒါကြောင့် ကျွန်တော်တို့လည်း ထင်တော့ ထင်သား . . ဟား ဟား . ."

ဒေါ်ဝင်းစိန်သည် ဘုကြည့်ကြည့်ပြီး ထွက်သွားလေသည်။ ကိုကြီးသာဒင်တို့က တဟားဟားပွဲကျနေကြလေသည်။ ထိုအခိုက်မှာပင် ရွာလမ်းမမှာ မော်တော်ဆိုင်ကယ်တစ်စီး မောင်းဝင်လာသည်ကို တွေ့လိုက်ရသည်။ ဖေဖေများလားဟု ကျွန်တော်က ဂရုပြုကြည့်လိုက်သော်လည်း ဖေဖေ မဟုတ်။ ဖေဖေ့ဆိုင်ကယ်က သေးသေးလေး။ ယခုလာနေသည့် ဆိုင်ကယ်ကပိုကြီးပြီး တန်ဖိုးအတော်ကြီးမည့်ပုံရသည်။

ဆိုင်ကယ်ပေါ်တွင် လူတစ်ယောက်က သားရေဂျာကင်ကို ဝတ်ထားပြီး နေကာမျက်မှန်အနက်တပ်ထားသည်။ အောက်ကတော့ ဂျင်းဘောင်းဘီဝတ်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ .. ငါပြောတာ အဲဒီကောင်ပေါ့ကွ .. စပါးပွဲစား ဆိုလား စပါးကုန်သည်ဆိုလား .."

ကျွန်တော် လက်ထဲက ဂစ်တာကို ချလိုက်သည်။ ဆိုင်ကယ်နှင့် လူသည် ကျွန်တော်တို့ ရှေ့လမ်းမှဖြတ်ပြီး ရွာအနောက်ဘက်ဆီသို့ မောင်းထွက်သွားသည်။ ပေတလူနှင့် မိုးသီးတို့ကလည်း ကျားထိုးနေရာမှ ထိုဆိုင်ကယ်ကို မျက်စိတစ်ဆုံးလိုက်ကြည့်နေသည်။

"ဒီလူဝတ်ထားတာတွေက ဈေးတော့ကြီးလိမ့်မယ်ကွ ..။ ဆိုင်ကယ်ကလည်း ကောင်းလိုက်တာကွာ .. စက်သံကို ညက်နေတာပဲ .."

ကျွန်တော့်ရင်ထဲသို့ စိုးရိမ်စိတ်တစ်ခုက ရောက်လာသည်။ ဘာ ကိုစိုးရိမ်မှန်းတိတိကျကျသေသေချာချာမသိရသော်လည်း ထိုသူ့အပေါ်တွင် ထူးထူးခြားခြားပင် ဘဝင်မကျစိတ်က ဖြစ်လာရပါသည်။

ညနေစောင်းပြီဖြစ်သဖြင့် ကျွန်တော်တို့လည်း ကိုကြီးသာဒင်တို့ကိုနှုတ်ဆက်ပြီး အိမ်သို့ပြန်လာခဲ့လေသည်။ ဖေဖေက ခဏနေတော့ ပြန် ရောက်လာသည်။ ပြီးတော့ ဖေဖေရေမိုးချိုးပြီးသောအခါ ကျွန်တော်တို့ မိသားစု ညစာထမင်းစားကြသည်။ ဟင်းကတော့ ဝက်သားဆီပြန်နှင့် ချဉ်ပေါင်ဟင်း။ ပြီးတော့ ငါးပိရည် တို့စရာ၊ ဖေဖေသည် မေမေ့လက်ရာကို မြိန်ရေယှက်ရေပင်စားနေသည်။

"သား စားလေ .. ဘာဖြစ်လို့လဲ .. စားမကောင်းလို့လား"

"စားပါတယ် ဖေဖေ .."

"တို့ မြန်မာတွေရဲ့ ဟင်းစစ်စစ်က ချဉ်ပေါင်ဟင်းပဲကွ .. အာဟာရလည်းဖြစ်တယ် .. ထမင်းလည်းမြိန်တယ် ..။ နောက်ပြီး တို့စရာနဲ့ ငါးပိရည် .. တို့စရာဆိုတာလည်း အသီးအရွက်တွေကို သတ်လတ်ဆတ်ဆတ်မို့ ကျန်းမာရေးအတွက် သိပ်ကောင်းတယ် ..။



www.burmeseclassic.com

www.burmeseclassic.com



အဲ .. ငါးပိရည်ကတော့ စားလို့ကောင်းပေမယ့် အများကြီး မစားသင့်ဘူးကွ .. ။ အငန်ဓာတ်ဟာ လူကိုအတော်ဒုက္ခပေးတယ် . . ."

ထမင်းစားနေဆဲမှာပင် ဖေဖေ့ကို လူနာအတွက် လာပင့်ပြန်သည်။ ဖေဖေသည် စားလက်စထမင်းကို ခပ်မြန်မြန်ပင် လက်စသတ်သည်။

"ဘာဖြစ်တာလဲကွ .. မြင့်နိုင် .."

"ကျွန်တော့် မိန်းမ မျက်နှာမြင်ချင်လို့ ဆရာ .."

ကျွန်တော့် စိတ်ထဲဘဝင်မကျဖြစ်သွားမိသည်။ ကိုမြင့်နိုင်က ဖေဖေ့ကို အားမနာပါးမနာဘဲ သူ့မိန်းမ မျက်နှာမြင်ချင်၍ လာပင့်နေသည်။ ဖေ့ဖခမျာ ဆေးရုံကလည်း တစ်နေ့လုံး ပင်ပန်းရသည်။ ပြီးတော့ ဆေးရုံနှင့် ရွာကလည်း ၁၀ မိုင်လောက်ရှိသည်။ သည်ခရီးကို ဖေဖေ့အသက်အရွယ်နှင့် ဆိုင်ကယ်စီးရသည်မှာ ပင်ပန်းပါလိမ့်မည်။

"သား စားလို့ပြီးရင် ဖေဖေနဲ့ ခဏလိုက်ခဲ့ကွာ .."

"အို .. ကိုကိုကလည်း သားစာကျက်စရာတွေရှိနေတယ် .. နောက်ပြီး သားကိုဆေးကုရင် ခေါ်ခေါ်သွားတာ ဝေ မကြိုက်ဘူး .."

ဖေဖေသည် ပြုံးလေသည်။

"ကိုကို သားကို ခေါ်ခေါ်သွားနေတာ အဓိပ္ပာယ်ရှိတယ် ဝေ .. ရည်ရွယ်ချက်ရှိတယ် .. နောက်မှကိုကိုရှင်းပြမယ် .."

ကျွန်တော် ဆက်လက်ပြီး သည်းမခံနိုင်တော့သဖြင့် ကိုမြင့်နိုင်ကို လှမ်းပြောလိုက်မိလေသည်။

"ကိုမြင့်နိုင်ကလည်း မိန်းမမျက်နှာမြင်ချင်တာများ လွယ်လွယ် လေး . . . သူ့ရှေ့က ထိုင်ပြီးကြည့်ပေါ့ဗျ. ."

www.burmeseclassic.com

www.burmeseclassic.com



သည်လူက ကြောင်နေ၏။ ကျွန်တော့်ကို ဖေဖေက ရယ်၍ ရှင်းပြသည်။

"ကလေးမွေးတာကို ဖေဖေတို့ မြန်မာစကားမှာ အမျိုးမျိုး ပြောကြတယ် .. မီးဖွားတယ်၊ မျက်နှာမြင်တယ် .. စသဖြင့်ပေါ့ .. အခု ကိုမြင့်နိုင် မိန်းမက ကလေးမွေးတော့မယ် .."

နောက်တော့ ထုံးစံအတိုင်းပဲ ကျွန်တော်က ဆိုင်ကယ်မောင်း၍ ဖေဖေက ဆေးသေတ္တာကိုင်ကာ နောက်မှလိုက်သည်။ ကိုမြင့်နိုင်တို့၏တဲသည် စုတ်ချာလွန်းလှသည်။ အမိုးကလည်း မလုံ၊ အကာတွေကလည်း ပေါက်ပြဲနေ၏။ အိမ်၏အတွင်းခန်းမှာ ကိုမြင့်နိုင်၏မိန်းမ မရွှေက တဟင်းဟင်းနှင့် ညည်းနေသည်။ ဖေဖေက ကျွန်တော့်ကို အိမ်ရှေ့ခန်းမှာပဲနေစေပြီး သူကတော့ အတွင်းခန်းသို့ဝင်သွားသည်။

ခဏနေတော့ ဖေဖေပြန်ထွက်လာပြီး ကိုမြင့်နိုင်ကို အပြင်သို့ ခေါ်ထုတ်သွားပြီး စကားပြောသည်။

"မင့် မိန်းမ အားသိပ်နည်းနေတယ်ကွ ..။ ငါ့သဘော ပြောရရင် ဆေးရုံတင်လိုက်တာ ကောင်းမယ်.."

"ဟာ ဒုက္ခပါပဲ ဆရာ .. ဆေးရုံကတော့ မတက်ပါရစေနဲ့ ဆရာ ဆရာ ကြည့်လုပ်ပေးလို့မရဘူးလားဟင် ..။ လုပ်လို့ရရင် လုပ်ပေးပါဆရာ ကျွန်တော် ဆရာ့ကျေးဇူးမမေ့ပါဘူး.."

"ငါ့မှာ ဆေးတွေရော .. ပစ္စည်းတွေရော မစုံဘူးကွ .. ဆေးရုံမှာမှ စုံတာ.."

"ကြည့်လုပ်ပေးပါဆရာ ... ကျွန်တော် တောင်းပန်ပါတယ်"

"ဒါနဲ့ မင့်မှာပိုက်ဆံဘယ်လောက်ရှိလဲ .."

ကိုမြင့်နိုင်က သူ့အကျီထဲမှ ပိုက်ဆံအနွမ်းကလေးတွေကို ထုတ်၏။ ဖေဖေသက်ပြင်းချလိုက်သည်ကို ကျွန်တော် တွေ့ရသည်။ ပတ်ဝန်းကျင်တစ်ခုလုံးလည်း တဖြည်းဖြည်းမှောင်လာသလ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖေဖေက အိမ်ဘက်ကို ပြန်စောင်းကြည့်ရင်း စဉ်းစားနေသည်။ ခဏနေမှ တစ်စုံတစ်ခုကို ဆုံးဖြတ်ပြီးဟန်နှင့် ကျွန်တော့်ကို လှမ်းခေါ်လေသည်။

"သား . . သားဆီက အကူအညီတစ်ခု ဖေဖေယူချင်တယ်"

"ဟုတ်ကဲ့ . . ပြောပါဖေဖေ . ."

"လူနာ့အတွက် အချိန်ဟာ သိပ်ကို အရေးကြီးနေပြီ . . ဆေးရုံပို့ဖို့ကလည်း သိပ်မလွယ်ဘူး သား သားမြင်တဲ့အတိုင်းပဲ . . . အဲဒီတော့ ဖေဖေစာရေးပေးလိုက်မယ် . . မြို့ကို အမြန်ဆုံးသား သွားပါ . . အဲဒီက ဆေးဆိုင်က ဒီအချိန်ဆို ပိတ်လိမ့်မယ်မထင်ဘူး . . ။ ဖေဖေမှာလိုက်တဲ့ ဆေးတွေ အမြန်ဆုံးသွားဝယ်ပြီး မြန်မြန်သာ ပြန်လာခဲ့ . . ဖေဖေ ဒီမှာ လုပ်စရာရှိတာတွေ လုပ်ထားလိုက်မယ်"

ဖေဖေက သူ့ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံတချို့ကို ထုတ်၍ ကျွန်တော့်ကိုပေးပြီး စာရွက်တစ်ရွက်မှာ လိုအပ်သော ပစ္စည်းတွေနှင့် ဆေးတွေချရေးနေ၏။ ပြီးတော့ ကျွန်တော့်ကိုပေးသည်။ ကျွန်တော်လည်းဆိုင်ကယ်ကိုမောင်းပြီးထွက်လာခဲ့လေသည်။ လမ်းတစ်လျှောက်တွင် မှောင်နေလေပြီ။ အမှန်အတိုင်းပြောရလျှင် သည်လမ်းကို ညဘက်တစ်ယောက်တည်း ကျွန်တော်မသွားဖူးချေ။ တစ်ခါတစ်ရံ ဖေဖေနှင့်၊ တစ်ခါတစ်ရံ သူငယ်ချင်းတွေနှင့်သာ သွားဖူးသည်။

သစ်ပင်သစ်ရိပ်တွေက လမ်း၏ တစ်ဖက်တစ်ချက်မှာ အရိပ်မည်းမည်းကြီးတွေလိုဖြစ်နေသည်။ မြူတွေကျနေသဖြင့် ဆိုင်ကယ်မီးက ရှေ့ ခပ်လှမ်းလှမ်းသို့ သိပ်မရောက်။ ဆိုင်ကယ်အရှိန်ကို ပိုတင်လိုက်သည်။ ဖေဖေသည် ကျွန်တော့်ကို ကီလိုမီတာ ၆၀ ထက်ပိုမမောင်းရန် သတိပေးထားသော်လည်း ယခုတော့ ကျွန်တော် ဆိုင်ကယ်အရှိန်ကို ၇၀ ကီလိုမီတာ လောက်ရောက်အောင် တင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်သည် မြားတစ်စင်းလို ပြေးလေသည်။ ဆယ့်ငါး မိနစ်အတွင်းတွင် မြို့ကလေးသို့ရောက်လာသည်။ ကံကောင်းထောက် မစွာဖြင့် ဆေးဆိုင်ကလေးက မပိတ်သေး။ ဆိုင်ကယ်ကို အပြင်မှာ စက်မသပ်ဘဲ သည်အတိုင်းရပ်ထားခဲ့ပြီး ဖေဖေမှာလိုက်သည့် ဆေးနှင့်ဆေးပစ္စည်းတွေ ဝယ်ရလေသည်။ ဆေးရည်ပုလင်းတွေ လည်းပါသည်။ လက်အိတ်တွေလည်း ပါသည်။ ဆေးတွေဝယ်ပြီးသော အခါ ခပ်သွက်သွက်ပင် ဆိုင်ကယ်ကို ပြန်မောင်းထွက်လာခဲ့သည်။

ကိုမြင့်နိုင်၏ မိန်းမအသက်ကိုမီရန် လူလောကကို ရောက် တော့ မည့် ကလေးတစ်ယောက်ကို ကယ်တင်ရန် ကျွန်တော်သည် ဆိုင်ကယ်ကို ခပ်သွက်သွက်ပင် မောင်းနေပါသည်။ တစ်ချိန်တည်း မှာပင် ဖေဖေ့မျက်နှာကို မြင်ယောင်လာသည်။

"ဖေဖေ ဆေးပညာကို သင်တာဟာ ချမ်းသာဖို့မဟုတ်ဘူး သား"

ချမ်းသာဖို့ ဆေးပညာကို သင်တာမဟုတ်လျှင် လူတွေ အသက်ကိုကယ်တင်ဖို့ပဲပေါ့။ ရာသီဥတုဒဏ်နှင့် လောကဓံ၏ ရိုက်ခတ်မှုဒဏ်တွေကြောင့် ဖေဖေ့မျက်နှာသည် ရှိရင်းစွဲအသက်ထက် ပိုမိုရင့်ရော်သလိုဖြစ်နေသော်လည်း တိကျပြတ်သားသော မျက်နှာ၊ ယုံကြည်မှုပြည့်ဝသောမျက်နှာတို့ကြောင့် လူနာတို့အတွက် အားကိုး ထိုက်သော အသွင်ဖြစ်နေလေသည်။

လူနာတို့သည် ဖေဖေ့မျက်နှာကို မြင်လိုက်ရသည်နှင့် ရောဂါ တစ်ဝက်သက်သာသည်ဟုဆိုပါသည်။ ဖေဖေသည် လူနာတို့အတွက် သူရဲ ကောင်းကြီးတစ်ဦးဖြစ်လေသည်။

"ဘုရားရှင်လက်ထက်က သမားတော်ကြီးဇီဝကဆိုတာ ရှိခဲ့တယ်သား .. သိပ်တော်ခဲ့တဲ့၊ ထူးချွန်ခဲ့တဲ့ ဆေးဆရာကြီးပဲ ..။ ဖေဖေတို့ မျက်မှောက်ခေတ်မှာလည်း ထူးချွန်တဲ့ ဆေးဆရာတွေ

www.burmeseclassic.com



ဆရာဝန်တွေ နိုင်ငံတိုင်း မှာရှိပါတယ် . . ။ ဒါပေမယ့် ဝမ်းနည်းစရာ ကောင်းတာတစ်ခုက ဆင်းရဲသား တောသူတောင်သားတွေဟာ အဲဒီဆရာဝန်ကြီးတွေနဲ့ မတွေ့ထိနိုင်ဘူးဖြစ်နေတယ် . . ဆေးပညာ ဗဟုသုတမရှိတာကလည်း တစ်ပိုင်းပေါ့"

ဖေဖေပြောဖူးခဲ့သော စကားတွေကို ကျွန်တော့်နားမှာ ပြန်ကြားလာရလေသည်။ ကျွန်တော်တို့ ရွာသို့ရောက်သွားသော အချိန်တွင် ကျွန်တော့်၌ စိုးရိမ်စိတ်တစ်ခုက ရှိနေလေသည်။ ကိုမြင့်နိုင်၏ မိန်းမအတွက် အချိန်များနောက်ကျနေပြီလား ဟူသော စိုးရိမ်မှုပင်ဖြစ်သည်။ သို့သော် ဖေဖေကတော့ ကျွန်တော့်ကို ပြုံး၍ ဆီးကြိုနေလေသည်။

"သား သွားတာမြန်သားပဲ. . အဆင်ပြေတယ်မဟုတ်လား"

"ဟုတ်ကဲ့ ဖေဖေ. . "

ဖေဖေသည် ကျွန်တော်ဆေးသွားဝယ်နေခိုက်တွင်ပင် လူနာ အတွက် လိုအပ်သည်တို့ကို ဆောင်ရွက်ထားနှင့်လေသည်။ ကျွန်တော့် ဆီက ဆေးနှင့်ပစ္စည်းကိရိယာတွေကိုရသည်နှင့် ဖေဖေက ကျွန်တော့် ကို အပြင်သို့ ပြန်ထွက်ခိုင်းသည်။

"သား အိမ်ခဏပြန်ချင်ပြန်ပါလား . . နောက်တစ်နာရီ လောက်ကျမှ ပြန်လာခဲ့ပေါ့ . ."

"ရတယ်ဖေဖေ . . ကျွန်တော် အပြင်မှာပဲ ဖေဖေ့ကိုစောင့် မယ်"

ကိုမြင့်နိုင်၏ တဲရှေ့က သစ်ပင်ကြီးအောက်မှာ ကျွန်တော် သွားထိုင်နေမိသည်။ နောက်ထပ်တစ်နာရီလောက်အတွင်းမှာ ကိုမြင့်နိုင်၏ တဲကလေးအတွင်းမှ ကလေးငိုသံထွက်လာလေသည်။ ကျွန်တော့် တစ်ကိုယ်လုံးသို့ ပီတိစိတ်က ဖုံးလွှမ်းလာ၏။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ပြုံးမိသွားသလား . . မသိပါ။ နောက်ထပ်နာရီအနည်းငယ်အတွင်းတွင် ကိုမြင့်နိုင်က ဖေဖေ့ကို ထိုင်ကန်တော့၍ ဖေဖေက ကိုမြင့်နိုင်၏ကန်တော့မှုကို ပြုံး၍ကြည့်နေလေသည်။ ဖေဖေ့မျက်လုံးတွင် မျက်ရည်တွေပြည့်နေလေသည်။

✿✿✿

www.burmeseclassic.com

www.burmeseclassic.com

## (၆)

ကျွန်တော်ကိုးတန်းသို့ရောက်သောအခါ ရွာမှာ ထူးခြားတာလေးတွေ နည်းနည်းဖြစ်လာသည်။ ဦးကျော်မြင့်၏ တူ ဆန်ကုန်သည် ဆိုသူသည် ကျွန်တော်တို့ရွာမှာ အနေများလာပြီး ဆောင်းတွင်း တစ်တွင်းလုံး ရောက်နေတတ်သည်။ သူသည် လယ်သမားများအတွက် ငွေတွေလည်း ထုတ်ချေးပေးလေသည်။ ရွာတွင် ယခင်က သိပ်မရှိသော စာချုပ်စာတမ်းနှင့် ငွေချေးယူမှုသည် သူရောက်ပြီး နောက်ပိုင်းတွင် ပိုများလာ၏။ ကိုမိုးမြင့်မောင်ဟု အမည်ရသော ထိုလူသည် ကျွန်တော်တို့ ရွာအတွက် ဇာတ်လိုက်သဖွယ်ဖြစ်လာသည်။

ရွာရှိအပျို၊ ကွမ်းတောင်ကိုင်များသည် ကိုမိုးမြင့်မောင် အကြောင်းကို ရွာရေတွင်း၌လည်းကောင်း၊ ဆန်ဖွတ်ရင်းနှင့်လည်းကောင်း၊ ဗိုဒီယိုရုံ၌လည်းကောင်း ပြောဆိုကြသည်ဟု ကျောင်းသားများထံမှ တစ်ဆင့်သိရပါသည်။ ကိုမိုးမြင့်မောင်သည် သီသီတို့အိမ်သို့လည်း အဝင်အထွက်ရှိလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကို ကျွန်တော်က သီသီ့ကို မေးကြည့်သည့်အခါ . . .

"ငါ့အမေမှာ ငွေလိုတယ်ဟ . . ရွှေနှစ် စပါးစိုက်မယ့်အချိန်မရောက်ခင်ကတည်းက ငွေကပြတ်နေပြီ . .။ နောက်ပြီး အဖေဆုံးတုန်းကလည်း ငွေက အတော်ကုန်သွားတယ် . .။အဲဒီတော့ ဒီလူ့ဆီက မေမေက ငွေကြိုချေးမလို့ဟ . . .။ သူ့ကိုငွေတော့ ဆပ်စရာမလိုဘူး . .။ စပါးပဲပြန်ပေးရမှာ . ."

သီသီသည် ကျောင်းချိန်ကိုလု၍ လယ်ထဲဆင်းမည်ဟု ဆိုပါသည်။ ထိုအတွက် သူမတွင် စာကျက်ချိန်သိပ်ရှိတော့မည်မဟုတ်ဟု ကျွန်တော်သိနေပါသည်။

"တကယ်တော့ စိတ်ဆွေရယ် . . ငါ့သူငယ်ချင်းတွေနဲ့ အရင်လို မနေနိုင်တော့မှာကိုတော့ ဝမ်းနည်းတယ် . ."

ကျွန်တော် စိတ်မကောင်းဖြစ်သွားလေသည်။ သီသီသည် နဂိုကတည်းက ခန္ဓာကိုယ်ထွားကြိုင်းဖွံ့ဖြိုးသူဖြစ်ပြီး ကိုးတန်းသို့ ရောက်သောအခါ ပို၍ပင် ပြည့်ဖြိုးလာလေသည်။ တစ်ခါသော် ရွာလမ်းအတိုင်း ရေအိုးရွက်၍ သွားနေသော မိန်းကလေး တစ်ယောက်ကို အနောက်မှ ကျွန်တော် တွေ့လိုက်သောအခါ လှပဖွံ့ဖြိုးသော သူမ၏ကိုယ်လုံးကြောင့် ကျွန်တော် ရင်တွေခုန်သွားမိလေသည်။

ထိုမိန်းကလေး၏မျက်နှာကို တွေ့လိုက်ရသောအခါ သီသီဖြစ်နေမှန်းသိလိုက်ရလေသည်။ မိန်းမတစ်ယောက်၏ ခန္ဓာကိုယ် အလှအပပေါ်တွင်လည်းကောင်း၊ မျက်နှာအလှအပပေါ်တွင် လည်းကောင်း ကျွန်တော် ခံစားတတ်သည့် အသက်အရွယ်သို့ရောက်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးမြင့်မောင်ဆိုတဲ့ လူက တို့ရွာမှာတော့ အတော် ပေါ်ပြူလာ ဖြစ်တာပဲနော် သီသီ . ."

"အင်း . . အသက်ကလည်း သုံးဆယ်လောက်ပဲရှိမယ် . . နောက်ပြီး ပိုက်ဆံကလည်း ချမ်းသာတာကိုးဟဲ့ . ."

"ရွာထဲက အပျိုတွေကတော့ သူ့အကြောင်းပဲ ပြောနေကြတယ်။ ပြီးတော့ ဒီလူက လူပျိုလူလွတ်တဲ့. .။ နင်တို့သူငယ်ချင်းတွေရော သူ့အကြောင်း ပြောကြသေးလား . . ."

"ဝေးသေး . . ကိုယ့်အလုပ်နဲ့ ကိုယ့်ကျောင်းစာနဲ့ လုံး လည်ချာလည်လိုက်နေတာ . . ဘယ်သူ့အကြောင်းမှလည်း ပြောချိန်မရဘူး . ."

"ငါလည်း တစ်ခါတစ်ခါကျတော့ ဒီလူ့ကို အားကျတယ်ဟာ . . . သူ့လို ချမ်းသာချင်တယ်"

သီသီသည် ထိုစကားကြောင့် ကျွန်တော့်မျက်နှာကို ဖျတ်ခနဲကြည့်လေသည်။

"ချမ်းသာတာ မချမ်းသာတာက အဓိကမဟုတ်ပါဘူး စစ်ဆွေရယ်။ အဓိကက လူပီသဖို့ပါ . .။ ဥပမာဟာ နင့်အဖေလို လူစားမျိုးပေါ့. .။ တကယ်တော့ဟာ တို့ကမ္ဘာကြီးမှာ အတ္တသမားတွေရှိသလို ပရဟိတသမားတွေလည်း အများကြီးရှိနေစေချင်တယ်"

သီသီ့ထံမှ ထိုစကားတွေကြားရသဖြင့် ကျွန်တော် အံ့ဩသွားမိ လေသည်။ သီသီသည် လူကြီးတစ်ယောက်နှယ် စကားတွေကို ဆိုတတ်နေ လေပြီ။ ကျွန်တော့်သူငယ်ချင်းများဖြစ်ကြသော မိုးသီးနှင့် ပေတလူကတော့ ကိုမိုးမြင့်မောင်ကို သိပ်မနှစ်သက်ကြချေ။

"အလကားလူပါကွာ . . ကောင်မလေးတွေကို ကြည့်ရင် အမြဲတမ်းခေါ်တောကြည့်ကြည့်တယ် . .။ ပြီးတော့ သူ့မျက်လုံးတွေက မရိုးသားဘူးကွ . ."

www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ဒီလူကို သဘောမကျဘူးကွ . .။ ပိုက်ဆံချမ်းသာတယ်ဆိုပြီး ထင်ရာလုပ်ချင်လုပ်မယ့်လူ . ."

ကိုကြီးသာဒင်နှင့် ကိုကြီးသောင်းတို့လို ကာလသားကြီးတွေကတော့ ပွင့်ပွင့်လင်းလင်းပင်ပြောကြသည်။

"ဒီကောင် ကုပ်ကမြင်းကွ . . ဟိုတစ်နေ့က မြို့မှာ ဒီကောင့်ကို ကောင်မလေးတစ်ယောက်နဲ့ စကားပြောနေတာတွေ့ခဲ့တယ် . . ဒီကောင့်မှာ အဲဒီစိတ်က သိပ်များနေတယ် . ."

"ဟာ . . သာဒင်ကလည်း ကောင်မလေးတစ်ယောက်နဲ့ စကားပြောတာတွေ့တိုင်း ဟိုစိတ်ဒီစိတ်များတယ်လို့ ပြောလို့ရမလား"

"မင်းကလည်း ညံ့လိုက်တာ မောင်သောင်းရယ် . .။ ငါ စိစ်ဆွေတို့ရှိနေလို့ ပွင့်ပွင့်လင်းလင်းမပြောချင်လို့ . . ဒီကောင်နောက်တော့ ကောင်မလေးနဲ့ ဘယ်ကိုသွားတယ် ထင်သလဲ . ."

"ဩော် . . အေးသိပြီ . . ဒါဆို ဒီကောင်အတော်ဆိုးတာပေါ့။ ငါတို့ရွာက အပျိုတွေအတွက် ရင်လေးပါတယ် . ."

"တခြားအပျိုတွေအတွက်တော့ ရင်မလေးပါဘူးကွာ . . ငါ့ အေးမကိုထိလို့ကတော့ ဒီကောင့်ကို နုတ်နုတ်စင်းပစ်မယ် . ."

ကိုးတန်းသို့ စ,တက်သောအချိန်သည် မိုးစတင်ပြီဖြစ်သဖြင့် သီသီ၏ ဘဝသည် ပင်ပန်းလှလေသည်။ နံနက်ကို အစောကြီးကတည်းကထ၍ လယ်သို့ဆင်းသည်။ ပြီးတော့ ဆယ်နာရီ လောက်တွင် အိမ်သို့ ခဏပြန်နားပြီး ရေချိုးအဝတ်အစားလဲပြီး ထမင်းစားသည်။ ပြီးမှ ကျောင်းသို့သွားရလေသည်။ ပင်ပန်းလွန်းသော သီသီ့ကိုကြည့်၍ . .

"နင်လည်းအရမ်းပင်ပန်းနေပြီနော် သီသီ . ."

"ဘယ်တတ်နိုင်မလဲ ဟာ . . ဘဝဆိုတာ ဒီလိုပဲပေါ့ . ."

သီသီသည် ထိုသို့သော အခြေအနေများထဲမှ ကျောင်းကို



www.burmeseclassic.com

www.burmeseclassic.com



တော့ အပျက်မခံချေ။ ကျွန်တော်တို့၏ ကိုးတန်းစာသင်နှစ်သည် ပျော်ရွှင်စရာများနှင့်အတူ ရှေ့သို့သွားနေလေသည်။

"ဟဲ့ .. အေးမြ"

တစ်နေ့ ဆရာမ အခန်းအပြင်ထွက်သွားခိုက် မိုးသီးက အေးမြကို လှမ်းခေါ်သည်။

"နင်တို့မှာ ဗဟုသုတဘယ်လောက်ရှိလဲသိချင်လို့ မေးကြည့်မလို့"

မိုးစန္ဒာတို့အုပ်စုကလည်း ဗဟုသုတဆိုသော အသံကြားသဖြင့် ကျွန်တော်တို့ဘက်လှည့်လာသည်။

"ဒါပေမယ့် မမေးတော့ပါဘူးဟာ ..။ နင်တို့ကြည့်ရတာ ဗဟုသုတကလည်း ရှိပုံမရပါဘူး.."

"အောင်မယ်.. မေးတောင်မမေးသေးဘူး .. နင်က တို့တွေကို အထင်သေးလှချည်လား .."

"အေးလေ ကောင်းပြီ နင်တို့သိပ်ဖြေချင်နေတယ်ဆိုရင် ငါ မေးမယ်။ ခေါင်းကြီးလို့လည်းသိမ်၊ ဖင်ပိန်တဲ့ယောက်ျား ကောင်းကင်မှာ ပျံကာဝဲတယ် ငှက်မဟုတ်လား .. အဲဒါဘာကောင်လဲဖြေ"

ကောင်မလေးတွေ မျက်စိကလယ်ကလယ်ဖြစ်ကုန်ကြသည်။ သူတို့သည် အချင်းချင်းတိုးတိုးတိတ်တိတ်လည်းတိုင်ပင်ကြ၏။ ပြီးမှ အေးမြက ...

"ငှက်အုပ်စုထဲကလား .."

"ဩော် .. ပျံပါတယ်ဆိုမှတော့ ငှက်သည်းဖြစ်ချင်ဖြစ်နိုင်တာပေါ့.. တခြားသတ္တဝါတွေလည်းဖြစ်နိုင်တာပဲ .."

"ဒါဆို ဆက်ရက်ဟာ .."

"ဟား ဟား.. ငါသိသလောက်ကတော့ ဆက်ရက်ကခေါင်းလည်း မကြီးပါဘူး .. လည်ပင်းလည်း မပိန်၊ ဖင်လည်း မပိန်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်စုတ်နော် .. မဟုတ်ကဟုတ်ကတွေ မိုက်ရိုင်းပြီး တော့ မမေးနဲ့ .."

မိုးစန္ဒာကတော့ စဉ်းစဉ်းစားစားဖြေပါသည်။

"လင်းတဟာ"

"လင်းတက ဖင်ပိန်လို့လား"

"မသိဘူးလေ..."

"ငါတို့ ပန်းပေးတယ်ဟာ ..။ အဖြေကဘာလဲပြော .."

မိုးသီးသည် စပ်ဖြီးဖြီးလုပ်၍ဖြေသည်။

"ပုစဉ်း"

"အဲဒါ ငှက်မှမဟုတ်ဘဲ .."

"ငါကလည်း ငှက်မဟုတ်လားလို့ပဲ မေးတာ"

"ကောင်စုတ်"

ပေတာလူက စဉ်းစားပြီး ဝင်မေးလေသည်။

"ဒါဆို ငါလည်းမေးဦးမယ် .. ခွေလှေ့ယားသီးနဲ့ ကောက်ညှင်းပေါင်းဟာ"

"ဟင် .. ဘာလုပ်ဖို့လဲ နင်စားဖို့လား"

"ထွီ .. ဘယ်ကလာ စားရမှာလဲ.. အဲဒါ ပဟေဠိဟ"

သည်တော့ ကောင်မလေးတွေ မျက်လုံးတွေကလယ်ကလယ် ဖြစ်ကုန်ကြပြန်သည်။ မိုးစန္ဒာကတော့ နည်းနည်းပါးသည်။

"အင်း .. ခွေးလှေ့ယားသီးက ယားတယ်။ ကောက်ညှင်း ပေါင်းက စားလို့ကောင်းတယ် .. ဒီတော့ ယားကောင်း .. ယား ကောင်းဆိုတော့.."

"ဘာ .. ယားရင်ကောင်းတယ်ဟုတ်လား"

ပေတာလူ့စကားကြောင့် ကျွန်တော်တို့ ဝိုင်းရယ်လိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကောင်မလေးတွေရှက်သွားပြီး မျက်နှာတွေ နည်းနည်းနီလာသည်။

"ပေတလူနော် . . နင်တို့မဟုတ်က ဟုတ်ကတွေလာမေးမနေနဲ့၊ ငါတို့ ဆရာမနဲ့ သွားတိုင်လိုက်မှာ . ."

"အဲဒါ ခက်တာပေါ့ . . နင်တို့ဘာမှမသိပါဘူးဆိုတော့လည်း မခံချင်ဘူး . . မှတ်ထား . . ခွေးလှေ့ယားသီးက မယားဘူးလား . . ယားတယ်. . ကောက်ညှင်းက မစေးဘူးလား၊ ဒီတော့ ယားစေး ယားစေး ခံစားပေါ့ဟ. ."

"နင်စောစောကကပြောတော့ ကောက်ညှင်းပေါင်းဆိုတော့ ငါတို့က ဘယ်သိပ့်မလဲ . . စားချင်တာပဲ သိတာပေါ့"

သီသီကတော့ ကျွန်တော်တို့အဖွဲ့ သိပ်မဆူရန် သတိပေး၏။

"နင်တို့သိပ်မဆူကြနဲ့ . . ဆရာမပြန်လာခါနီးပြီ . ."

ကျွန်တော်ကလည်း မနေနိုင်တော့သဖြင့် ပဟေဠိတစ်ပုဒ် ဝင်မေးလိုက်မိပြန်သည်။

"ငါတစ်ခုမေးဦးမယ်ဟာ . . . အရှုံးမ ထဘီနဲ့စာကလေး"

"အဲဒါက ဘာလဲ . ."

"စားသောက်ဖွယ်ရာတစ်ခုပေါ့ဟာ . ."

ကောင်မလေးတွေ ဦးနှောက်စားသွားပြန်သည်။

"အရှုံးမထဘီဆိုတော့ ပြဲနေတာပေါ့နော်"

"ဟဲ့ . . ငါတွေ့ဖူးတဲ့ အရှုံးမကတော့ ထဘီမပါဘူးဟဲ့"

တစ်အုပ်စုလုံး ဝိုင်းရယ်လိုက်ကြသည်။

"အေးမြကတော့ လုပ်ပြီ . . နေဦး စာကလေးဆိုတော့ စဉ်းစားစမ်း စာကလေးက ဘာလုပ်သလဲ . . အင်း . . စပါးစားတယ် . . ဆန်စေ့တွေစားတယ် . . အဲဒီတော့ ပြဲစား ပြားစဲ . ."

www.burmeseclassic.com

www.burmeseclassic.com



သူတို့ တဟီးဟီးတဟားဟားဖြစ်ကုန်ကြပြန်သည်။ မိုးသီးက လည်း ကျွန်တော့်မေးခွန်းကို ဦးနှောက်ခြောက်နေလေသည်။

"နေဦးကွ . . အေးမြပြောတာလည်း ထည့်စဉ်းစားရမယ်"

ရယ်လိုက်ကြပြန်သည်။

"အဲဒီတော့ အရှုံးမက ထဘီမပါတော့ ပြောင်နေတယ်"

"ဟားဟား . . ခွီး . . ခွီး"

သီသီလည်း မနေနိုင်တော့သဖြင့် ရယ်လေ၏။

"စာကလေးက ပျံတယ် . . ပြောင်ပျံ . . ပြန်ပြောင် . ."

"ဟားဟား. ."

နောက်ဆုံးတော့ ဘယ်သူမှ အဖြေမထုတ်နိုင်သဖြင့် ကျွန်တော်ပဲ အဖြေထုတ်ပေးလိုက်ရသည်။

"လွယ်လွယ်ကလေးပါဟာ . . အရှုံးမထဘီက စုတ်မနေဘူးလား. . စာကလေးက မပျံဘူးလား . . အဲဒီတော့ စုတ်ပြန် . . ဆန်ပြုတ်ပေါ့ဟာ . ."

အားလုံးပြုံးသွားကြသည်။ ထိုအခိုက်မှာပင် ဆရာမအတန်းထဲပြန်ရောက်လာသည်။ ပြီးတော့ စာဆက်သင်လေသည်။ ကျွန်တော်တို့ အားလုံး စာထဲသို့စိတ်ရောက်သွားကြလေသည်။ ဆရာမက စာသင်ပြီးသွားသော် ကျောက်သင်ပုန်း၌ မှတ်စုရေးပေး၏။

မှတ်သုံမိုးသည် အပြင်၌ သည်းသည်းမည်းမည်းရွာနေလေသည်။ သီသီသည် စာတွေလိုက်ရေးနေရင်းမှ အပြင်တွင် မိုးတွေရွာနေသည်ကို တစ်ချက်တွေ၍ ကြည့်နေလေသည်။ သူမ ဘာကို စဉ်းစားနေလေသနည်း။ လယ်ထဲသို့ပင် စိတ်ရောက်နေလေသလော။

✿✿✿

www.burmeseclassic.com

www.burmeseclassic.com

"သီ အရမ်းလှလာတယ်နော် စစ်ဆွေ .. ကိုယ်လုံးကိုယ်ပေါက်ကလည်း တအားလှလာတယ် .. မင်းဘယ်တော့ဖွင့် ပြောမလဲ .."

"မဖြစ်သေးပါဘူး မိုးသီးရာ .. ငါတို့အရွယ်က ပညာသင်နေဆဲ အရွယ်ကွ..။ ငါတော့ ဆယ်တန်းဖြေပြီးမှပဲ ဖွင့်ပြောမယ်လို့ စိတ်ကူးထားတယ် ..။ အခုနေ ငါဖွင့်ပြောလည်း သီသီက စဉ်းစားမှာမဟုတ်ဘူးလို့ ငါသိနေတယ် .."

လယ်ကန်သင်းပေါင်ပေါ်မှာ ကျွန်တော်တို့ တန်းစီလျှောက်ရင်း စကားပြောလာခြင်းဖြစ်သည်။ စပါးပင်တွေသည် လေတိုက်သဖြင့် လှိုင်းလုံးများသဖွယ် ယိမ်းထိုးနေသည်။ ယနေ့မိုးမရွာသဖြင့် ကောင်းကင်သည် ပြာလဲ့နေသည်။

"ကြည့်လည်းလုပ်ဦးနော် စစ်ဆွေ .. ဟိုကိုမိုးမြင့်မောင်ဆိုတဲ့ လူကလည်း သီသီတို့အိမ်ကို အဝင်အထွက်များနေတယ် .."

ကျွန်တော် သက်ပြင်းချလိုက်မိလေသည်။ သီသီတို့လယ်ကွက်နားသို့ရောက်လာသောအခါ သီသီက ခဏနားရန် လယ်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှတက်လာသည်နှင့် ကြုံလေသည်။ သူမသည် မျက်နှာ၌ သနပ်ခါး ခပ်ထူထူလိမ်းထားပြီး ထဘီကိုတိုတိုဝတ်ထားသဖြင့် သူမ၏ ဝင်းဝါနေသော ခြေသလုံးတွေကို ပီပီပြင်ပြင်မြင်နေရသည်။ သီသီသည် လက်ရာမြောက်ပန်းပုရုပ်သဏ္ဌာန်သဖွယ် ရုပ်လုံးကြွနေလေသည်။

"ဟိတ် .. နင်ထို့ ဘယ်ကိုလာတာလဲ .. ငါ့ဆီပဲလား.."

"အေး .."

"ဒါဆိုလာလေ ..။ ငါလည်း အိမ်ပြန်တော့မလို့ .. အိမ်မှာပဲ သွားစကားပြောကြတာပေါ့ .."

မိုးသီးနှင့် ပေတလူသည် ကျွန်တော့်ကို မျက်စိမှိတ်ပြသည်။

"မင်းပဲလိုက်သွားတော့ စစ်ဆွေ ..။ ငါတို့ဦးချမ်းသာဆီ ခဏသွား လိုက်ဦးမယ်"

သည်ကောင်နှစ်ကောင် ရှောင်ပေးသွားခြင်းသာဖြစ်ကြောင်း ကျွန်တော်သိလိုက်လေသည်။ ထို့ကြောင့် ဘာမှမပြောဘဲ သီသီ့နောက်က လိုက်လာခဲ့သည်။ သီသီ့နောက်ကျောကိုကြည့်၍ ကျွန်တော်ရင်တွေခုန်နေလေသည်။

"နင်စာတွေကျက်ဦးနော် စစ်ဆွေ .. သိပ်ပြီးလတ်လျားလတ်လျားလုပ်မနေနဲ့ .. နင့်ဘဝဟာ တို့တွေနဲ့ မတူဘူး .. စာကြိုးစားရင် ကြိုးစားသလောက် အခွင့်အရေးရနိုင်တယ် .."

"အေးပါဟာ .. ငါလည်းကြိုးစားပါတယ် .."

"နင့်မှာ ဘာရည်ရွယ်ချက်ရှိလဲ ဟင် .."

လာပြန်ပြီ ဖေဖေ့လို မေးခွန်းမျိုး။

"အမိကကတော့ ဆယ်တန်းကို အမှတ်ကောင်းကောင်းနဲ့ အောင်ချင်တယ်ဟာ .. အောင်မှ ဘာတက်တက် ကိုယ်ရွေးလို့ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ နင့်ကို ဆရာဝန်ပဲ ဖြစ်စေချင်တယ် .. နင့် အဖေလို ဆရာဝန်မျိုးပေါ့ဟယ် .."

ကျွန်တော့်ရင်ထဲမှာ လှုပ်ရှားသွားမိလေသည်။ အမျိုးအမည် မဖော်ပြနိုင်သော ခံစားမှုမျိုးတစ်ခုကို ခံစားရသည်။ ကျွန်တော့်တို့ နှစ်ဦးသည် ကန်သင်းရိုးပေါ်၌ တိတ်တဆိတ်ပင် လမ်းလျှောက်နေမိသည်။ သို့နှင့်ပင် သီသီ၏ အိမ်သို့ရောက်သွားသည်။ သီသီသည် အိမ်ရှေ့ရေတိုင်ကီ မှာ ခြေထောက်သွားဆေးသည်။ ရေဆေးရန် ထဘီကို ဒူးဆစ်အထိအမတွင် ကျွန်တော် ရင်တွေခုန်သွားပြန်သည်။ သီသီသည် မိန်းမကြီးတစ်ယောက် ပီပီသသ ဖြစ်နေလေပြီ။ ဖွေးဥနေသော ခြေသလုံးမှအကြည့်ကို မြန်မြန်ပြန်ရုပ်လိုက်ရသည်။

"ကဲ .. ပြောပါဦး .. ငါ့ဆီလာတာ ဘာကိစ္စလဲ .."

"တခြားတော့ မဟုတ်ပါဘူးဟာ .. ။ မနက်ဖြန် ငါ့မွေးနေ့လေ.. အဲဒါအိမ်မှာ ဘုန်းကြီးငါးပါးဆွမ်းကပ်မယ် .. ။ လူတွေတော့မဖိတ်တော့ဘူး။ တို့သူငယ်ချင်းတွေလောက်ပဲ ဖိတ်တာ .. အဲဒါနင်လာခဲ့နော် .."

"အင်း .. လာခဲ့မယ်လေ .."

သူမသည် ခြေဆေးသွားပြီးသောအခါ မောင်းထောင်းဖို့ ပြင်ဆင်ပြန်သည်။ အိမ်မှာ မည်သူမျှလည်း ရှိပုံမရ။

"နင့်အမေနဲ့ မောင်လေးရော .."

"ရွာထဲ ခဏသွားတယ် .."

သီသီသည် မောင်းစ,ထောင်းလေ၏။ ကျွန်တော်သည် သီသီ၏ ဘဝကြမ်းတမ်းပုံကို ကြည့်ပြီး စိတ်မကောင်းဖြစ်သွားသည်။

"ငါ ထောင်းပေးမယ်လေ .. သွား နင်လုပ်စရာရှိတာ သွားလုပ်"

"ရပါတယ်ဟ .."



www.burmeseclassic.com

www.burmeseclassic.com



"ဖယ်စမ်းပါ .. ငါထောင်းပေးမယ်"

ကျွန်တော်က သီသီ့နေရာ အတင်းဝင်၍ မောင်းထောင်းရန် ပြုသောအခါ သီသီက ပြုံးပြီးနောက်သို့ ဖယ်ပေးသည်။ ကျွန်တော် မောင်းစ, ထောင်းသည်။ သို့သော်ထောင်းကျင့်မရှိသဖြင့် အဆင်မပြေ ချေ၊ ထိုအခါ သီသီက ရယ်လေ၏။

"ဖယ်ပါဟယ် .. ငါပဲ ထောင်းပါ့မယ်"

ကျွန်တော်လည်း ရယ်၍ နောက်ဆုတ်ပေးလိုက်သည်။ ထို အခိုက်မှာပင် သီသီတို့ခြံဝင်းထဲသို့ ဆိုင်ကယ်တစ်စီးက မောင်းဝင်လာ သည်။ ဆိုင်ကယ်ပေါ်တွင် မိုးကာဂျာကင်နှင့် ကိုမိုးမြင့်မောင်ဆိုသည့် လူပါလာသည်။

"ညီမလေး ... ညီမလေး အမေရော .."

"ရွာထဲသွားတယ် .."

"အစ်ကိုရွာထဲကလာတာပဲ မတွေ့ခဲ့ပါဘူး .."

ထိုလူသည် ဆိုင်ကယ်ပေါ်မှ ဆင်း၍ ကျွန်တော်တို့ဆီ လျှောက်လာသည်။ သူ့အသွင်သဏ္ဌာန်သည် ရုပ်ရှင်တွေထဲမှ မင်းသားပုံပေါက်နေလေသည်။

"ဩော် .. ညီလေးတို့က သူငယ်ချင်းတွေလား .."

ကျွန်တော် ခေါင်းသာညိတ်ပြလိုက်သည်။ ထိုသူသည် ကျွန်တော့်ကို စူးစမ်းသလို တစ်ချက်ကြည့်လေသည်၊ ပြီးတော့မှ သီသီ့ ဘက်သို့ ပြန်လှည့်သွားသည်။ သီသီ့တစ်ကိုယ်လုံးကို သိမ်းကျုံး ကြည့်သော သူ့အကြည့်ကြောင့် သီသီက မျက်လွှာချသွားသည်။

"ရော့ ညီမလေး .. ညီမလေး အမေလာရင် ဒီငွေတွေ ပေးလိုက်၊ အားလုံး ၅ သိန်း .. အစ်ကိုမစောင့်တော့ဘူး .. သွားတော့မယ် .. ပေးဖြစ်အောင် ပေးလိုက်နော် .."

"ဟုတ်ကဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် ကျွန်တော့်ကိုလည်း ပြုံးပြသည်။

"အစ်ကိုကို လမ်းတွေ့ရင်လည်း ခေါ်ကွာဟုတ်လား . . ။ အစ်ကို့ နာမည်မိုးမြင့်မောင် . ."

"ဟုတ်ကဲ့ . ."

သူသည် ဆိုင်ကယ်ပေါ်ပြန်ခွ၍ ခြံထဲမှ မောင်းထွက်သွားသည်။ သီသီသည် မျက်နှာအနည်းငယ်ညှိုးနေသည်။

"အမေကလည်းဟာ ဘာလို့များ ဒီလူဆီက ပိုက်ဆံတွေ ချေးနေရတာလဲ မသိဘူး"

သူတို့၏ မိသားစုအရေးကိစ္စဖြစ်သဖြင့် ကျွန်တော် ဘာမှဝင်မပြောမိပါ။ သီသီသည် မောင်းကိုဆက်ထောင်းနေသည်။ ခပ်စောစောက နေသာနေခဲ့သောအခြေအနေသည် ပြောင်းလဲစပြုလာသည်။ အနောက် ဘက်ကောင်းကင်တွင် မိုးသားတွေ ညို့လာချေပြီ။

ကျွန်တော်သည် မောင်းထောင်းနေသော သီသီ့ကို ကြည့်၍ စိတ်ကူးယဉ်နေမိလေသည်။ တစ်နေ့သောအခါ သီသီနှင့် ကျွန်တော် အိမ်ထောင်ကျနေပေလိမ့်မည်။ ထိုအခါ သီသီသည် ယခုကဲ့သို့ပင် မောင်းထောင်းနေပါ လိမ့်မည်။ တကယ်ကတော့ ကျွန်တော် သီသီ့ကို ဝင်ကူညီရပေလိမ့်မည်။ ထိုအခါ ကျွန်တော်က မောင်းထောင်း၊ သီသီက ဆန်ပြာ ဘယ်လောက်ဟန်ကျပါသနည်း။

"ဟိတ် . . စစ်ဆွေ နင်ဘာတွေ စဉ်းစားနေတာလဲ"

"ဩော် . . မောင်းထောင်းမယ့်အကြောင်း ငါစဉ်းစားနေလို့"

သီသီသည် ကျွန်တော့်ကို ချစ်စဖွယ်မျက်စောင်းထိုးလေသည်။ သီသို့ထံတွင် သည့်ထက်ကြာကြာမနေသင့်သဖြင့် ကျွန်တော် သူမကို နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ လမ်းတွင် ပေတရူနှင့် မိုးသီးကို ပြန်တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် အဆင်ပြေလား . ."

"အဆင်ပြေပါတယ်ကွာ . . လာအခု အေးမြဆီသွားဖိတ်ရအောင်"

အေးမြအိမ်ရောက်တော့ အေးမြက အိမ်ရှေ့ရေတိုင်ကီမှာ အဝတ်လျှော်နေသည်။

"ဘာကိစ္စလဲပြောပါဦး"

"မနက်ဖြန် ငါ့မွေးနေ့ . . နင့်ကို လာဖိတ်တာ. ."

အေးမြသည် ခေါင်းညိတ်သည်။ သူမ၏ ထဘီမှာ ရေတွေရွှဲနေ၏။ မိုးသီးသည် အေးမြတို့ခြံထဲမှာ ပန်းပင်တွေကို လိုက်ကြည့်နေသည်။

✿✿✿

www.burmeseclassic.com

www.burmeseclassic.com

## (၃)

ဖေဖေသည် တစ်ဆင့်မြင့်ရာထူးဖြင့် ရန်ကုန်သို့ ပြောင်းရွှေ့မိန့်ကျလေသည်။ ထိုသတင်းကို ကြားရသောအခါ တစ်ရွာလုံး စိတ်မကောင်းဖြစ်ကြရလေသည်။ ဖေဖေကိုယ်၌ကလည်း ရွာအတွက် စိတ်မကောင်းပါ။ ကျွန်တော်တို့ သူငယ်ချင်းတစ်အုပ်ကတော့ ကြားကြားခြင်းပင် ကျွန်တော့်ဆီ ရောက်ချလာသည်။

"အေးကွာ . . လူတွေဟာ ရေကြည်ရာမြက်နုရာ ဒီလိုပဲ သွားနေကြရတာပါပဲ . . ။ သိပ်တော့ဆန်းတဲ့ ကိစ္စမဟုတ်ပါဘူး . . "

မိုးသီးက မျက်နှာသိပ်မကောင်းဘဲပြောသည်။

"မင်းတို့ မိသားစုအကုန်ပြောင်းကြမှာပေါ့နော် . . "

ပေတလူ၏ အသံက ဖျော့တော့နေ၏။

"အေးကွ"

ပြန်ဖြေသော ကျွန်တော့်အသံကလည်း အားမရှိချေ။ သီသီကတော့ မျက်ရည်တွေဝဲနေလေသည်။

"ဆရာဝန်မရှိတဲ့ တို့ရွာအတွက်တော့ စိတ်မကောင်းစရာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ဆိုသော စကားလုံးသည် ကျွန်တော့်နှလုံးသား ထဲသို့ စူးနစ်ပြီးဝင်ရောက်သွားလေသည်။ သီသီ့မျက်လုံးတွေက ကျွန်တော့်ကို မကြည့်ဘဲ . . ညနေဆည်းဆာကြောင့် ပုစွန်ဆီရောင် တောက်နေသည့် ကောင်းကင်ကိုကြည့်နေသည်။

"ဘယ်တော့လောက် ပြောင်းရမှာလဲဟင်"

အေးမြက ခပ်တိုးတိုးမေးလေသည်။

"တစ်ပတ်အတွင်းလို့ ပြောတာပဲ . ."

"နင်ပြောင်းသွားရင် တို့တွေလွမ်းနေကြမှာဟ . . ဟိုရောက် ရင် တို့ဆီစာမကြာမကြာရေးဟယ် . . ငါတို့လည်း ရေးမယ် . ."

သီသီကတော့ ကျွန်တော့်မျက်နှာကို ရိုဝေစွာကြည့်လေ သည်။

"စစ်ဆွေ . . ရှေ့နှစ်ဆို နင်ဆယ်တန်းနော် . .။ စာကို ကြိုးစားဖို့တော့ မမေ့နဲ့ဟာ . .။ နင့်မှာတို့တတွေထက်ပိုပြီး အခွင့် အရေးပိုရှိပါတယ်။ နင်သာ ဆေးတက္ကသိုလ်ဝင်ခွင့်ရမယ်ဆိုရင် ငါတို့ အရမ်းဝမ်းသာကြမှာဟ. ."

ကျွန်တော့် ရင်ထဲ လှိုက်သွားမိလေသည်။ ကျွန်တော် သက်ပြင်းတစ်ချက်ချလိုက်မိလေသည်။ သို့နှင့်ပင် ကျွန်တော်တို့ မိသားစုရန်ကုန်သို့ ပြောင်းရန် ပြင်ဆင်ရလေတော့သည်။ ကျွန်တော် ကတော့ ကျောင်းမှ ကျောင်းထွက်လက်မှတ်ကို မေမေနှင့်အတူ သွားယူသည်။ ထိုအခါ အတန်းသားအတန်းသူတွေကလည်း စိတ် မကောင်းကြ။ ဆရာမကတော့ ကျွန်တော့်ကို စာကြိုးစားဖို့ လိမ္မာ ရေးခြားရှိဖို့ ဆုံးမလေသည်။

ကျွန်တော်ဆရာမကို ကန်တော့လိုက်သောအခါ ဆရာမတ ဆု ပေးသည်။ ဆရာမ၏ မျက်လုံးတွင် မျက်ရည်တွေ ဝဲနေသည်။ စတုတ္ထတန်းမှစ၍ ငါးနှစ်ကျော်ကျော်နေခဲ့သည့် ကျောင်းကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လွမ်းနေ၏။ ကျောင်းဝင်းမှ ပြန်ထွက်ခဲ့သည့်အခါ ကျွန်တော့်မျက်လုံး၌ မျက်ရည်တွေ ပြည့်နေလေသည်။

"ဒီလိုပဲပေါ့သားရယ် .. နောက်တော့လည်း တဖြည်းဖြည်းနဲ့ မေ့သွားမှာပါ .."

မေမေက သူ့စက်ဘီးဖြင့် ကျွန်တော့်ဘေးမှာ ယှဉ်နင်းရင်း ကျွန်တော့်ကို အားပေးလေသည်။ ဤရွာသားမဟုတ်သော်လည်း ဤရွာမှာပင်ကြီးခဲ့ရသဖြင့် ဤရွာသားလိုဖြစ်နေပါသည်။ သူငယ်ချင်းတွေကို ခွဲခွာရမည့်အရေးသည် တုန်လှုပ်ချောက်ချားဖွယ်ကောင်းနေလေသည်။ သို့နှင့်ပင် ပြောင်းရမည့်နေ့ကို နီးလာလေသည်။

ကံအားလျော်စွာပင် ကျွန်တော်တို့ပြောင်းမည့်နေ့သည် တနင်္ဂနွေနေ့ နံနက်ဖြစ်လေသည်။ စနေနေ့ညတွင် ကျွန်တော်သည် ဂစ်တာကိုယူပြီး မိုးသီး၊ ပေတလူတို့ကို ခေါ်ကာ ကောက်ရိုးပုံ၌ သွားထိုင်သည်။

"ဟေ့ကောင် .. စစ်ဆွေ .. သီချင်းဆိုကွာ .."

ယခုအချိန်၌ သီချင်းတွေ ဆိုတီးနိုင်နေပြီဖြစ်လေသည်။

"ဘာသီချင်းဆိုရမှာလဲ .."

"ခင်ဝမ်းရဲ့ နှုတ်ဆက်ခဲ့ပါတယ်ဆိုကွာ .."

ကျွန်တော် သီချင်းစဆိုသည်နှင့် သည်ကောင်တွေကလည်း ကျွန်တော်နှင့်အတူလိုက်ဆိုသည်။

"နှုတ်ဆက်ခဲ့ပါတယ် .. ကျွန်တော်သွားတော့မယ် .. လမ်းရဲ့သယ်ဆောင်ရာ ဟိုအဝေး အဝေးကို .. လွမ်းတတ်ရင်လည်း .. လမ်းမှာပဲ လွမ်းတော့မယ် .."

မိုးကောင်းကင်တွင် လပြည့်ဝန်းကြီးက ရွှန်းရွှန်းမြမြသာနေ၏။ ရာသီဥတုသည် ခြောက်ခြောက်သွေ့သွေ့ဖြစ်နေသည်။ ဆောင်းဝင်စပြုပြီဖြစ်သဖြင့် လေအေးလေးက တသုန်သုန် တိုက်ခတ်

www.burmeseclassic.com

www.burmeseclassic.com



နေ၏။ ကျွန်တော်တို့ သုံးဦးသားသည် ကောက်ရိုးပုံဘေးမှာ သီချင်းတွေဆက်ဆိုကြသည်။ ကြာတော့ အသံတွေနာလာသည်။

"တော်ပြီကွာ. ."

ကျွန်တော်က ဂစ်တာကို ပေတာလူကို ပေးလိုက်ရာ ပေတာလူက ယူတီးသည်။

"နေညိုချိန်တိမ်တောက်တဲ့အခါ ရွာလမ်းနံ့ဘေးမှာ . ."

"မနက်ကို ဘယ်အချိန်သွားကြမှာလဲ . ."

"ခြောက်နာရီလို့ ပြောတာပဲ . ."

ကျွန်တော်တို့ စကားစပြတ်သွားပြီး ငြိမ်သက်သွား၏။ ကောက်ရိုးပုံ၌ ပေတာလူ၏ ဂစ်တာသံတဒေါင်ဒေါင်သာထွက်နေ၏။

"ပေတာလူနဲ့ မိုးသီး"

"ဟော . . ဘာလဲစစ်ဆွေ . ."

"မင်းတို့နှစ်ယောက်အတွက် အဲဒီဂစ်တာကို ငါလက်ဆောင်ပေးခဲ့မယ်ကွာ . ."

"ဟာ . . ဟိုကျ မင်းတီးချင်ရင် ဘယ်လိုလုပ်မလဲ . ."

"ရပါတယ်ကွ . . ရန်ကုန်လို နေရာမျိုးမှာ ဂစ်တာက မရှားပါဘူး ထပ်ဝယ်လိုက်လည်းရတာပဲ . ."

သည်ကောင်နှစ်ကောင် အသံတိတ်သွားသည်။

"မင်းပြောင်းမယ့် အိမ်လိပ်စာပေးခဲ့ကွာ . . ငါတို့စာရေးလိုက်မယ် . . မင်းလည်းစာရေး . . ဪ . . ဒါနဲ့ . . သီသီ့ကိစ္စမင်းဘယ်လိုလုပ်မလဲ . ."

"ဘာကိုလဲ . ."

"သီသီ့ကို မင်းကြိုက်နေတဲ့ ကိစ္စလေ"

ကျွန်တော်ပင့်သက်ရှိုက်လိုက်သည်။ လှပတင့်တယ်သော သီသီ့မျက်နှာကလေးက ကျွန်တော့်အတွေးထဲမှာ ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းတို့သည် တင့်တယ်လှပနေ၏။ တောရွာနှင့်ပင် မတန်သော အလှ။ ကျွန်တော် တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချလိုက်သည်။ မနက်စောစောကို သီသီ့ကို သွားတွေ့ပြီး နှုတ်ဆက်စကားပြောမည်။

သီသီနှင့် ပြန်လည်ဆုံတွေ့ရန် မလွယ်ကူသော အခြေအနေ ဖြစ်သဖြင့် သီသီ့မျက်နှာကို တဝကြီး ကြည့်ထားရပေတော့မည်။ ညဥ့်အတော်နက်သောအခါ ကျွန်တော်တို့ သုံးယောက်လမ်းခွဲ၍ အသီးသီး အိမ်ပြန်ခဲ့လေသည်။ အိမ်တွင်မေမေနှင့် ဖေဖေက ပစ္စည်းတွေ ထုပ်ပိုးနေဆဲပင် ဖြစ်သည်။ မနက်ကျ ကျွန်တော် ဝတ်ဖို့ အဝတ်အစား တွေကို မေမေက ကြိုးတန်းပေါ်မှာ လွှားထားပေးသည်။ ဖေဖေနှင့် မေမေလည်း ယနေ့ညတွင် ထူးထူးခြားခြားနှုတ်ဆိတ်နေလေသည်။

ရွာသူရွာသားအချို့က လက်ဆောင်တွေလာပေးထားသည်။ ထိုအခိုက်မှာပင် ကိုမြင့်နိုင်က သူ့မိန်းမနှင့်အတူ ရောက်လာသည်။

"ဆရာ .. ဆရာတို့ကို လာကန်တော့တာပါ.."

ကိုမြင့်နိုင်၏အသံက ငိုသံပါနေလေသည်။ သူသည် စိတ်ကို တင်းထားသည့်ကြားမှ သူ့မျက်လုံး၌ မျက်ရည်တွေပြည့်နေ၏။

"ရပါတယ်ကွာ .. ကိစ္စမရှိပါဘူး ..။ ကလေးနေကောင်း တယ် မဟုတ်လား.."

"ဟုတ်ကဲ့ ဆရာ .."

ကိုမြင့်နိုင်တို့ ဇနီးမောင်နှံသည် ဖေဖေနှင့် မေမေကို ထိုင်၍ ကန်တော့သည်။ ပြီးတော့ သူ့လက်ထဲမှာပါလာသည့် အထုပ်ကလေး တစ်ထုပ်ကို ဖေဖေ့ကိုပေးသည်။

"ဒါ ဆရာ့အတွက် လက်ဆောင်ပါဆရာ .."

"ရပါတယ်ကွ .. မပေးပါနဲ့ .. ပြန်ယူသွား .."



www.burmeseclassic.com

www.burmeseclassic.com



"ယူပါ ဆရာ . . ။ ပုဆိုးတစ်ထည်ပါ . . ဆရာ့ကျေးဇူးတ ကျွန်တော်တို့ မိသားစုအပေါ် ကြီးလှပါတယ် . . "

နောက်တော့ သူတို့ပြန်သွားကြလေသည်။ မြောက်ပြန်လေ သည် အိမ်ရှေ့တံခါးရွက်မှ ခပ်ကြမ်းကြမ်းတိုးဝင်နေသည်။ လာမည့် ဧည့်သည်လည်းမရှိတော့သဖြင့် ကျွန်တော်တို့မိသားစုအိပ်စက်ဖို့ ပြင်ကြလေသည်။ အိပ်ရာထဲရောက်သည်အထိ ကျွန်တော်အိပ်မပျော် ချေ။ မနက်ဖြန် မနက်ဆိုလျှင် ကျွန်တော်တို့ မိသားစု ဤရွာမှာ မရှိတော့ချေ။ သီသီကို သတိရသော စိတ်ကဖြစ်လာပြန်သည်။ သို့နှင့် ကျွန်တော်အိပ်ပျော်သွားမိလေသည်။

နံနက်လေးနာရီ၌ ကျွန်တော်အိပ်ရာမှနိုးလာပြီး မျက်နှာ သစ် သွားတိုက်လုပ်သည်။ ပြီးတော့ မေမေ ဖေဖေတို့ကို ခွင့်ပန်ကာ သီသီ့အိမ်သို့ ထွက်လာခဲ့သည်။ အရှေ့ဘက်ကောင်းကင်တွင် နီရောင် သန်းနေသေးသည်။ နှင်းမြူတွေမကျသော်လည်း စိမ့်နေအောင်အေး ၏။ သီသီသည် အိပ်ရာမှနိုးနေပြီး ရေနွေးအိုးတည်နေသည်။

"စစ်ဆွေ . . ငါ နင်တို့အိမ်လာမလို့ . . နင်က ရောက်လာ တယ်"

"နင့်ကို လာနှုတ်ဆက်တာ သီသီ . . ။ ခဏနေရင် တို့တွေ သွား ကြတော့မှာ"

သီသီသည် ရေနွေးအိုး မီးအရှိန်ရသောအခါ ကျွန်တော့် ဘေးမှာလာရပ်လေသည်။ မှုန်ဝါးဝါးအလင်းရောင်ဖြင့်ပင် သီသီ ချောမောလှပသည်ကို အသိအမှတ်ပြုမိပြန်သည်။

"ဟိုကျရင် ကျန်းမာရေး ဂရုစိုက်နော် . . ။ နောက်ပြီး စာ ကိုလည်း ကြိုးစား . . တို့တွေကံမကုန်သေးရင်တော့ ပြန်ဆုံနိုင်ပါ သေးတယ် . . "

"သီသီ . . "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ဘာလဲစစ်ဆွေ.."

"ငါ နင့်ကို .. အဲ .. နင်တို့ကို လွမ်းနေမှာ"

သူမက ကျွန်တော့်ကို မျက်စောင်းထိုးပါသည်။

"နောက်တော့လည်း နင် တို့ကို မေ့သွားမှာပါတယ် ..။ ဪ.. နေဦး နင့်ကိုလက်ဆောင်ပေးလိုက်စရာရှိတယ် .. ခဏ နေဦး ငါသွားယူလိုက်ဦးမယ် .."

သူမသည် အိမ်ပေါ်သို့ ပြန်တက်သွားသည်။ ခဏနေတော့ သူမ ပြန်ရောက်လာပြီး လက်ထဲတွင် မှတ်စုစာအုပ်ကလေး တစ်အုပ် ပါလာသည်။

"ရော့ .. ဒါ နင် ရန်ကုန်ကို ပြောင်းရမယ်ဆိုတာ သိကတည်းက ငါဝယ်ထားတာ .. တန်ဖိုးတော့ မများပေမယ့် ငါ့ရဲ့အမှတ် တရ လက်ဆောင်ပေါ့ဟာ .."

ကျွန်တော် မှတ်စုစာအုပ်ကလေးကို ဖွင့်လိုက်ရာ အတွင်း၌ စစ်ဆွေသို့အမှတ်တရဟု ရေးထားပြီး သိသို့လက်မှတ်ကို တွေ့ရသည်။

"ကဲ .. အချိန်နီးပြီမဟုတ်လား .. ငါလိုက်ပို့မယ်.. လာသွားရအောင် .."

သူမသည် ရေနွေးအိုးအတွက် သူမ၏ မိခင်ကို အော်ပြော ခဲ့ပြီး ကျွန်တော်နှင့်လိုက်လာသည်။ ဘေးချင်းယှဉ်လျက် လျှောက်လာ ရာ တစ်ချက်တစ်ချက်တွင် သူမ၏ ပခုံးနှင့် ထိလေသည်။ နုညက်နေ သော သူမ၏ပါးပြင်သို့ ကျွန်တော့်နှာခေါင်းရောက်ဖူးသည်ကို သတိ ရပြီး လွမ်းမိသွားပြန်သည်။

အိမ်သို့ရောက်သောအခါ အိမ်ရှေ့မှာ ကားက အဆင်သင့် ရောက်နေပြီး ဖေဖေတလူနှင့် မိုးသီးကကူပြီး ပစ္စည်းတွေတင်ပေးနေကြ သည်။ ရွာထဲက လူတချို့လည်း ရောက်နေလေပြီ။ သိပ်မကြာမီပင် ပစ္စည်းတွေတင် ပြီးသွားသဖြင့် ကျွန်တော်တို့လည်း ကားပေါ် တက်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်၊ အရှေ့ဘက်တွင် လင်းလာလေပြီ။ ကျွန်တော် အားလုံးကို လက်ပြနှုတ်ဆက်ရင်း ..

"အားလုံးပဲ .. သွားမယ်ကွာ .."

သီသို့မျက်လုံးမှာ မျက်ရည်တွေပါလား ..။ သီသီသည် ကျွန်တော့်ကို လက်ပြ၍ နှုတ်ဆက်သည်။ မိုးသီးနှင့် ပေတာလူကလည်း လက်ပြ၍ နှုတ်ဆက်သည်။

"ဟိုကျရင် စာရေးလိုက်ကွာ .."

မိုးသီး၏အသံက ငိုသံပါနေလေသည်။ ကျွန်တော်လည်း ရုတ်ခြည်းပင် မျက်ရည်တွေလည်လာ၏။ သူတို့သည် လက်ပြရင်းဖြင့် နောက်တွင် တဖြည်းဖြည်းဝေး၍ ကျန်ခဲ့လေသည်။

✿✿✿

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်ကိုရောက်ပြီး ရက်သတ္တတစ်ပတ်အတွင်းတွင် ကျွန်တော့်စိတ်ထဲ၌ ခြောက်ကပ်ကပ်ကြီးဖြစ်နေသည်။ ကျောင်းပြောင်းရသည်မှာ အခက်အခဲမရှိသော်လည်း၊ သူငယ်ချင်းအသစ်များနှင့် အသားမကျသေးချေ။ ရွာကို အချိန်တိုင်း သတိရနေသော်လည်း စိတ်ကို ဖြေနိုင်ခဲ့ပါသည်။

ကျွန်တော်က သီသီ့ဆီသို့ သီးခြားစာတစ်စောင်၊ မိုးသီးနှင့် ပေတလူတို့ထံ စာတစ်စောင်၊ ကျောင်းက အခြားသူငယ်ချင်းများထံသို့ စာတစ်စောင်ရေးပို့လိုက်သည်။ သူတို့ထံမှလည်း ပြန်စာအသီးသီးကို ရလေသည်။

ဟေ့ကောင် စစ်ဆွေ/

မင်းသူငယ်ချင်းအသစ်တွေနဲ့ ပျော်နေပြီ မဟုတ်လား . . ။ ငါတို့လည်း မင်းမရှိတော့ ပဲ့ဘာတာတာကြီးဖြစ်ကျန်ခဲ့တယ်။ အထူးသဖြင့် ဂစ်တာတီးတဲ့အချိန်ဆို ပိုပြီးသတိရတယ် . . ။ ငါကတော့ ဂစ်တာကို သိပ်အဖြစ်မရှိပါဘူး ကွာ . . ။ ပေတလူကတော့ မဆိုးဘူးကွ . . မင်းအောင် သီချင်းတွေ တီးနိုင်နေပြီ . .



www.burmeseclassic.com

www.burmeseclassic.com



ဪ . . ပြောရဦးမယ် . . ဒေါ်မြခင်ကြီးတစ်ယောက် ဆုံးသွား ပြီကွ . . ။ မင်းတို့ပြောင်းသွားပြီး တစ်ပတ်လောက်မှာ ဆုံးတာ . . ။ ပိုးထိလို့ကွ လယ်ထဲကအပြန် ခွေနေတဲ့ မြွေပွေးကို တက်နင်းမိတာ . . တို့တတွေလည်း ချက်ချင်းပဲ ဆေးရုံပို့တာပဲ . . ။ ဒါပေမယ့် နည်းနည်း နောက်ကျသွားတယ် . . အခုဆို တို့လည်း မြွေကို ဂရုစိုက်နေရတယ် . . ။ မင်းတို့ရန်ကုန်မှာတော့ မြွေရှိမယ်မထင်ဘူး . .

ငါတို့အုပ်စုကျောင်းမှာ အရင်လိုပဲကွ . . ကောင်မလေးတွေကို နောက်တုန်းပဲ . . ။ သီသီလည်း အရင်ထက်ပိုလှလာတယ် . . ။ ဪ . . အံ့အားသင့်စရာ သတင်းတစ်ခု မင်းကိုပြောရဦးမယ် စစ်ဆွေ . . ။ တခြားတော့မဟုတ်ဘူး . . ဟိုစပါးပွဲစား ကိုမိုးမြင့်မောင် ဆိုတဲ့လူက သီသီ့ကို ရည်းစားစကားပြောလို့ကွ . . အောင်မာ သီသီက အတော်သတ္တိရှိတာကိုယ့်လူ အဲဒီလူ သီသီ့ လက်ကိုဆွဲတော့ သီသီက ပါးရိုက်လိုက်တယ်။

အခုတော့ ဒီလူ သီသီ့အနားသိပ်မကပ်တော့ဘူးကွ . . ဟားဟား မှတ်သွားပြီထင်တယ် . . ။ သီသီ့ကြည့်ရတာ မင့်ကို ကျိတ်ပြီးကြိုက်နေပုံပဲ . . တကယ်ပြောတာ ဟော့ကောင် . . သူ မင့်အကြောင်း ခဏခဏပြောတယ် မင်းဆရာဝန်ဖြစ်ပြီး ဒီရွာကို ပြောင်းလာရင် သိပ်ကောင်းမှာတဲ့ . . ဟုတ်တယ်ကွ စစ်ဆွေ မင်းသာ ဆရာဝန်ဖြစ်ပြီး တို့ရွာကို ရောက်လာရင် တို့တွေပြန်ဆုံကြ မှာကွ . .

တစ်နေ့နေ့ တစ်ချိန်ချိန်တော့ ပြန်ဆုံကြရအောင်ကွာ . .

မင်းရဲ့သူငယ်ချင်းတွေ

မိုးသီး၊ ပေတလူ

သီသီ့ဆီက စာကတော့ သည်နှစ်ကောင်၏ စာထက်ပို၍ လှပ သေသပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆွေ/

နှင်းမရှိတော့ ငါ့စိတ်ထဲမှာ တစ်မျိုးပဲ ..။ ရွာမှာလည်း နှင်းတို့ မိသားစုအကြောင်းပဲ ပြောနေကြတာ ..။ နှင်းမြို့မှာ အဆင်ပြေတယ်ဆိုတာ သိရလို့ ဝမ်းသာပါတယ်ဟာ ..။ ငါက အဲဒါပဲ စိတ်ပူနေတာ .. စာတွေတော့ ထိုက်နိုင်တယ်မဟုတ်လား .. အလိုလိုနဲ့ တို့စာမေးပွဲတောင် နီးလာပြီနော် .. ငါတော့ရတဲ့ အချိန်လေးအတွင်းမှာ စာကျက်ရတယ် ..။ အဲဒီစာကျက်ချိန် တွေမှာ ညဆိုနှင်းကို သတိရတယ် .. နှင်းလည်း ငါ့လိုပဲ ဒီအချိန်ဆို စာကျက်နေ မှာပဲလို့ ...

ဒေါ်မြခင်ကြီးတစ်ယောက်တော့ ပိုးထိလို့ ဆုံးသွားတယ် ...။ ငါကတော့ နှင့်အဖေသာ ရွာမှာရှိနေရင် ဒေါ်မြခင် အဲဒီလို ဆုံးမှာ မဟုတ်ဘူးလို့ ယုံကြည်တယ် .. နှင့်အဖေကို အဲဒီသတင်းပြောပြလိုက်ရင် သူလည်း ငါခံစားရသလို ခံစားရမှာ သေချာတယ် ..။

နှင်း မွေ့ရာသီကျောင်းပိတ်ရက်ကျရင် တို့ရွာကိုလာလည်ပါလား .. ပြောမယ့်သာပြောရတာပါဟယ် ..။ လူတွေမှာ အားလပ်ချိန်ရယ်လို့က သိပ်မှ မရှိဘဲ။ နှင်းလည်း ရှေ့နှစ်ဆို ဆယ်တန်းရောက်တော့မှာဆိုတော့ ကျူရှင်တွေ သာတွေကြိုတက်ဖို့ လုပ်ရတော့မှာ .. တို့တတွေ လူချင်းတွေ့ရဖို့ အခွင့်အရေးက သိပ်မရှိတော့ဘူး ..။

စာတော့ မှန်မှန်ရေးပါဟယ် ..။ နှင့်ဆီက စာကို ဖတ်ရတဲ့အချိန်မှာ ငါ့ရင်ထဲက သောကတွေပြေသွားတယ် .. ငါ့ပင်ပန်းမှုတွေ အလုံးစုံ ပြေပျောက် သွားတယ်.. နှင်းဂစ်တာရော အတော်ကျွမ်းနေပြီလား .. နှင်းသီချင်းဆိုပြီး ဂစ်တာ တီးပြတာကို ငါ နားထောင်ချင်တယ် .. ဒါပေမယ့် မဖြစ်နိုင်တော့ပါဘူးဟာ..

ငါ့မှာလည်း စိတ်ညစ်စရာပြဿနာလေးတွေ ရှိနေတယ်ဟ .. လူ တစ်လိုယ် အပူတစ်မျိုးပေါ့ဟာ ..။ နှင့်မှာတော့ အဲအပူအပင်မှ ရှိမှာမဟုတ် ပါဘူး .. နှင်းစာကို သာကြိုးစားပါဟယ် .. နှင့်ကို ငါအရမ်းသတိရတယ် ...

နှင့်သူငယ်ချင်း
သိင်္ဂီ



www.burmeseclassic.com

www.burmeseclassic.com



သီသို့စာကို ဖတ်ပြီးသွားသောအခါ ကျွန်တော်နည်းနည်း တွေသွားမိလေသည်။ သီသို့မှာ ဘာစိတ်ညစ်စရာ ပြဿနာတွေရှိလေသနည်း။ မိုးသီး၏ စာထဲမှာပါသည့်အတိုင်း ကိုမိုးမြင့်မောင်ကြောင့်ပင်လော။ သို့တည်းမဟုတ် ကျွန်တော်မသိသေးသည့် တခြားအကြောင်းတွေ သီသို့မှာ ရှိနေသေးသလား။

အမှန်စင်စစ် ယခုအတိုင်းဆိုလျှင် ရွာ၏သတင်းကို သူတို့၏စာ မှသာ ကျွန်တော်သိနိုင်ခွင့်ရှိတော့မည်ဖြစ်ပါသည်။ သီသို့အတွက်စိတ်ပူမိသော်လည်း ကျွန်တော် ဘာမှမတတ်နိုင်တော့ပါ။ သူငယ်ချင်းအသစ်၊ ကျောင်းအသစ်၊ နေရာအသစ်မှာ တဖြည်းဖြည်းတော့ အသားကျလာပါလိမ့်မည်။

သို့သော် ညအိပ်ရာဝင်ခါနီးတိုင်း သီသို့မျက်နှာကလေး တတော့ ကျွန်တော့်အတွေးထဲ ပေါ်ပေါ်လာလေ့ရှိပါသည်။

✿✿✿

www.burmeseclassic.com

burmeseclassic.com

(၈)

ကျွန် တော်ဆေးတန်းရောက်သောအခါ မေမေက ကျွန်တော့်ကို [illegible]ရှ စကားပြောလေသည်။

"သား [illegible]တော့ ဆယ်တန်းဆိုတော့ အရေးကြီးတယ်။ သားကို [illegible]မှာကတည်းက မေးခဲ့တဲ့မေးခွန်းကို ပြန်မေးမယ် . ."

မေမေ့မျက်လုံးတွေက ကျွန်တော့်ကို စိုက်ကြည့်နေလေသည်။

"သား . . ဆယ်တန်းအောင်ရင် ဘာလိုင်းကိုယူမလဲ . ."

သည်တစ်ခါ ကျွန်တော့်တွင် အဖြေက အဆင်သင့်ပင်ရှိနေခဲ့လေသည်။ ထို့ကြောင့် မေမေ့မေးခွန်းကို မဆိုင်းမတွ ဖြေလိုက်မိ၏။

"ကျွန်တော် ဆေးတက္ကသိုလ်တက်မယ် မေမေ. ."

မေမေ့မျက်နှာသည် ပြုံးသွား၏။ ပြီးတော့ ကျွန်တော့်ဘေးမှာ လာထိုင်သည်။

"အဲဒီအဖြေကို ဖေဖေစောင့်နေတာ . .။ ဒါပေမယ့် တစ်ခု တော့ ဖေဖေပြောမယ်နော်သား . . ဆရာဝန်အလုပ်နဲ့ ချမ်းသာဖို့ တော့ သား စိတ်မကူးပါနဲ့ . ."

"ကျွန်တော်လည်း ပိုက်ဆံချမ်းသာချင်မှတော့ ဆေးတက္က သိုလ်တက်ဖို့ စိတ်ကူးမှာမဟုတ်ပါဘူး ဖေဖေ . ."

ဖေဖေက ကျွန်တော့်ပခုံးကိုဖက်လိုက်သည်။ ဖေဖေ့ထံမှ အားအင်တွေ ကျွန်တော့်ကိုယ်ထဲ စီးဝင်လာသလို ခံစားရလေသည်။

"သား စာကိုကြိုးစားပါ . . ကျန်တဲ့ ကိစ္စ ဖေဖေတာဝန်ယူ ပါတယ် . ."

ဆေးတက္ကသိုလ်သို့ ဝင်ရောက်ခွင့်ရရေးသည် လွယ်သည့် ကိစ္စ မဟုတ်မှန်းကျောင်းသားတိုင်းသိကြပါသည်။ ဂုဏ်ထူးတွေ လေး ငါးခု ထွက်ရုံဖြင့်လည်းမရပါ။ အမှတ်လည်း ကောင်းရပါဦးမည်။ မည်သို့ပင်ဖြစ်စေကာမူ ကျွန်တော် စာကိုဖိ၍ ကြိုးစားခဲ့ပါသည်။ ဖေဖေ မေမေတို့ ဝယ်ပေးထားသော ဂစ်တာအသစ်ကလေးကို တစ်ခါတစ်ရံမှသာ တီးခေါက်မိလေသည်။

ထိုအခါမျိုးတွင် မိုးသီးနှင့် ပေတလူတို့ကို သတိရမိပြန်သည်။ ထို့နောက် တစ်ဆက်တည်းမှာပင် သီသီ့ကို သတိရမိပြန်သည်။ ကျွန်တော့်တွင် ထိုအချိန်၌ သူငယ်ချင်းအသစ်တွေ ရနေလေပြီ။ စည်သူမြင့်၊ ဝဏ္ဏမျိုးအောင်တို့သည် ကျွန်တော်နှင့် အတော်ပင်ရင်းနှီး နေလေပြီ။

"မင်းတို့အားရင် ငါနဲ့ ရွာကိုလိုက်ခဲ့ကြပါလား"

ထိုအခါ သည်ကောင်နှစ်ကောင်က ဟက်ဟက်ပက်ပက် ရယ်ပါသည်။

"မင်းတို့ရွာကတို့ရန်ကုန်လောက် ပျော်စရာကောင်းလို့လား"

ရန်ကုန်သည် အပျော်အပါး ပွဲလမ်းသဘင်များပြားသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွန်တော်တို့ရွာလောက် ပျော်စရာမကောင်းဟု ထင်ပါသည်။ ကျွန်တော့် စိတ်ထဲတွင် ရွာသို့ တစ်နှစ်ကိုတစ်ခေါက်လောက် သွားရောက်လည်ပတ်ချင်စိတ်က ဖြစ်နေပါသည်။ သို့သော် လက်တွေ့တွင် မလွယ်ကူခဲ့ပါ။ ပထမတစ်ချက်မှာ ဖေဖေ၏ မအားလပ်မှုကြောင့်ဖြစ်ပြီး ဒုတိယအချက်မှာ မေမေကြောင့်ပင်ဖြစ်လေသည်။

မေမေက ကျွန်တော်ရွာသို့ သွားရောက်လည်ပတ်ချင်သည့်ကိစ္စကို ကန့်ကွက်လေသည်။

"ဘာလုပ်မလဲ သားရယ် . . တစ်ရွာလုံးလည်း ခုလောက်ဆို မေမေတို့ကို မေ့နေလောက်ပါပြီ . . ။ နောက်ပြီး မေမေတို့လည်း သားကိုလိုက်မပို့နိုင်ဘူး။ သား ဖေဖေ့အလုပ်ကလည်း သားမြင်တဲ့အတိုင်းပဲ . ."

ကျွန်တော်ကတော့ ဖေဖေ့ကို တိုးတိုးကျိတ်၍ အရေးဆိုမိလေသည်။

"ဖေဖေ သား နွေရာသီကျောင်းပိတ်ရက်ကျရင် ရွာကိုသွားလည်ချင်တယ် ဖေဖေ . ."

ဖေဖေက ပြုံးလေသည်။

"ကောင်းသားပဲ . . ။ ဒီမှာဆို သားပျင်းနေမှာ။ ဒါပေမယ့် ဖေဖေ တစ်ခုတော့ ပြောချင်တယ် . . နွေရာသီကျောင်းပိတ်ရက်မှာ သား ဒီအတိုင်းတော့ မနေသင့်ဘူး . . သင်တန်းတစ်ခုခုတက်ရမယ် . . ၊ အဲဒီတော့ သား ရွာမှာအကြာကြီးနေလို့တော့မဖြစ်ဘူး . . ဆယ်ရက်လောက်ပဲနေ . ."

ကျွန်တော်ပျော်သွားပါသည်။ ဖေဖေက ကျွန်တော့်ကို ထိုသို့ ခွင့်ပြုခဲ့ခြင်းကို မေမေက သိပ်ကျေနပ်ပုံမရပါ။ ကျွန်တော်တို့ မိသားစု ရန်ကုန်သို့ ပြောင်းရွှေ့ခွင့်ရသောအခါ မေမေကတော့ ပျော်ရွှင်ကျေနပ်နေပါသည်။ သို့နှင့်ပင် ကျွန်တော်တို့၏ စာမေးပွဲကြီးက

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနီးကပ်လာသည်။ သိသိနှင့် မိုးသီးတို့ထံသို့ကား စာ အရေးမပျက်ခဲ့ချေ။

ကန်တော်ကြီး ပန်းခြံအတွင်း၌ ကျွန်တော်တစ်ယောက်တည်း ရိုက်ထားသည့် ဓာတ်ပုံတချို့ကို သိသိထံသို့ တစ်ပုံ၊ မိုးသီးတို့ထံသို့ တချို့ စာအိတ်ထဲထည့်၍ ပို့လိုက်မိသည်။ ထိုအတောအတွင်း မိုးသီးထံမှရသည့်စာက ကျွန်တော့်ကို တုန်လှုပ်ချောက်ချား သွားစေသည်။

သူငယ်ချင်းစစ်ဆွေ

တို့တတွေခွဲခဲ့ကြတာ တစ်နှစ်တိတိပြည့်ပြီကွ ..။ မင်း စာအရမ်းကြိုးစားနေတယ်ဆိုတာ သိရလို့ ဝမ်းသာပါတယ်ကွာ ..။ ငါတို့ ကတော့ အိမ်အလုပ်က တစ်ဖက်နဲ့ဆိုတော့ သိပ်ကြိုးစားလို့ မရပါဘူး ..။ ပြောရဦးမယ် စစ်ဆွေ .. သိသိတစ်နေ့က ငါ့ဆီ ရောက်လာတယ်ကွ .. မျက်နှာလည်း မကောင်းဘူး .. ပြီးတော့ ငါ့ရှေ့ရောက်တော့ ငိုတယ် ..

ဒါနဲ့ ငါလည်း စိတ်ပူပြီး မေးကြည့်တော့ ကိုမိုးမြင့်မောင်ဆိုတဲ့ လူက သိသိ့အမေမှာ သိန်းသုံးဆယ်တင်ပြီး သိသိ့ကို တောင်းရမ်းတယ်တဲ့။ အဲဒါ သိသိ့အမေသဘောတူရင် မင်္ဂလာကိစ္စကို အမြန်ဆုံး လုပ်ဖို့ စီစဉ်မယ်တဲ့ .. ငါလည်း သိသိ့အတွက် စိတ်မကောင်းဘူး .. သိသိက အဲဒီလူကို လုံးဝမကြည့်မရဘူးတဲ့ကွာ .. မင်းကိုလည်း အရမ်းသတိရတာပဲတဲ့ ..။

သိသိ့ကြည့်ရတာ အဲဒီကိစ္စအတွက် အတော်စိတ်မချမ်းမသာ ဖြစ်နေပုံပဲ ..။ အပျိုကြီးမအေးလှတို့ကတော့ သိသိ့အဖြစ်ကို အားကျနေကြတယ် ..။ အခုဆို အဲဒီသတင်းက တစ်ရွာလုံး ပျံ့သွားပြီကွ .. လူတွေ ပါးစပ်ကတော့ အမျိုးမျိုးဝေဖန်နေတာပေါ့ကွာ .. တချို့ကလည်း သိသိ အဲဒီလူကို ယူလိုက်ရင် သူဌေးကတော့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားမှာဆိုပြီး ဝမ်းသာနေကြတယ်။ တချို့ကလည်း သီသီ့အတွက် စိတ်မကောင်းကြဘူး။

ကိုကြီးသာဒင်တို့ ကာလသားကြီးတွေကတော့ ဒီကိစ္စအပေါ် သိပ်မကျေနပ်ကြဘူး . . အဲဒီကိုမိုးမြင့်မောင်ဆိုတဲ့ လူကိုသိပ်မကျေနပ်ကြဘူး။ ဒါပေမယ့် အဲဒီလူကလည်း စည်းရုံးရေးကတော့ ကောင်းတယ်ကွ . . သူ ရွာကိုလာရင် လက်ဆောင်တွေဝယ်ဝယ်လာတယ် . . ကိုကြီးသာဒင်တို့ အတွက်ဆို စီးကရက်တွေ ဘူးလိုက်ဝယ်လာတယ် . .

ငါတို့အတွက်လည်း မုန့်တွေဘာတွေ ဝယ်လာတတ်တယ် . . ငါ့သဘောကတော့ကွာ . . သီသီ့ဘဝကို နှမ်းသာစေချင်သလို . . သီသီ့ကိုလည်း သနားနေတယ် . . ဟော့ကောင် . . စစ်ဆွေ . . မင်းသီသီ့အပေါ် ထားတဲ့ စိတ်က ပြောင်းလဲသွားပြီလား . မီးဝေးတဲ့ ချိတ်ဖြစ်သွားပြီလား . . ။ မင်းကွာ . . မပြောင်းခင်ကတည်းက သီသီ့ကို ရည်းစားစကား ပြောသွားရမှာ . . ။

အေးလေ . . ရန်ကုန်မှာ သီသီ့ထက်လှတဲ့ ကောင်မလေးတွေ အများကြီးပဲဆိုတော့ မင်းအာနေနဲ့သဘောထားပြောင်းသွားလည်း ကိစ္စတော့မရှိပါဘူး . . မင်းကို သတိရတယ်ကွာ . . နောက်မှပဲ စာရှည်ရှည်ရေးဦးမယ်။

မင်းရဲ့ မိုးသီး

မိုးသီး၏ စာကိုဖတ်ပြီးသွားသောအခါ ကျွန်တော် တုန်လှုပ်ချောက်ချားရလေသည်။ သီသီ့ကို ကျွန်တော်ချစ်သော အချစ်ကိုလည်း ပီပီသသ မြင်ရလေပြီ။ ငယ်ငယ်ကတည်းက စွဲလမ်းခဲ့ရသော သံယောဇဉ်ကြောင့် ကျွန်တော်ပို၍ခံစားရ၏။ စာရပြီး ၂ ရက် ၃ ရက်အထိ ကျွန်တော် ငေါင်နေလေသည်။ သီသီ့ကို ရန်ကုန်သို့ မပြောင်းမီကတည်းက ချစ်စကားပြောခဲ့ရ ကောင်းသားဟု နောင်တ

www.burmeseclassic.com

www.burmeseclassic.com



ရပါသည်။ ယခုတော့ ကျွန်တော်မကြုံတတ်၊ မစည်တတ်ဖြစ်နေ၏။

အတန်းပညာကလည်း ယခုမှ ဆယ်တန်းသာရှိသေးသည်။ သီသီ့ ဘဝကို ကယ်တင်ရန် ကျွန်တော့်မှာ ဘာအစွမ်းအစမှမရှိသေး။ ဗညာသင်စဉ်အတွင်း အိမ်ထောင်ရေးကို မစဉ်းစားသင့် သေးသော်လည်း ပထမဦးဆုံးအကြိမ်အဖြစ် ကျွန်တော်သည် သီသီ့ကို လက်ထပ်ယူရန် စိတ်ကူးမိ၏။ သို့သော် ထိုစိတ်ကူးမှာ တစ်ခဏခြင်းမှာပင် ပြန်၍ပျက်သွားသည်။

ကျွန်တော် ဆရာဝန်ဖြစ်ကိုဖြစ်ရမည်။ ဖေဖေ့လို ဆရာဝန်တစ်ဦး ဖြစ်ကိုဖြစ်ရမည်။ ကျွန်တော် ဆရာဝန်ဖြစ်ဖို့ အရေး၌ အိမ်ထောင်ရေးသည် အနှောင့်အယှက်မဖြစ်စေရ။ ထိုအခါ သီသီ့အတွက် ရင်ထဲမှာ နင့်ခနဲနေအောင်ခံစားလိုက်ရလေသည်။ သီသီ ယခုအချိန်၌ မည်သို့စဉ်းစားနေ လေမည်နည်း။ ကိုမိုးမြင့်မောင်ကို လက်ထပ်လိုက်ခြင်းဖြင့် သူမတို့ မိသားစု ချမ်းသာကြွယ်ဝလာမည်မှာတော့ သေချာလေသည်။

ထို့ပြင် အိမ်ထောင်ရေးတွင် ကျွန်တော်တို့ မသိသေးသော အချက်တွေအများကြီးရှိလေသည်။ သီသီသည် အိမ်ထောင်ကျသွားသောအခါ ကိုမိုးမြင့်မောင်ကို ချစ်သွားပေလိမ့်မည်။ ကျွန်တော့် ရင်ထဲမှာ ဟာသွားလေ သည်။ ကျွန်တော့်ရင်ထဲမှာ ရှိသော အချစ်သည် မပွင့်ခင်မှာပင် ကြွေရတော့မည့် အမိုပွာယ်ဖြစ်နေလေ၏။

✿✿✿

www.burmeseclassic.com

www.burmeseclassic.com

ဆယ်တန်းစာမေးပွဲကြီးကို စတင်၍ စစ်လေပြီ။ မတ်လ၏ နေသည် အလွန်ပင်ပူပြင်းနေလေ၏။ မေမေသည် ကျွန်တော်စာမေးပွဲ ဖြေနေစဉ်အတွင်း ကျွန်တော်၏ ကျောင်းသို့လိုက်၍ စောင့်ပေးသည်။ ကျွန်တော်၏ အိမ်ရှေ့မှာရှိသော သရက်ပင်တွင် သရက်သီးတွေပင် အတော်ကြီး နေလေပြီ။ သရက်ပင်မှ သရက်သီးတွေကို မြင်သောအခါ ရွာမှာ ကျွန်တော်တို့အုပ်စု သရက်သီးတွေကို လေးခွနှင့် ပစ်ကြသည်ကို သတိရမိသည်။ ဆယ်တန်းစာမေးပွဲသည် တစ်နိုင်ငံလုံး ပြိုင်တူ ကျင်းပသည်မို့ မိုးသီး၊ ပေတလူ၊ သီသီ၊ အေးမြစသော ကျွန်တော်၏ သူငယ်ချင်းတွေ အကုန်လုံးလည်း စာမေးပွဲဖြေနေကြရော့မည်။

"ဟော့ကောင် .. စစ်ဆေးနိုင် .. မင်းဖြေနိုင်တယ် မဟုတ်လား"

စည်သူမြင့်က အခန်းထဲမှ ထွက်ထွက်ခြင်းပင် ကျွန်တော့်ကို မေး လေသည်။

"အေးကွ .. မင်းရော .."



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်းရတယ် .. ဒါပေမယ့် ဒီနေ့ မေးခွန်းခက်တယ်ကွ နေဦး နေဦး ဝဏ္ဏမျိုးအောင်ရော ရလားမသိဘူး"

ဝဏ္ဏမျိုးအောင်က အတန်းထဲမှ ကုပ်ချောင်းချောင်း ထွက်လာသည်။

"ဟေ့ကောင် .. ဝဏ္ဏမင်းရလား"

"အောင်မှတ်ပဲရမယ်ကွ .. ဒီနေ့နည်းနည်းကျွတ်တယ်"

"ကျွတ်ရင် ပြန်ဝတ်ထားလိုက်ပေါ့"

ပပဆွေလတ်က ဘေးမှာရောက်လာပြီး ဝင်နှောက်၏။

"ပပ နင်ရော .. ရလား .."

"အေး .."

"ရမှာပေါ့ .. နင်ခိုးချနေတာ ငါတွေ့သားပဲ .."

"ဝေးသေး .. ခိုးတယ်ဆိုတာ ပပတို့ကမ္ဘာမှာမရှိဘူး.."

ပပဆွေလတ်သည် ကျွန်တော့်ကို ပြုံးပြသည်။

"စစ်ဆွေနိုင် .. နင်က တို့အုပ်စုထဲမှာ အတော်ဆုံးဆိုတော့ နင်က အကုန်ရမှာပေါ့နော် .."

"ဒီလောက်လည်း မဟုတ်ပါဘူးဟာ .."

ကျွန်တော်တို့ အုပ်စုတွင် ကျွန်တော်မှလွဲ၍ အားလုံးက တားရှိကြပါသည်။ ကျွန်တော်ကတော့ ဆိုက်ကားနှင့် လာ၍ ဆိုက်ကားနှင့်ပင် ပြန်ပါသည်။ ကျောင်းရှေ့သို့ရောက်သောအခါ မေမေက သိချင်ဇောဖြင့် ကျွန်တော့်ကို မေးလေသည်။

"သားဖြေနိုင်လား"

"ဟုတ်ကဲ့.."

"ဝုဏ်ထူးရောထွက်နိုင်လား .."

"ဟုတ်ကဲ့ .."

မေမေသည် နှစ်ခြိုက်စွာပြုံး၏။ ကျွန်တော်တို့ သားအမိ



www.burmeseclassic.com

www.burmeseclassic.com



ရေးတွင် ပကာသန တွေပါဝင်နေပြီး ဟန်ဆောင်မှုတွေရှိနေသည်ဟု ကျွန်တော်ထင်ပါသည်။

အိမ်သို့ပြန်ရောက်သောအခါ ခဏနားသည်။ ပြီးတော့ မနက်ဖြန်ဖြေရမည့် ဘာသာအတွက် စာပြန်ကျက်သည်။ သည်လိုနှင့်ပင် စာမေးပွဲကြီး၏ နောက်ဆုံးနေ့သို့ရောက်လာသည်။ ဖေဖေသည် ညစဉ်လိုပင် ကျွန်တော်၏ဖြေဆိုမှုများအတွက် စူးစမ်းလေသည်။

"သား ဂုဏ်ထူးတွေ လေးဘာသာလောက်တော့ ထွက်လိမ့်မယ်"

ဘာပဲဖြစ်ဖြစ် ယနေ့ဖြေဆိုရမည့် ဘာသာကိုလည်း ကျွန်တော် ဂုဏ်ထူးထွက်ချင်ပါသည်။ အိမ်မှအထွက်တွင် ကျွန်တော် စိတ်လှုပ်ရှားနေမိလေသည်။ မေမေက ကျွန်တော် စိတ်လှုပ်ရှားနေခြင်းကို သတိပြုမိသွားပြီး သတိပေးပါသည်။

"သားစိတ်သိပ်လှုပ်ရှားမနေနဲ့ .. ဖြေကို ဖြေနိုင်မှာပါ"

တကယ်လည်း ကျွန်တော်ကောင်းစွာဖြေနိုင်ခဲ့လေသည်။ ဖြေဆိုပြီးသွားသောအခါ ကျွန်တော့်တစ်ကိုယ်လုံး လွတ်လပ်ပေါ့ပါးသွားသည်။ စာမေးပွဲကို ချောချောမောမောအောင်မြင်မည်ဟုလည်း ကိုယ့်ဘာသာကိုယ်သိလိုက်သည်။ အချိန်စေ့သောအခါ ကျွန်တော် အဖြေလွှာအပ်ပြီး အခန်းပြင်ထွက်ခဲ့လေသည်။

ကျောင်းတစ်ကျောင်းလုံး ဆူညံနေကြသည်။ အချို့သည် ဖြေနိုင်၏။ အချို့သည် မဖြေနိုင်။ ဤသည်မှာ စာမေးပွဲ၏ သဘာဝပင်ဖြစ်သည်။ စည်သူမြင့်နှင့် ဝဏ္ဏမျိုးအောင်တို့ ကျွန်တော့်အနားရောက်လာသည်။

"ဖြေနိုင်တယ် မဟုတ်လား"

"အေး .."



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကားဖြင့်ပင် အိမ်သို့ပြန်ခဲ့လေသည်။ ပပဆွေလတ်က ကျွန်တော်တို့ ဆိုက်ကားကို သူ့ကားဖြင့်ကျော်အတက်တွင် ကျွန်တော့်ကို ပြုံးပြသွား၏။ ကျွန်တော်၏ သူငယ်ချင်းအသစ်တွေ ချမ်းသာကြွယ်ဝခြင်းအတွက် ဖေဖေက ကျွန်တော့်ကို ဆုံးမဖူးလေသည်။

"သား သူငယ်ချင်းတွေကြားမှာ သားဟာ ဆင်းရဲနေတယ်လို့ သား ခံစားရမှာပဲ .. ဒီအတွက် သားစိတ်အနှောင့်အယှက်မဖြစ်စေချင်ဘူး .. သားရဲ့ ပကတိအခြေအနေကို သား သူငယ်ချင်းတွေ သိကြတာပဲ .. ဒါကို သူတို့အပြစ်မြင်မယ် .. သားကို ပေါင်းရမှာ သိမ်ငယ်တယ်ထင်ပြီး မပေါင်းရင်လည်း သားဝမ်းနည်းစရာ မဟုတ်ဘူး ..။ အို .. သားကို ဘယ်သူမှ မပေါင်းချင်ကြဘူးဆိုရင်လည်း ဒါဝမ်းနည်းစရာမဟုတ်ဘူး .. သားဘဝတိုးတက်ဖို့ သားရဲ့ ရည်ရွယ်ချက်ကိုရောက်ဖို့ ဒါဟာ အင်အားပဲလို့ သားမှတ်ပါ ..။ လူတစ်ယောက်ဟာ ရိုးသားမယ် ကိုယ်ကျင့်တရား ကောင်းမယ်ဆိုရင် ဘယ်သူ့ကိုမဆို သားပေါင်းနိုင်တယ် ..။ သားရှောင်ရမှာက မရိုးသားတဲ့လူ .. ကိုယ်ကျင့်တရားမကောင်းတဲ့လူကိုပဲ .."

ယခုထိတော့ ကျွန်တော့်သူငယ်ချင်းအသစ်တွေသည် ကျွန်တော့်ကို ခင်မင်ရင်းနှီးစွာ ပေါင်းသင်းကြလေသည်။ သူတို့တွင် ကျွန်တော့်ကို ပေါင်းသင်းရသည့်အတွက်တော့ ငြိုငြင်ဟန်မရှိကြပါ။ သို့သော် သူတို့ထဲမှ သူတို့၏ ချမ်းသာကြွယ်ဝမှုအတွက် ထုတ်ပြောသော စကား(ဝါ) ကြွားဝါသောစကားတွေကတော့ ကျွန်တော့်ကို စိတ်မသက်မသာဖြစ်စေပါသည်။

ထိုအခါမျိုးတွင် ရွာက ကျွန်တော့်သူငယ်ချင်းတွေကို ဖျတ်ခနဲသတိရစမြဲဖြစ်လေသည်။ ရွာမှရှိသော ကျွန်တော့်သူငယ်ချင်းများကဲ့သို့ ကျွန်တော့်အပေါ် ရိုးသားစွာချစ်ခင်မှုမျိုး ရန်ကုန်မှာမရနိုင်ဟု ကျွန်တော်ထင်ပါသည်။ ရန်ကုန်မှ သူငယ်ချင်းများ၏ ဆက်ဆံ

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ နည်းနည်းခက်တယ်ကွ . .။ ငါတို့တော့ အောင်ရုံပဲ ရလိမ့်မယ်"

ပပဆွေလတ်လည်း ရောက်လာသည်။

"နင်တို့တွေ ဖြေနိုင်တယ် မဟုတ်လား"

"အေး . . နင်ရော . ."

"ဖြေနိုင်တယ် . . တို့တွေ စာမေးပွဲနောက်ဆုံးနေ့ဆိုတော့ တစ်ခုခုသွားစားကြရအောင်ဟာ . . ငါကျွေးမယ်. . ."

ကျွန်တော် ငြင်းမည်ပြုသော်လည်း ဟိုနှစ်ကောင်ကပါ အား တက်သရောနှင့်ဝင်၍ သဘောတူသဖြင့် ကျွန်တော်မငြင်းသာတော့။ ထို့ကြောင့် မေမေ့ကို တစ်ယောက်တည်းပင် ပြန်ခိုင်းလိုက်ရသည်။ စားသောက်ဆိုင်မှာ ဟမ်ဘာဂါစား ကော်ဖီသောက်ကြ ပြီးတော့ စကားပြောကြသည်။

"တို့တစ်တွေအားလုံး အောင်မှာသေချာတယ် . . ကျောင်း ပိတ်ရက်အတွင်းမှာ နင့်တို့ဘာလုပ်ကြမလဲ . ."

"ငါကတော့ အင်္ဂလိပ်စာသင်တန်းတက်မယ် စိတ်ကူးထား တယ်"

စည်သူမြင့်က ပြော၏။

"ငါကတော့ အမှတ်ကောင်းမှာမဟုတ်လို့ ကွန်ပျူတာ သင်တန်းပဲ တက်မလို့ . . နင်ရော ပပ"

ပပသည် ပြုံး၍ . .

"ငါကတော့ လောလောဆယ် ရေကူးသင်တန်းတက်မလို့ စဉ်းစားနေတယ် . . ဒါနဲ့ စစ်ဆွေနိုင်ကရော . ."

"ငါကတော့ တစ်ပတ်ဆယ်ရက်လောက် ရွာကို သွားလည် မလို့ စိတ်ကူးထားတယ် . . အဲဒီကအပြန်မှ သင်တန်းတစ်ခုခုတက် မယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် သူတို့တွေ မသိမသာပြုံးကြလေသည်။ စားသောက်ဆိုင်အတွင်းတွင် ဖွင့်ထားသော လေအေးစက်ကြောင့် အေးမြနေသည်။ ရွာမှာ တိုက်ခတ်လာသည့် လေနုအေးနှင့် မတူသည်မှာတော့ သေချာလေသည်။

✿✿✿

www.burmeseclassic.com

www.burmeseclassic.com

ရွာသို့ရောက်ရောက်ချင်းပင် မိုးသီး၏ အိမ်သို့ ကျွန်တော်သွားခဲ့လေသည်။ မိုးသီးသည် သူ၏အိမ်ဘေးတွင် နွားစာစဉ်းနေရာမှ ကျွန်တော့်ကို တွေ့သွားသည်။ သူသည် ကဆုန်ပေါက်ပြီး ကျွန်တော့်ထံသို့ ပြေးလာ၏။

“ဟာ .. စစ်ဆွေ .. ဆိုင်းမဆင့် ဗုံမဆင့်ပေါက်ချလာတယ်။ လာလည်တာလား .. ပေးပေး မင့်အထုပ်တွေပေး ..”

မိုးသီးသည် အသားအတော်ညိုသွားသည်။ သူသည် ကျွန်တော့်ပစ္စည်းတွေကို အိမ်ထဲသွားထားပြီး ကျွန်တော့်ကို သေသေချာချာ ကြည့်သည်။

“မင်းအရမ်းထွားလာတယ် စစ်ဆွေ ..။ နောက်ပြီး အသားလည်း ပိုဖြူလာတယ် .. ဒါနဲ့ မင်းဒီကို အလည်သက်သက်ပဲလား”

“အေး .. လာကွာ .. ပေတလူ့ဆီသွားရအောင် .. ပြီးရင် သီသီ့ဆီသွားမယ် ..”


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ နှစ်ယောက်ပေတလူထံရောက်သောအခါ ပေတလူကလည်း ကျွန်တော့်ကို တွေ့ရသဖြင့် ဝမ်းသာနေလေသည်။

"ဟော့ကောင်တွေ မင်းတို့စာမေးပွဲဖြေနိုင်တယ် မဟုတ်လား"

"အောင်ရုံလောက်တော့ ရမလားမသိဘူး . . မင်းကတော့ ဖြေနိုင်တယ်မဟုတ်လား"

ကျွန်တော်ခေါင်းညိတ်ပြလိုက်မိသည်။ တစ်ရွာလုံးသည် ကျွန်တော်လာလည်သဖြင့် ဝမ်းသာနေကြသည်။ လူကြီးတွေကလည်း နှုတ်ဆက်၏။ ကလေးတွေကလည်း နှုတ်ဆက်၏။ ဖေဖေနှင့်မေမေ နေထိုင်ကောင်းလား မေးကြလေသည်။ သီသီ့ဆီသို့ သွားသောအခါ သီသီလယ်ထဲသွား ကြောင်းပြောသဖြင့် ကျွန်တော်တို့ လယ်ထဲသို့ လိုက်သည်။ သီသီ့အိမ်သည် ကျွန်တော် မသွားခင်ကနှင့်မတူတော့ဘဲ သားနားသပ်ရပ်နေလေ၏။ လယ်ကွင်းတွေထဲမှာ စပါးတွေရိတ်ပြီး ဖြစ်၍ မိုးပြတ်တွေက ထိုးထိုးထောင်ထောင်ဖြစ်နေ၏။

သီသီက ကုက္ကိုပင်ကြီးအောက်မှာ တစ်ယောက်တည်း မိုးပြတ်တွေကိုငေးနေပါသည်။ နွေရာသီ၏နေသည် ပူပြင်းသော်လည်း တစ်ချက် တစ်ချက်တိုက်ခတ်လာသည့် လေနုအေးကြောင့် နေသာ ထိုင်သာ ရှိပါသည်။

"ဟေ့ . . သီသီ . . ဒီမှာ ဘယ်သူလဲ ကြည့်စမ်း . ."

သီသီသည် ထိုင်နေရာမှ ထရပ်၍ ကျွန်တော်တို့ကို စူးစမ်း၏။ ချက်ချင်းပင် သူမသည် ကျွန်တော့်ကို တွေ့သွားပြီး ကျွန်တော်တို့ ရှိရာ ပြေးလာသည်။

"ဟယ် . . စစ်ဆွေ . . နင်လာလည်တယ်နော် . . ဝမ်းသာလိုက်တာ . . ဟာ"

သီသီသည် ယခင်ကထက်ပို၍ ပြည့်လာသည်။ သူမသည်



www.burmeseclassic.com

www.burmeseclassic.com



လက်ရာမြောက်ပန်းပုရုပ်သဖွယ်ဖြစ်နေလေသည်။ သီသီသည် မိန်းမ တစ်ယောက်ပီပီသသဖြစ်နေလေပြီ။

"နင်အရပ်ကြီးရှည်လာလိုက်တာ.. နောက်ပြီး အသားတွေ လည်း ဖြူလာတယ် .."

သီသီ့ကို ကျွန်တော်ပြန်ငုံ့ကြည့်လိုက်မိသည်။ သူမ၏ ပါး နှစ်ဖက်၌ သနပ်ခါးတွေ ပါးကွက်ကြားရှိနေ၏။ မျက်တောင်ကော့ တွေသည် ပကတိအလှအပ။

"အန်ကယ်နဲ့ အန်တီရော နေကောင်းကြလား ..။ ဘာလို့ လိုက်မလာကြတာလဲ.."

"နေကောင်းကြပါတယ် .. အလုပ်မအားတော့ မလိုက်လာ နိုင်ကြဘူး .."

"နင် ဘာစားမလဲ စစ်ဆွေ.."

"အောင်မာ နင်က ဘာကျွေးချင်လို့လဲ"

"တို့ဆီမှာတော့ တောအစာပဲ စားရမှာပေါ့ဟဲ့ ..။ အမေ မြင့် မုန့်ဟင်းခါးစားမလား"

"နောက်မှဟာ .. ငါလည်း နင်တို့ဖို့မြို့က မုန့်တွေဝယ် လာတယ်"

"လာဟာ .. နေပူကြီးထဲမှာ ကုက္ကိုပင်အောက်သွားရ အောင်"

ကျွန်တော်တို့ ကုက္ကိုပင်အောက်ရောက်သောအခါ အပင် ရင်းမှာ ထိုင်လိုက်ကြသည်။

"မင်းကိုပြောရဦးမယ် .. သီသီက သူဌေးကတော်ဖြစ်တော့ မှာကွ"

မိုးသီး၏ စကားကြောင့် ကျွန်တော်ဒိတ်ခနဲ ဖြစ်သွားသည်။

"အလကားပါဟာ .. အမေကတော့ အဲဒီလူနဲ့ အရမ်း



www.burmeseclassic.com

www.burmeseclassic.com



သဘောတူနေတယ် . . ။ ငါကတော့ စိတ်မဝင်စားဘူး . . အဲဒါ နေ့တိုင်းနှာချေနေတယ် . . ။ ငါလည်း အတော်စိတ်ညစ်တယ်"

သီသီသည် လယ်ကွင်းထဲမှာ ရှိသော ရိုးပြတ်တွေကို ငေး ရင်းပြောသည်။ လယ်ကွင်းတွေထဲတွင် တံလျှပ်ထနေသည်ကို တွေ့ ရ၏။

✿✿✿

www.burmeseclassic.com

www.burmeseclassic.com

သီသီ" ·

"ဟင် . . ဘာလဲ စစ်ဆွေ"

"ငါ နင့်ကို စကားတစ်ခွန်းပြောချင်တယ် . . ဒီစကား ကိုငါ ရွာမှာရှိကတည်းက ပြောချင်ပေမယ့် အသက်ကလည်းငယ်သေးလို့ မပြောဖြစ်ခဲ့ဘူး အခုတော့ မပြောရင်မဖြစ်တော့ဘူး . . "

သီသီသည် ကျွန်တော့်မျက်နှာကို ဖျတ်ခနဲကြည့်ပြီး ခေါင်းငုံ့သွား၏။

"နင့်ကို ငါသိပ်ချစ်တယ် သီသီ . . "

သီသီသည် ကျွန်တော့်ကို ပြုံး၍ကြည့်သည်။

"နင်နောက်ကျသွားပြီ စစ်ဆွေ။ ငါမေမေ့စကားကို နားထောင်ဖို့ ဆုံးဖြတ်လိုက်ပြီ"

ကျွန်တော့်ရင်ထဲမှာ ဟာသွားလေသည်။ သီသီသည် ကျွန်တော့် အနီးထိုးကပ်လာသည်။ သူမ၏ ကိုယ်မှ ချွေးနံ့သင်းသင်းကိုပင်ရနေလေသည်။ ကျွန်တော်စိတ်ကို မထိန်းနိုင်တော့သဖြင့် သီသီ့ကို ကျုံးဖက်လိုက်ပြီး သူမ၏ ပါးပြင်ကို တရစပ်မွှေးကြူပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ် .. အရမ်းချစ်တယ်"

"ဟေ့ကောင် .. စစ်ဆွေ ဘယ်လိုဖြစ်နေတာလဲ .. ယောက်ျားချင်း .."

ကျွန်တော် လန့်နိုးသွားသည်။ မြတ်စွာဘုရား ကျွန်တော် အိပ်မက် မက်နေတာပါလား ..။ အိပ်မက်ထဲမှာ သီသို့ပါးကို မွှေးကြူ ထိုက်မှုသည် သီသို့ပါးမဟုတ်ဘဲ မိုးသီး၏ ပါးဖြစ်နေလေသည်။ ထို့ကြောင့် အိပ်မက်ထဲမှာပင် ချဉ်စုတ်စုတ်အနံ့ရသည်ဟု ထင်လိုက်မိလေသည်။

"စစ်ဆွေ မင်း .. မင်း အခြောက်ဖြစ်သွားပြီလား"

"မင်းကြီးတော်ကြီး အခြောက်ဖြစ်ရမှာလား .. ငါအိပ်မက် မက်နေလို့ကွ .. ဟီးဟီး"

"မင်းကွာ .. ငါဖြင့် လန့်သွားတာပဲ .. ငါ့ပါးတစ်ခုလုံး ထည်း မင့်တံတွေးတွေချည်းပဲ"

"ဟားဟား ငါတောင်းပန်ပါတယ်ကွာ .. အိပ်မက်ထဲမှာ သီသို့ကို ဖက်နမ်းနေတာကွ .. ဒါပေမယ့် ချဉ်စုတ်စုတ်အနံ့တော့ ရသား"

ကျွန်တော်တို့ သူငယ်ချင်း နှစ်ယောက်သည် ပြန်အိပ်မပျော်တော့။ ခြင်ထောင်ထဲမှာ မှောင်မည်းနေသည်။

"ဟေ့ကောင် အပြင်ထွက်ထိုင်ရအောင်ကွာ"

"အီသီယိုးပီးယားက ခြင်တွေကိုက်လိမ့်မယ်ကွ"

"ရပါတယ် .. သစ်ကိုင်းတစ်ကိုင်းချိုးပြီး ရမ်းကြတာပေါ့"

ကျွန်တော်တို့နှစ်ယောက် အိမ်ပြင်သို့ ထွက်ခဲ့သည်။ အိမ်ပြင်မှာတော့ ကြယ်ရောင်ဖြင့် ခပ်ဝါးဝါးလင်းနေ၏။ ကျွန်တော်တို့ နှစ်ယောက် အိမ်ရှေ့ခုံတန်းကလေးမှာ ထိုင်လိုက်ကြသည်။

"သီသို့ကို မင်းအိပ်မက်မက်တယ်ဆိုလို့ အဲဒီအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောရဦး မယ်စစ်ဆွေ ..။ သီသီ့အမေက ငွေသိပ်မက်တယ်ကွ ..။ နောက်ပြီးတော့ အလွယ်တကူပဲ ငွေချေးတတ်တယ် ..။ အခုလည်း ကိုမိုးမြင့်မောင်ဆီမှာ ယူထားတဲ့ ငွေကအတော်များနေပြီ ကြားတယ် ..။ လယ်ကွက်လည်း တစ်ကွက်ထပ်ဝယ်ထားတယ် .. အဲဒီတော့ အဘွားကြီးက တစ်ချက်ခုတ် နှစ်ချက်ပြတ် သီသီ့ကို အဲဒီလူနဲ့ ပေးစားချင်နေတယ် ..။ ငါ့အထင် ပြောရရင် သီသီ ကြာကြာငြင်းနိုင်လိမ့်မယ်မထင်ဘူး"

ရွာသို့ အလည်လာခဲ့သော ခရီးစဉ်၌ ကျွန်တော့်နှလုံးသား ကြေမွ ရတော့မည်ထင်ပါသည်။ အခွင့်အရေးရလျှင် သီသီ့ကို ချစ်စကားပြောမည့် အစီအစဉ်သည် တုံ့ဆိုင်းရလေတော့သည်။

"မင်း သီသီကို ချစ်တုန်းပဲလား စစ်ဆွေ"

ကျွန်တော် သက်ပြင်းချလိုက်မိသည်။ ပြီးမှ ..

"အေး"

မိုးသီးသည် ကျွန်တော့်ပခုံးကို ဖက်လေသည်။

"ဒါပေမယ့် မိုးသီးရာ .. ဒီလိုအခြေအနေမျိုးမှာ ... သီသီ့ကို ရည်းစားစကားပြောဖို့ ငါမရဲတော့ဘူး"

"ဘာဖြစ်လို့လဲ"

"ဪ ဟိုလူက ငါ့ထက် အစစအရာရာသာနေလို့ .."

"မဆိုင်တာပဲ စစ်ဆွေရာ .. မင်းကလည်း စစ်မရောက်ခင်က မြားကုန်နေပြန်ပြီ ..."

"တကယ်ပြောတာ မိုးသီး .. သီသီ့ဘဝတိုးတက်မြင့်မားလာမယ်ဆိုရင် ငါမျှသိပ်နေဝံ့ပါတယ်ကွ.."

"မင်း အဲဒီလိုထင်သလား စစ်ဆွေ .. ငါကတော့ အဲဒီလို မထင်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



မှောင်ထဲမှာပင် ကျွန်တော် နာနာကျင်ကျင်ပြုံးလိုက်မိသည်။ မီးသီးက ဆက်ပြော၏။

"ဒီလူနဲ့ သီသီယူရင် သီသီဒုက္ခရောက်လိမ့်မယ်လို့ ငါထင်တယ်"

"ဘာဖြစ်လို့ မင်းက အဲဒီလိုထင်ရတာလဲ"

"ဒီလူဟာ ရုပ်ချောတယ် ..။ ပြီးတော့ ချမ်းသာတယ် ..။ ငယ်လည်းငယ်သေးတယ် .. ဒီလောက်ပြည့်စုံနေတဲ့ လူတစ်ယောက်ဟာ တို့လိုတောရွာလေးတစ်ရွာက ကွမ်းတောင်ကိုင် မိန်းကလေးတစ်ယောက်ကို အတည်လက်ထပ်ယူမယ်ဆိုတာ သဘာဝမကျဘူး ...။ သူ့အနေနဲ့ မြို့မှာ သီသို့ထက်လှတဲ့၊ သီသို့ထက် ပညာတတ်တဲ့ မိန်းမတွေရှာလို့ရတာပဲ"

"သူတကယ် သီသီကို ကြိုက်သွားလို့လည်း ဖြစ်နိုင်တာပဲ"

"လုံးဝမဖြစ်နိုင်ဘူး"

ပူအိုက်သော နွေည၏အရှိန်ကြောင့်ပင်လော ကျွန်တော့ ရင်ထဲပူလာလေသည်။

✿✿✿

www.burmeseclassic.com

www.burmeseclassic.com

# ၉

ကျွန်တော်နှင့် သီသီသည် လယ်ကန်သင်းပေါ်မှာ လမ်းလျှောက်ရင်းစကား ပြောနေမိကြသည်။ သီသီက ရှေ့မှာ ကျွန်တော်က သူမ၏နောက်မှာ။

နံနက်ခင်း လေနုအေးသည် ကျွန်တော်တို့နှစ်ဦးကို တိုးဝှေ့ကျီစယ်သွားလေသည်ကောင်းကင်သည် ပကတိအပြာရောင်။

"နင် ဆေးတက္ကသိုလ်လျှောက်မယ်ဆိုတာ သိရတော့ ဝမ်းသာပါတယ်ဟာ . . နင်က စာတော်ပါတယ် . . ရမှာပါ . . ရန်ကုန်ရောက်ရင် ငါ့ဆီစာရေးလိုက်ဦးနော် . . ဒါနဲ့ ငါပေးထားတဲ့ မှတ်စုစာအုပ်လေးရှိသေးလား"

"ရှိတာပေါ့ . . ငါ့ရွာကို လွမ်းရင် နင်တို့ကို လွမ်းရင် အဲဒီစာအုပ်လေးထဲမှာပဲ လွမ်းတဲ့အကြောင်းတွေ ရေးထားမှာတယ်"

"ငါဖတ်ချင်တယ်"

"နောက်မှဟာ . ."

"နင် မနက်ဖြန်ပြန်မယ်နော် . . ငါလိုက်ပို့မယ် . ."

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် သီသီရယ် . . နင်တို့လည်း အလုပ်အားကြတာ မဟုတ်ဘူး . ."

"ဆေးတက္ကသိုလ်ရတယ်ဆိုရင် . . ငါ့ဆီ စာရေးလိုက်ဦး"

"အင်း"

ရင်ထဲတွင် ရှိနေသော စကားလုံးတချို့ကို ချုပ်တီးထား ရသည်မှာ ခက်ခဲလှလေသည်။

သီသီသည် ကုက္ကိုပင်အောက်၌ ရပ်လိုက်သည်။ ကျွန်တော် နှင့် သူမသည် အလွန်ပင် နီးကပ်စွာ ရှိနေပြီး သူမ၏ ကိုယ်သင်းနံ့ ကိုပင်ရနေလေသည်။

ရွှန်းလဲ့နေသော မျက်လုံးအစုံသည် ကျွန်တော့်ကို ပင့်၍ ကြည့်သည်။

"သီသီ"

"ဟင်"

"ငါပြောချင်တဲ့ စကား ၁စ်ခွန်းရှိတယ် . . ဒါပေမယ့် ငါမ ပြောတော့ဘူး . . အဲဒီလို မပြောဘဲနေတာဟာ နင့်အတွက်ရော . . ငါ့အတွက်ရော အကောင်းဆုံးဖြစ်ပါလိမ့်မယ်"

သီသီသည် မျက်လွှာပြန်ချသွားသည်။ သူမ သက်ပြင်း ချလိုက်သလား။

အပြာရောင် ကောင်းကင်တွင် စွန်တစ်ကောင်ဝဲနေလေ သည်။

ရွာမှ အပြန်ခရီးသည် အထီးကျန်ဆန်လွန်းနေသည်။ တားဂိတ်သို့ မိုးသီး၊ ပေတလူ၊ သီသီ၊ အေးမြတို့ လိုက်ပို့ကြ၏။ တားမထွက်မီ စကားကောင်းမိကြပြန်သည်။

"ပြောရဦးမယ် စစ်ဆွေ . . ရွာမှာကထိန်ပွဲလုပ်တုန်းက မင်းကို အရမ်းသတိရတာပဲ . . ငါက ဂစ်တာနဲ့ ဒိုးပတ်ဝိုင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်တီးတာကွ . . ဟားဟား . . ဂစ်တာအိုးထဲ မိုက်ကရိုဖုန်းက ဂစ်တာထဲမှာ တဂေါက်ဂေါက်နဲ့ စည်းဝါးလိုက်နေသလိုပဲ"

ပေတာလူက အားရပါးရပြောသည်။

"အောင်မယ် . . သူ့ဂစ်တာသံက ဒိုးပတ်ဝိုင်းကို ဖျက်လိုဖျက်ဆီးလုပ်နေတာတော့ ထည့်မပြောဘူး"

အေးမြက မျက်စောင်းဝေ့ရင်း ပြောသည်။

ကျွန်တော်လည်း ရယ်နေလိုက်သည်။

အေးမြသည် ကလေးဆန်သော်လည်း ချစ်စရာကောင်းပါသည်။ မိုးသီးနှင့် လိုက်ဖက်သည်ဟု ကျွန်တော်ထင်လေသည်။ မိုးသီး ဘာကြောင့် အေးမြကို မကြိုက်သေးတာလဲဟု ကျွန်တော် စဉ်းစားမိ၏။

ထို့ကြောင့် အေးမြတို့အလစ်တွင် မိုးသီးကို ခပ်တိုးတိုး ပြောမိသည်။

"ဟေ့ကောင် မိုးသီး။ အေးမြက လှလာတယ်ကွ . . မင်း အေးမြကို မကြိုက်ဘူးလား . . မင်းတို့နှစ်ယောက်လိုက်တယ်ကွ"

"ဟီးဟီး . ."

"ဘာဟီးဟီးလဲ . . မင့်အသံက ရေမြင်းကြီးရယ်သလိုပဲ"

"ဩော် . . ဒီလိုပါကွာ ငါလည်း ကြိုက်နေမိပြီကွ . . ဟီးဟီး"

"ဟော . . မင်းဘယ်တုန်းက ကြိုက်သွားတာလဲ"

"ဟီး ဟီး"

"အေး . . ငါသဘောပေါက်ပြီ . . လုပ်လေ . . မင်း ဖွင့်ပြောတော့လေ . ."

"ဖြည်းဖြည်းပေါ့ကွာ"

ခဏအကြာတွင် ကားထွက်တော့မည်ဖြစ်သဖြင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တား ပေါ်တက်ရလေသည်။ ကားထွက်သောအခါ သူတို့တတွေနှင့် ဗျွန်တော် အပြန်အလှန်လက်ပြမိကြ၏။

သီသီသည် မျက်ရည်တွေ လည်နေလေသည်။ ရွာမှအပြန်တွင် အထီးကျန်ဆန်လွန်းနေပါသည်။

✿✿✿

www.burmeseclassic.com

www.burmeseclassic.com

## (၉)

ရုက် ထူးလေးဘာသာဖြင့် ဆယ်တန်းစာမေးပွဲကို ကျွန်တော် အောင်မြင်ခဲ့လေသည်။ အမှတ်ပေါင်းလည်း ကောင်းသဖြင့် ကျွန်တော်တက်ရောက်ချင်သော ဆေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ရခဲ့ပြီး ဝဏ္ဏမျိုးအောင်ကတော့ ဝိဇ္ဇာသိပ္ပံသို့သာ ဝင်ခွင့်ရ၏။

ရွာမှ ကျွန်တော့်သူငယ်ချင်းများအနက် မိုးသီး၊ သီသီနှင့် မိုးစန္ဒာတို့အောင်၍ ကျန်သူများကျကြသည်။

အောင်စာရင်းထွက် စဉ်ကတစ်ခါ၊ တက္ကသိုလ်ဝင်ခွင့်စာရင်းတွေ ထုတ်ပြန်သောအခါက တစ်ခါ ကျွန်တော် သီသီ့ထံသို့လည်းကောင်း၊ မိုးသီးနှင့် ပေတလူ့ထံသို့ လည်းကောင်း စာရေးလိုက်သေးသည်။ သီသီ့ထံမှလည်း စာပြန်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## သဲစေယာစဉ့်တောအလည်

စင်ဆွေ/

ငါ့သိပ်ဝမ်းသာတာပဲ သီလား ..။ ငါ့စာမေးပွဲအောင်ထားထက်ကို နင်အောင်တာကို ပိုဝမ်းသာတယ် .. နင်ငါ့အရမ်းလေးစားတယ်နော် .. ဆရာဝန်လိုင်းကိုရအောင်ကြိုးစားပါယ် .. ဒါမှ ငါ့သူငယ်ချင်းပေ သီလား ..။ နင့်ကို ဂုဏ်ပြုချင်တယ်။ နင့်အဖေလို ဆရာဝန်ကြီးမျိုးဖြစ်လာတော့မှာပေါ့ ယင် .. ရွာမှာတော့ သိပ်အပြောင်းအလဲ မရှိပါဘူးယာ .. နင်ပြန်သွားတော့ ငါ့ဆွမ်းနေမိတယ် ..။

နင့်ရဲ့ သီသီ

သီသီ့စာသည် တကယ့်တိုတိုကလေးဖြစ်သည်။ ကျွန်တော် သိချင်သော သူမ၏အကြောင်းကို တစ်စိတ်တဒေသမှ ရေးမထား။ သို့သော် မိုးသီးတို့ရေးလိုက်သော စာကျမှ သူမ၏အကြောင်းကို ထိတိကျကျသိရသည်။

စင်ဆွေ/

မင်း ဆေးတက္ကသိုလ်ဝင်ခွင့်ရတာ ငါအရမ်းဝမ်းသာတယ်။ ပေတလူတော့ ကျတယ်ကွ ..။ ဒီကောင် .. စာမေးပွဲမဖြေတော့ဘူးလုပ်နေလို့ မင်းနည်းနည်းတိုက်တွန်းလိုက်ပါဦး ..။ စကားမစပ် သီသီ့အကြောင်း ပြောရဦးမယ် .. သီသီ သနားပါတယ် စင်ဆွေ .. ဟိုလူကို လက်ထပ်ဖို့ သဘောတူလိုက်ရပြီကွ .. သူတို့သီတင်းကျွတ်ရင် လက်ထပ်ကြမယ် ..။ ရွာမှာပဲ လက်ထပ်ကြမှာ .. နေတာလည်း သီသီ့အိမ်မှာပဲ နေလိမ့်မယ် .. ဒီလူကတော့ ရွာနဲ့ မြို့နဲ့သွားလိုက်လာလိုက်လုပ်နေလိမ့်မယ် ..။

အခုဆို သီသီ ငိုင်ငိုင်နေတယ် ..။ တို့နဲ့တွေ့ရင်လည်း အရင်လို ဟက်ဟက်ပက်ပက် သိပ်စကားမပြောတော့ဘူး ..။ သူ့အမေကြီးကတော့ အရမ်းပျော်နေတာပေါ့ကွာ ..။ ပါးစင်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ပြုံနေတာပဲ . . အလကား မိန်းမကြီးပါကွာ ပိုက်ဆံသိပ်မက်တဲ့ဟာမကြီး . . ကိုယ့်သမီးကိုယ် ရောင်းစားတဲ့ မိန်းမကြီး . . .

မိုးသီး၏ စာကိုဖတ်ရသောအခါ ကျွန်တော်မျက်ရည်တွေလည်လာလေသည်။ သီသို့ကို ကျွန်တော်လက်လွှတ် ဆုံးရှုံးရပေတော့မည်။

တကယ်တမ်းလက်လွှတ်ဆုံးရှုံးရမည်ကို သိလာသောအခါ သီသို့ကို ပို၍ချစ်မှန်းသိလာရလေသည်။ ထိုအခါ သဘ္ဘရာဇ်တွေကို ကျော်လွှားပစ်ချင်သည်။ ဆေးပညာဘွဲ့ကို မြန်မြန်ပင်ရချင်လာသည်။ ကျွန်တော် ဆရာဝန်သာဖြစ်နှင့်ပြီဆိုလျှင် သည်ပြဿနာသည် ခပ်လွယ်လွယ်ပင် ဖြစ်သွားပေလိမ့်မည်။

ရွာမှာတုန်းက သီသို့ကို ဖွင့်ပြောလိုက်ရင‌ကောင်းသားဟု နောင်တရမိသည်။ ကောင်းကင်တွင် မိုးတွေညို့လာသောအခါ သီသို့ကိုလွမ်း၏။ တစိမ့်စိမ့်ဖွဲရွာသော မိုး၌ သီသို့ကို လွမ်း၏။ ကျွန်တော်၏စိတ်တွေ တွေပြားနေသည်ကို ကျွန်တော့်ကိုယ် ကျွန်တော်လည်း သိလေသည်။ ကျွန်တော့် ရင်မှအချစ်သည် မပွင့်မီကြွေလေပြီ။

✿✿✿

www.burmeseclassic.com

www.burmeseclassic.com

“ သီတင်းကျွတ်ရန် တစ်လမျှအလိုတွင် မိုးသီး၏ထံမှ စာတစ်စောင်ကို ရလေသည်၊ စာသည် ကျွန်တော့်ရင်ကို အပ်နှင့်ဆွနေသကဲ့သို့ ဖြစ်နေ၏။

သူငယ်ချင်း စစ်သွေ/

သီသီ မင်္ဂလာဆောင်တော့မယ် ..။ ဒီမှာတော့ ရက်အတိအကျသတ်မှတ်ပြီးပြီ ..။ သီသီက အရင်ကထက် တည်ငြိမ်သွားတယ် ..။ မင်းကိုလည်း ကျောင်းအားမယ်ဆိုရင် မင်္ဂလာဆောင်ကို လာစေချင်တယ် တဲ့ .. သူခင်တဲ့ သူငယ်ချင်းတွေ သူ့မင်္ဂလာဆောင်မှာ စုံစုံညီညီရှိနေစေချင်တာပေါ့ကွာ ..

မင်္ဂလာရက်ကတော့ သီတင်းကျွတ်လပြည့်ကျော် လေးရက်နေ့ကွ..။ တနင်္ဂနွေနေ့ ကျတယ် ..။ မင်း သောကြာနေ့လာခဲ့ကွာ .. စနေနေ့တစ်ရက်နားပြီး သီသို့မင်္ဂလာဆောင်သွားလို့ရတာပေါ့ ..။ ပြီးတော့ မင်္ဂလာဆောင် ပြီးတာနဲ့ပြန် ..။ ငါလည်း မင်းကို လာစေချင်တယ် .. တစ်ခုတော့ ရှိတာပေါ့ကွာ .. ကျောင်းက

www.burmeseclassic.com



သိပ်အရေးကြီးနေမယ်ဆိုရင်လည်း မလာနဲ့ ကိစ္စမရှိဘူး သီသီလည်း နားလည်မှာပါ . . ။

သူငယ်ချင်း မင်းအတွက် ငါခံစားရတယ် . . မင်းလာရင် အရှမ်းခံစားရမယ်ဆိုတာ ငါကိုယ်ချင်းစာပါတယ် . . မင်းတို့အတွက် ငါဘာလုပ်ပေးရမှန်းကို မသိဘူး . . ဪ စကားမစပ်ပြောရဦးမယ် . . အေးမြနဲ့ ငါအဆင်ပြေသွားပြီကွ . . ။ နောက်ပြီး ရွက်ပုန်းသီး တစ်ကောင်လည်းရှိသေးတယ် . . လတာလူလေ . . မိုးစန္ဒာနဲ့ အဆင်ပြေသွားပြီ . . . ။

စာကို ဆက်မဖတ်တော့ဘဲ . . မျက်လုံးမှိတ်လိုက်သည့်အခါ သီသို့မျက်နှာက မျက်လုံးထဲမှာ ပေါ်လာလေသည်၊ ရင်ထဲတွင် ဆွေးမြေ့ဖွာခံစားရလေသည်။ သီသီလက်ထပ်မည့်နေ့တွင် ကျွန်တော် သည်းအူပြတ်မတတ်ခံစားရမည်မှာ သေချာသည်။ သီသို့မင်္ဂလာ ဆောင်ကို သွားသင့်၊ မသွားသင့် ယခုအချိန်ထိ ကျွန်တော်ဆုံးဖြတ်၍ မရသေးပါ။

ကျွန်တော်၏ မူမမှန်မှုများကို ပထမဆုံး ရိပ်မိသွားသူက တော့ ဖေဖေပင်ဖြစ်လေသည်။ စာကြည့်စားပွဲမှာထိုင်၍ ငိုင်နေသော ကျွန်တော့်ကို ဖေဖေက သတိပြုမိနေခြင်းမှ စ,ခဲ့ခြင်းဖြစ်ပါသည်။

"သားကြည့်ရတာ တစ်ခုခုကို ခံစားနေရပုံပဲ . . ဘာဖြစ် သလဲ ဖေဖေ့ကို ပြောစမ်း . ."

ကျွန်တော် ဖုံးကွယ်ဖို့ ကြိုးစားမိလေသည်။

"ကျွန်တော် ဘာမှမဖြစ်ပါဘူး ဖေဖေ . . ."

"ဖေဖေ့ကို မညာနဲ့သား . . ။ နောက်ပြီး ဖေဖေ့ကို မ ကြောက်နဲ့ မရှက်နဲ့ . . ။ မိဘဆိုတာ သားသမီးရဲ့ အကောင်းဆုံး သူငယ်ချင်းလည်း ဖြစ်တယ်ဆိုတာ သားမမေ့နဲ့"

ထိုအခါမှ ကျွန်တော်အားလုံးထုတ်ပြောမိလေသည်။ အဲဒြ

www.burmeseclassic.com

www.burmeseclassic.com



ဖွယ်ကောင်းသည်မှာ ဖေဖေသည် ကျွန်တော့်ကို ထိုကိစ္စနှင့် ပတ်သက်၍ အပြစ်လုံးဝမဆိုဘဲ ချီးကျူးစကားသာဆိုပါသည်။

"ပညာသင်ချိန်မှာ ဒီစိတ်တွေဝင်လာတာ အပြစ်ဆိုစရာတော့ လုံးဝမရှိဘူးသား . . . သားတို့အရွယ်ဟာ လူသားလည်းမြောက်နေပြီ။ ပုထုဇဉ်ဆိုတော့ ဒီလိုစိတ်တွေရှိကြမှာပဲ . . နောက်ပြီး သားကို ဖေဖေတစ်ခု ချီးကျူးတာက သားဟာ ဘာကိုမှ ရှူးရှူးမိုက်မိုက် မလုပ်တတ်တာပဲ . . တကယ်လို့ သားနေရာမှာ တခြားတစ်ယောက်သာဆိုရင် ပညာရေးကို ကျောခိုင်းသွားချင်သွားမှာ . . ဒါနဲ့ သားနဲ့ သိသိက ကြိုက်နေကြပြီလား"

"ကျွန်တော် ဖွင့်မပြောရသေးဘူး ဖေဖေ . ."

ဖေဖေပြုံးလိုက်သောအခါ ကျွန်တော် နည်းနည်းရှက်သွားမိ၏။

"နည်းနည်းတော့ ဖြေသာတာပေါ့သားရယ် . . မင်းသာဖွင့်ပြောလိုက်လို့ ကောင်မလေးက အဖြေပြန်ပေးလိုက်ရင် အခု အခြေအနေမှာ ပိုခံစားရမှာ ထားပါတော့လေ . . သား သူ့မင်္ဂလာဆောင်သွားမှာလား"

"ကျွန်တော် မသိဘူး ဖေဖေ . ."

"သွားပေါ့သားရဲ့ . . ကိုယ့်သူငယ်ချင်း မင်္ဂလာဆောင်ပဲဟာ"

"ဒီကိစ္စကို မေမေတော့ မသိစေချင်ဘူးဖေဖေ"

ဖေဖေက ပြုံး၍ ခေါင်းညိတ်သည်။

"သား သူငယ်ချင်း ပပဆွေလတ်လည်း လှတယ်နော် သား . . အဲဒါကိုလည်း မင့်ခေါင်းထဲထည့်ထားဦး"

"ဟာ . . ဖေဖေကလည်း . ."



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ကျွန်တော့်ပခုံးကို မနာအောင် ထိုး၍ ပြုံးကာ အခန်းထဲမှ ထွက်သွားလေသည်။

တကယ်တမ်းကျတော့ ကျွန်တော် ရွာသို့ မသွားဖြစ်ချေ။ ရွာသို့သွားရန် ကားလက်မှတ်ဝယ်ခါနီးကျမှ မေမေက ရုတ်တရက်နေမကောင်း ဖြစ်လေသည်။ ဆေးရုံပင်တင်လိုက်ရသည်။ မေမေ့ရောဂါသည် စတင်စပြုနေသည့် နှလုံးရောဂါပင်ဖြစ်သဖြင့် ဖေဖေနှင့် ကျွန်တော်အလွန်ပင် ဂရုစိုက်ရလေတော့သည်။ သီသိမင်္ဂလာဆောင်သို့ ကျွန်တော် မသွားနိုင်တော့ပြီ။

သည်လိုနှင့်ပင် သီသိမင်္ဂလာဆောင်ကျင်းပမည့် သီတင်းကျွတ် လပြည့်ကျော် ၆ လေးရက်နေ့ (တနင်္ဂနွေနေ့)သို့ရောက်လာသည်။ ကျွန်တော့် အခန်းထဲမှပြက္ခဒိန်တွင် ထိုနေ့ကို မင်နီဖြင့် ကြက်ခြေခတ်ထားလိုက်မိသည်။ နောက်ပိုင်းရက်များတွင် မေမေ့ ကျန်းမာရေးတိုးတက်ကောင်းမွန်လာသဖြင့် ဆေးရုံမှ ဆင်းခွင့်ရခဲ့ပါသည်။

နောက်ပိုင်းရက်များတွင် သီသိမင်္ဂလာဆောင်သတင်း၊ မိုးသီးနှင့် ပေတလူတို့၏ သတင်းနှင့် ရွာ၏သတင်းတို့ကို ကျွန်တော် မရတော့ပါ။ ကျွန်တော်ကလည်း သူတို့ဆီ စာမရေးဖြစ်တော့သလို သူတို့ဆီမှလည်း မည်သည့်စာတစ်စောင်တလေမျှ ကျွန်တော့်ဆီ ရောက်မလာတော့ပါ။

သို့သော် ရွာနှင့်ပတ်သက်သော သတိရစရာကိစ္စတွေ ပေါ်လာတိုင်း၊ သီသိ၊ မိုးသီး၊ ပေတလူနှင့် သူငယ်ချင်းများကို သတိရ လွမ်းဆွတ်မိပါသည်။ ရွာကို လွမ်းဆွတ်မိပါသည်။

✿✿✿

www.burmeseclassic.com

www.burmeseclassic.com

# (ဒုတိယပိုင်း)

## အခန်း(၁)

www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံ၏ ရေခဲတိုက်အတွင်းတွင် အေးစိမ့်နေလေ၏။ ကျွန်တော်တို့ ဆေးကျောင်းသား ဆေးကျောင်းသူများသည် ရေခဲတိုက် ကျောက်စားပွဲပေါ်မှ ဝတ်လစ်စလစ် အလောင်းကြီးကို ကြည့်ရင်း နည်းနည်းသွေးလန့်နေကြသည်။ ယနေ့တွင် ပြုလုပ်မည့် လူသေကောင်ခွဲစိတ်မည့် သင်ခန်းစာသည် ကျွန်တော်တို့အတွက် ပထမဆုံးအတွေ့အကြုံ ဖြစ်လေသည်။

ပပဆွေလတ်သည် မျက်နှာကလေးငယ်ပြီး ကျွန်တော့်ဘက်သို့တိုး၍ရပ်သည်။ ကျန်သည့် မိန်းကလေးတွေကလည်း သည်အတွေ့အကြုံအတွက် ချောက်ချားနေပုံရလေသည်။

"ဟော့ကောင် စည်သူမြင့် . . မင်း ဘယ်လိုဖြစ်နေတာလဲ . . ဟိုဘက်တိုးရပ်စမ်း . . နောက်ပြီး မင်းလက်ကြီးကလည်း အေးစက်နေတာပဲ ဘာလဲ . . မင်းသိပ်ကြောက်နေတယ် မဟုတ်လား"

"ငါ့သာပြောနေ . . . မင်းလက်တွေလည်း အေးစက်နေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အတွက်ကတော့ ဒီအတွေ့အကြုံဟာ သိပ်မထူးဆန်းဘူးကွ ငါ့အဖေနဲ့ ဆေးကုလိုက်လိုက်သွားရင်းနဲ့ ဒါမျိုး လူသေတွေနဲ့ ကြုံဖူးတယ်။ သိပ်လည်း ကြောက်မနေပါနဲ့ကွာ . . လူဟာ သေသွားရင် ဘာမှမလုပ်နိုင်တော့ပါဘူး"

ရတနာအောင်က ကျွန်တော်တို့ ပြောနေတာကြားသွားပြီး ဝင်ပြောပါသည်။

"ဟဲ့ . . အဲဒီဘာမှမလုပ်နိုင်တာကိုပဲ ကြောက်တာဟဲ့ . . ။ ကြည့်ပါဦး ဘယ်လောက်မသတိစရာကောင်းလဲ . . သွားကြီးတွေတလည်း စေ့လို့"

"အောင်မာ . . တစ်နေ့ နင်လည်း အဲဒီလိုပဲ သေရမယ်ဆိုတာ မသိဘူးလား . . နင်ဆိုရင်တော့ သွားစေ့မှာမဟုတ်ဘူး . . သေတာတောင်မှ နောက်ဘဝမှာ စကားပြောချင်လွန်းလို့ပါးစပ်ကို ဟထားမှာ . ."

အောင်ကျော်က ဝင်ပြောလိုက်သောအခါ ရတနာအောင် စိတ်ဆိုးသွား၏။

"ကောင်စုတ် . . . နင်သာသေရင် ပါးစပ်ဟသေမှာ . ."

"တော်ကြစမ်းပါဟယ် . . နင်တို့ကလည်း . ."

"ဆရာကလည်း ကြာလိုက်တာ . . မြန်မြန်ကိစ္စပြီးရင် ကောင်းမယ် ငါတော့ဒီအထဲမှာ တစ်စက်ကလေးမှ မနေချင်တော့ဘူး"

"တို့ ဒီနေ့ ထမင်းစားပျက်မှာ သေချာတယ်ဟေ့"

"ညကျရင်တော့ ငါ မေမေနဲ့ သွားအိပ်မှ ဖြစ်မယ်"

ကျွန်တော်တို့အုပ်စု တစ်ယောက်တစ်ပေါက် စကားတွေပြောနေတုန်း ဆရာဝင်လာလေသည်။ ဆရာသည် ကျွန်တော်တို့ အုပ်စုကို နွေးထွေးစွာပြုံးပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲဟေ့ .. မင်းတို့အခြေအနေကောင်းကြတယ် မဟုတ်လား"

"ဟုတ်ကဲ့ ဆရာ .. ဒါပေမယ့် ဟိုဒင်း"

"ဒါပေမယ့် ဘာဖြစ်သလဲ .."

ကျွန်တော်တို့ မဖြေဘဲ ပြုံးစေ့စေ့လုပ်နေသောအခါ ဆရာက ရယ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့လည်း ဆရာနှင့်အတူ လိုက်ရယ်လိုက်၏။ ဆရာသည် အရယ်ရပ်လိုက်ပြီးနောက် တစ်စုံ တစ်ခုကို တွေးမိသွားပုံရပြီး ရယ်ပြန်သည်။ ထို့ကြောင့် ကျွန်တော်တို့ လည်း ဘုမသိဘမသိဖြင့် ဆရာနှင့်အတူ လိုက်ရယ်ကြတော့သည်။

"ဟား ဟား .. ခစ်ခစ်"

"ဟင်းဟင်း .. ဟီးဟီး"

မည်မျှကြောင်သော အဖြစ်ပါနည်း။ ဝတ်လစ်စလစ် လူသေ ကောင်ကြီးကို ရှေ့ထားပြီး ကျွန်တော်တို့အုပ်စုရယ်ပွဲဖွဲ့နေသည့် ကိစ္စကို ကာယကံရှင် လူသေကောင်ကြီးသိလျှင် မည်သို့နေမည်နည်း။ ဆရာသည် ကျွန်တော်တို့အုပ်စု ရယ်နေသည်ကိုကြည့်ပြီး အရယ်ရပ် လိုက်သည်။ ထို့ကြောင့် ကျွန်တော်တို့လည်း အရယ်ရပ်လိုက်ကြတော့ သည်။ ဆရာက မျက်မှောင်ကြုတ်၍ မေးလေသည်။

"မင်းတို့ ဘာရယ်တာလဲ"

"ဟိုဒင်းဆရာ"

"ဟား ဟား ခစ် ခစ်"

အောင်ကျော်၏ စကားပြောခါနီးထည့် ပြောတတ်သော ဟိုဒင်းသည် ကျွန်တော်တို့အတွက် ရယ်စရာလိုဖြစ်နေပါသည်။

"ဒီလိုကွ .. အတွေ့အကြုံမရှိသေးတော့ မင်းတို့လိုပဲ ဆရာ လည်း ကြောက်ခဲ့တာပဲ .. ဆရာတို့တုန်းက အဖြစ်အပျက်ကို ပြန် စဉ်းစားမိပြီး ဆရာရယ်တာကွ .."

www.burmeseclassic.com

www.burmeseclassic.com

“ဆရာ .. ပြန်ပြောပြပါဆရာ”

“အင်း .. အဲဒီတုန်းက ဆရာလည်း မင်းတို့လိုပဲ လူသေကောင်ကြီးရှေ့မှာ ဆရာ့သူငယ်ချင်းတွေနဲ့ ရပ်နေရတာပေါ့ ..။ ဆရာကြီး သင်ပြတာကို ဆရာတို့ ဝိုင်းကြည့်နေတုန်းမှာပဲ ဆရာတို့ အုပ်စုထဲက ကောင်မလေးတစ်ယောက် စူးစူးဝါးဝါးလန့်အော်ပြီး ထဲတူသွားတယ်ကွ ..။ နောက်မှ သတိရလာတော့ သူ့လက်ကို ဘေးက ကျောင်းသူတစ်ယောက်က ကိုင်လိုက်လို့တဲ့ ..”

“ဟာ ဆရာကလည်း လက်ကိုင်တာနဲ့ပဲ ဒီလောက်ထိဖြစ်ရလား”

ဆရာက ရယ်၍ ဖြေပါသည်။

“သွားကိုင်တဲ့ ကောင်မလေးရဲ့ လက်ကအေးစက်နေတာကိုးကွ”

“ဟား .. ဟား ... ဟီး .. ဟီး”

“ကဲ .. ဟုတ်ပြီ ... လွတ်လွတ်လပ်လပ်ရယ်လိုက်ကြရတော့ မင်းတို့မှာရှိနေတဲ့ ကြောက်စိတ်တွေနည်းနည်းတော့ လျော့သွားလောက် ပြီထင်တယ် .. ဆရာတို့ စ,လိုက်ရအောင်”

အခန်းတွင်း၌ ချက်ချင်းပင် ငြိမ်သက်သွားလေသည်။ ကျွန်တော်က မကြောက်သော်လည်း အတွေ့အကြုံသစ်အတွက် ရင်ခုန်နေမိလေသည်။ စားပွဲပေါ်မှ လူသေကောင်ကြီးကို ကျွန်တော်တို့ ကြည့်လိုက်ကြရာ လူသေကောင်ကြီးက ကျွန်တော်တို့ကို သွားဖြဲပြနေသည်။ ပပဆွေလတ်သည် ကျွန်တော့်ဘက်သို့ပို၍ တိုးလာပြီး ကျွန်တော့်လက်မောင်းကို မသိမသာကိုင်ထားလေသည်။

ကျွန်တော် သူမကို ငုံ့ကြည့်လိုက်ရာ သူမက မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ကျွန်တော့်ကိုပြန်ကြည့်နေ၏။

“တကယ်တော့ လူ့ခန္ဓာကိုယ်ဟာ အဆင့်မြင့် ဇီသုကဗေဒပညာ

www.burmeseclassic.com

www.burmeseclassic.com



ရှင် တစ်ယောက်ရေးဆွဲပြီး တည်ဆောက်ထားတဲ့ အဆောက်အအုံ တစ်ခုလို၊ အဆင့်မြင့် အင်ဂျင်နီယာတစ်ယောက် ဖန်တီးထားတဲ့ စက်ယန္တရားလို အစိတ်အပိုင်း အသီးသီးဟာ သူ့နေရာနဲ့သူ လုပ်ငန်း ဆောင်တာတွေကို ထမ်းဆောင်နိုင်စွမ်းရှိတာတွေ့ရမယ် . . အံ့ဩ စရာပဲနော်"

ဆရာသည် လူသေကောင်၏ ရင်ဘတ်ကိုဖွင့်ရန် ဓားကို ယူရင်း စကားပြောနေသည်။ အခန်းတွင်း၌ ဆရာ့အသံမှအပ တိတ်ဆိတ်နေ၏ ဖွင့်ထားသော လေအေးစက်သည် တစ်စထက် တစ်စပို၍အေးလာသလိုရှိပါ သည်။ ဆရာသည် စတင်ခွဲစိတ် တော့သည်။ ကျွန်တော်တို့၏ စိတ်ဝင်စားမှုသည် အထွတ်အထိပ် ရောက်လာလေသည်။

ကျွန်တော်တို့၏ အသက်ရှူသံတွေက ပိုပြင်းလာကြပါသည်။ ထိုအခိုက်မှာပင် ကျွန်တော့်ပခုံးပေါ်မှာ တင်ထားသော နားကြပ်သည် လျှော၍ အောက်သို့ပြုတ်သွားသည်။

"ဂျလွမ် . . ဒေါက်ဒေါက်"

"အမလေး"

"မြတ်စွာဘုရား"

ကျွန်တော်တို့ အုပ်စုရုတ်ရုတ်သဲသဲဖြစ်သွားကြလေသည်။

"ဟိတ် . . မင်းတို့ဘာဖြစ်ကြတာလဲ"

"သရဲဆရာ . . လူသေကောင်က ဂျလွမ် ဒေါက်ဒေါက်လို့ အသံမြည်လို့ . ."

"မဟုတ်ဘူးဆရာ . . စစ်ဆွေရဲ့ နားကြပ်ပြုတ်ကျတာ. ."

ကောင်မလေးတွေ ရင်တုန်ပန်းတုန်ဖြစ်သွားကြပါသည်။ စည်သူမြင့်က ကျွန်တော့်နားကြပ်ကို ပြန်ကောက်ပေးရင်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ရော့ . . .မင်းကလည်းကွာ . . နားကြပ်ကို အိတ်ထဲထည့်ထားတာမဟုတ်ဘူး . . လန့်လိုက်တာ"

ဆရာက ကျွန်တော်တို့ စကားသံတွေ ငြိမ်သွားအောင် စောင့်နေပြီးမှ အောက်ပါအတိုင်းပြောလေသည်။

"တကယ့်လူအရှင်ကို ခွဲစိတ်ရတော့မယ့် အခြေအနေမှာ တော့ ဒီလိုအဖြစ်မျိုးမဖြစ်စေနဲ့ဟေ့ . . မင်းတို့ရဲ့ အနှောင့်အယှက် ကြောင့် ဓားကိုင်ထားတဲ့ လက်အတိမ်းအစောင်းဖြစ်သွားရင် လူနာ တော့ သွားပြီ . . ဆရာပြောတာကြားလား"

"ဟုတ်ကဲ့ပါ ဆရာ . .။ ကျွန်တော်တို့နောက်ကို ဒီလိုမဖြစ် အောင် သတိထားပါ့မယ်"

အားလုံး၏ မျက်စောင်းသည် ကျွန်တော့်အပေါ် ရောက်လာ ပါသည်။ ကျွန်တော် စပ်ဖြဲဖြဲလုပ်နေလိုက်မိပါသည်။ သည်လိုနှင့်ပင် ကျွန်တော်တို့အားလုံး၏ လူသေကောင်နှင့် ပတ်သက်သော အတွေ့ အကြုံသည် ချောချောမောမောပင်ပြီးဆုံးခဲ့ပါသည်။ ထိုသင်ခန်းစာ ပြီးသောအခါ ကျွန်တော်တို့ ကန်တင်းတွင် ဝိုင်းထိုင်မိကြသော်လည်း ထမင်းစားချင်စိတ်တော့မရှိပါ။

ထို့ကြောင့် ကော်ဖီ၊ လက်ဖက်ရည်၊ အအေးတို့ကို သောက် သုံးရင်း ပြောစရာစကားတွေကို ပြောကြလေတော့သည်။

"ဆရာဝန်တစ်ယောက်ဖြစ်ဖို့ သိပ်တော့ မလွယ်ဘူးဟေ့"

"သွေးတွေမြင်လိုက်ရတော့ ငါဖြင့် မူးလိုက်တာဟယ် . . .။ ဒေါ်ဒေါ်နေးက မူယာကိုကိုင်ထားရတယ် . . တော်တော့တော်သေးတာပေါ့ . . အချိန်တိုတိုကလေးအတွင်း မှာပြီးသွားလို့ . . "

"အေးဟဲ့ . . ငါဖြင့်ကလီစာတွေမြင်လိုက်ရတော့ ပျို့တက် လာ ပြီး . . အန်ချင်လိုက်တာ . . အဲဒီတုန်းက ငါသာအန်ချလိုက်ရ ရင် ဝေဝေမွှန် ကျောတစ်ခုလုံးပေါ် ကျကုန်မှာ . . ဟီး ဟီး"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ဟယ် .. အဲဒီအကြောင်းတွေ မပြောပါနဲ့တော့ ထမင်းစားဖို့က ရှိသေးတယ်"

"ဘယ်လိုလုပ် ထမင်းစားနိုင်တော့မှာလဲ .. ပေါင်မုန့်လေး .. ဘီစကစ်လေးပဲ စားတော့မယ်"

ကျွန်တော်တို့ စားပွဲမှာတော့ ကျွန်တော် စည်သူမြင့်နှင့် ပပဆွေလတ်တို့သာရှိပါသည်။

"နင့်အရမ နေကောင်းလား စစ်ဆွေ .. ငါတောင် နင်တို့အိမ်မရောက်တာကြာပြီ"

"ကောင်းပါတယ် ..။ တလောက မေမေကတောင် နင့်ကိုသတိရလို့ မေးနေသေးတယ်"

"ဟုတ်လား .. ဒါဆို ဒီနေ့ညနေကျရင် ငါ နင်တို့အိမ်လိုက်ခဲ့ဦးမယ် .. နင့်ဆိုင်ကယ် ငါလိုက်စီးလို့ရမလား"

"ငါ့ဆိုင်ကယ်က စုတ်တော့စုတ်တယ်ဟ .. နင်စီးနိုင်လို့လား"

ပပဆွေလတ်သည် ကျွန်တော့်ကို ပြုံးကြည့်သည်။ သူမ၏မျက်လုံးသည် အရည်လဲ့နေ၏။

"အောင်မယ် .. ဘာလို့မစီးနိုင်ရမှာလဲ .. ဟိုဘက်တောင်လွန်သေး .."

စည်သူမြင့်သည် ပပဆွေလတ် အလစ်တွင် ကျွန်တော့်ကိုခပ်တိုးတိုးပြောသည်။

"တို့အုပ်စုထဲမှာတော့ မင်းကို ပပက အရေးအပေးဆုံးပဲကွ ဟီး ဟီး .. ငါစိတ်ထင်တာ ပြောရရင်တော့ .."

ဘေးဝိုင်းက သူငယ်ချင်းနှင့် လှမ်းစကားပြောနေသော ပပဆွေလတ်သည် စည်သူမြင့်၏ နောက်ဆုံးပြောလက်စ စကားကိုကြားသွားပြီး ပြန်လှည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါဦး . . နင်တို့ ဘာအကြောင်းတွေ ပြောနေတာလဲ ပြီးတော့ ဘာကိုစိတ်ထင်ရတာလဲ . ."

စည်သူမြင့်သည် ပြောမိပြောရာ ပြောချလိုက်တော့၏။

"ဩော် . . စောစောက လူသေကောင် အလောင်းကြီး အကြောင်း ပြောနေတာပါဟာ . . ငါ့စိတ်ထင်တော့ ဒီလူကြီးဟာ ယောက်ျားကြီးဖြစ်ရမယ် . ."

ကျွန်တော်တို့ ရယ်လိုက်ကြပါသည်။ ပပဆွေလတ်သည် စည်သူမြင့်ကို မျက်စောင်းထိုးပါသည်။

"ဒီလောက်ဝတ်လစ်စလစ်ကြီးဖြစ်နေတာတောင် . . နင် ယောက်ျားမိန်းမ မခွဲနိုင်သေးရင် နင်မျက်စိမှုန်နေလို့ပဲ ဖြစ်ရမယ်"

"ဟား . . ဟား"

ကျွန်တော်တို့ လွတ်လပ်စွာ ရယ်မောလိုက်ကြပါသည်။ သင်ခန်းစာအချိန်များ ပြီးဆုံးသောအခါ ကျွန်တော်တို့အုပ်စု အိမ်ပြန်ရန်ပြင်ကြလေသည်။ ပပဆွေလတ်သည် ကျွန်တော့်ကို အပြင်မှာ စောင့်ခိုင်းပြီး မိန်းကလေးအဖော်များနှင့်အတူ အိမ်သာဘက်သို့ လျှောက်သွားပါသည်။ စည်သူမြင့်လည်း ပြန်သွားလေပြီ။

စင်္ကြံတစ်လျှောက် ကျွန်တော်တစ်ယောက်တည်း လျှောက်လာပြီး အကွေ့သို့ချိုးအကွေ့တွင် ရုံးကြီးသုတ်ပျာထွက်လာသော သူနာပြုတစ်ဦးနှင့် ဝင်တိုက်လိုက်မိသည်။ ဆရာမလေး၏ လက်ထဲမှ ဗိုင်တချို့နှင့် စာအုပ်တချို့ကြမ်းပြင်သို့ ကျသွားသည်။

"ဟာ . . ဆောရီးနော် . . ကျွန်တော် မမြင်လို့ . ."

သူနာပြုကလေးသည် ကျွန်တော့်ကို မော့ကြည့်လိုက်သည်။

ထိုခဏတွင်ပင် ကျွန်တော် အသက်ရှူဖို့ မေ့သွားလေတော့သည်။ သီသီ။ သီသီသည် ကျွန်တော့်ကို ကြောင်၍ကြည့်နေ၏။

"သီသီ. . သီသီ မဟုတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"စစ်ဆွေ"

ကျွန်တော် အိပ်မက်မက်နေခြင်းမဟုတ်သည်မှာ သေချာပါသည်။ အဘယ်ကြောင့်ဆိုသော် သီသီက ကျွန်တော့်လက်ကို လှမ်းကိုင်လိုက်သောကြောင့်ဖြစ်ပါသည်။

"နင် သူနာပြုသင်တန်းတက်နေတယ် ဟုတ်လား သီသီ"

မျက်ရည်တွေလဲ့နေသော သီသီသည် နှုတ်ဖြင့်မဖြေဘဲ ခေါင်းညိတ်ပြလေသည်။ ထိုအခိုက်မှာပင် ပပဆွေလတ်သည် ကျွန်တော်တို့ရှိရာသို့ လျှောက်လာနေသည်။

"နင်ဘယ်အဆောင်မှာလဲ သီသီ . . ငါလာတွေ့မယ် . . ။ ရွာကအကြောင်းတွေလည်း သိချင်တယ် . . ။ တို့တွေ စကားတွေ အများကြီး ပြောကြမယ် . . မနက်ဖြန် တနင်္ဂနွေနေ့ နင်အားတယ် မဟုတ်လား။ ငါလာခဲ့မယ် . ."

သီသီသည် ခေါင်းညိတ်သည်။ ပြီးတော့ ကျွန်တော့်ကို ရွှန်းရွှန်းစားစားကြည့်၍ . . .

"ဂျူတီကုတ်နဲ့ဆိုတော့ နင်အရမ်းခံ့တာပဲဟယ် . ."

ပပဆွေလတ်သည် ကျွန်တော့်ဘေးသို့ ရောက်လာသည်။

"သွားရအောင် စစ်ဆွေ"

သီသီသည် ပပဆွေလတ်ကို အကဲခတ်သလို တစ်ချက်ကြည့်သည်။ ပပဆွေလတ်ကလည်း သီသီ့ကို မသိမသာကြည့်၏။ သူတို့နှစ်ဦးကို မိတ်ဆက်မပေးမီပင် သီသီက ကျွန်တော့်ကို အရင်နှုတ်ဆက်သည်။

"သွားတော့မယ်နော် . ."

သီသီထွက်သွားရာသို့ ကျွန်တော်လိုက်ကြည့်နေသည်ကို ပပဆွေလတ်က မျက်မှောင်ကြုတ်၍ ကြည့်နေသည်။

"နင့်အသိလား"

www.burmeseclassic.com

www.burmeseclassic.com



"အေး. ."

"သွားရအောင် ဟယ်"

ဆိုင်ကယ်ပေါ် အရောက်တွင် ပပသည် ကျွန်တော့်ပခုံးကို တိုင်ထားသည်။ ကျွန်တော့်စိတ်တွေကတော့ သီသိုထံသို့ ရောက်နေလေတော့၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

သူနာပြုအဆောင် အောက်ထပ်ရှိ ဧည့်ခန်းတွင် ကျွန်တော့်လိုပင် ထိုင် စောင့်သူတွေ လေးငါးဦးရှိပါသည်။ သီသီ့ကို ကျွန်တော် သိပ်မစောင့်လိုက်ရပါ။ သီသီသည် နံနက်ခင်းနှင့်အတူ ကျက်သရေရှိစွာ လှနေပါသည်။ ရေချိုးပြီးစ၊ သနပ်ခါးလိမ်းပြီးကာစ၊ အဆောင်နေရင်းအဝတ်နှင့်ပင် ကျွန်တော်ရှိရာသို့ ဆင်းလာပါသည်။

"စောင့်ရတာ ကြာပြီလားဟင်"

"ဟင့်အင်း သိပ်မကြာသေးဘူး . . ဒါနဲ့ . ."

သီသီသည် ကျွန်တော့်ရှေ့ ခုံမှာ ဝင်ထိုင်သည်။ သူမကိုယ်မှ သနပ်ခါးနံ့သင်းသင်းကိုရလေသည်။ ကျွန်တော် စကားကို ဆက်ပြော သည်။

"ဒါနဲ့ . . နင့်အမေ နေကောင်းတယ် မဟုတ်လား"

သီသီက ခေါင်းညိတ်သည်။

"ဆောရီးဟာ . . နင့်မင်္ဂလာဆောင်ကို ငါမလာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဘူး။ ကားလက်မှတ်ဝယ်မလို့လုပ်တုန်း မေမေနေမကောင်းလို့ ဆေးရုံတင် လိုက်ရတာနဲ့ မလာဖြစ်တော့တာ"

"အန်တီနေမကောင်းဘူး ဟုတ်လား . . အခုရော ဘယ်လို နေသေးလဲ . ."

"သက်သာပါတယ် . . မေမေက နှလုံးရောဂါဖြစ်ချင်နေ တာ . . ဪ . . နင့်ယောကျ်ားရော အခုဘယ်မှာလဲ . . ။ ရွာမှာ ပဲကျန်ခဲ့လား နင်ဟာ သူဌေးကတော်ဖြစ်မှ ဒီသူနာပြု သင်တန်းတက် ဖို့ လိုသေးလို့လား"

သိသိသည် ကျွန်တော်စကားပြောနေသည်ကို ပြုံးကြည့် နေ၏။

"တကတည်းပြောလိုက်တာ အဆက်မပြတ်ပဲ . . ကဲ . . ငါအကြောင်းစုံ ပြောပြမယ် . . နင်နားထောင်"

သိသို့အသံသည် တိုးညှင်းသွားလေ၏။

"ငါ ကိုမြင့်မိုးမောင်နဲ့ လက်မထပ်ဖြစ်ဘူး . . ."

ကျွန်တော် အံ့ဩစိတ်ဖြင့် ရင်ခုန်လာမိလေသည်။ သိသိက ဆက်ပြောသည်။

"ကိုမြင့်မိုးမောင်ဆိုတဲ့လူက မယားလက်ရှိ ငုတ်တုတ်ရှိတယ် . . အဲဒါကို မိုးသီးက ဖော်ထုတ်လိုက်တာ . . ။ တို့မင်္ဂလာဆောင်မယ့် နေ့မှာ မိုးသီး ရွာကပျောက်သွားတယ် . . ။ ပြီးတော့ ရွာကို အဲဒီကို မြင့်မိုးမောင်ရဲ့ မိန်းမကိုပါခေါ်ပြီး နွားလှည်းနဲ့ ချက်ချင်းပြန်ရောက် လာတယ် . . အဲဒီမှာတင် ဇာတ်လမ်းတွေရှုပ်ကုန်တော့တာပဲ . . ငါတို့လည်း မင်္ဂလာမဆောင်ဖြစ်တော့ဘဲ မင်္ဂလာပွဲပျက်သွားတယ် . . ကိုမြင့်မိုးမောင်လည်း ရွာမှာ အရှက်တကွဲအကျိုးနည်းဖြစ်သွားပြီး ရွာက ပျောက်သွားတယ် . ."

ဝမ်းသာစိတ်ဖြင့် ကျွန်တော့်ရင်တွေ လှုပ်ရှားလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် အမေကတော့ ကိုမြင့်မိုးမောင်ဆီက ယူထားတဲ့ အကြွေးတွေအတွက် လယ်သုံးကွက်ကိုရောင်းပြီး အကြွေးဆပ်လိုက်တယ်။ နောက်တော့ ငါလည်း စဉ်းစားရတာပေါ့ဟယ် . .။ ရှိတဲ့ လယ်နှစ်ကွက်နဲ့လည်း ဘဝတစ်သက်တာအတွက် လုပ်စားဖို့မလောက်ဘူးလေ . .။ ဒါကြောင့် မိုးသီးတို့နဲ့ တိုင်ပင်ပြီး ဒီသူနာပြုသင်တန်းကိုလာတက်တာ . .။ငါ ဒီရောက်တော့ နင့်ကိုရှာသေးတယ် . . ဘယ်လိုမှ ရှာမရတာနဲ့ ဒီအတိုင်း နေနေရတာ တွေ့ချင်တော့ တိုက်တိုက်ဆိုင်ဆိုင်ပဲဟယ် . . ငါဖြင့် နင့်ကိုတွေ့ရတော့ ဝမ်းသာလိုက်တာ. . ."

ကျွန်တော် တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်မိသည်။

"ကဲ . . သီသီ . . နင်အဝတ်အစားသွားလဲ . . ငါစောင့်နေမယ် . . ဒီနေ့နေ့လယ်စာ ငါကျွေးမယ် . . ပြီးရင် စကားတွေပြောကြတာပေါ့ . ."

"အင်း . . ခဏနေဉ် . . ဪ . . နင့်အဖေရောနေကောင်းလား"

"ဖေဖေက နေကောင်းပါတယ် . . ပင်စင်လည်း နီးနေပြီဟ. . ကဲ . . သွားသွား"

သီသီသည် ခပ်သွက်သွက်ပင် လှေကားဆီသို့ လျှောက်သွား၏။ လှပကျော့ရှင်းသော ကိုယ်ခန္ဓာအလှသို့ မျက်စိရောက်သွားမိသည့်အခါ ကျွန်တော့်ရင်တွေ တလှပ်လှပ်ခုန်လေတော့သည်။ သီသီ၏ အလှသည် လက်ရာမြောက်ပန်းပုရုပ်သဖွယ်ဖြစ်နေပါသည်။ ခဏနေတော့ သီသီက ဖိးလိမ်းပြင်ဆင်၍ ကျွန်တော့်ဆီပြန်ရောက်လာသည်။ မြို့ဆန်သော အလှ၊ ကျက်သရေရှိသောအလှပါတကားဟု မှတ်ချက်ပြုမိလေသည်။

"သွားရအောင်လေ . . ဘာငေးကြည့်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမကို ငေးကြည့်နေမိသောကြောင့် ကျွန်တော်နည်းနည်း ရှက်သွားမိပါသည်။ သီသီသည် ဘာမှဆက်မပြောတော့ဘဲ ရှေ့မှ ထွက်သွားသည်။ သီသီ့သူငယ်ချင်းအချို့က ပြုံးစစနှင့် နှုတ်ဆက်ကြ သည်။ သူတို့၏စိတ်ထဲတွင် ကျွန်တော့်ကို သီသီ့ရည်းစားဟုပင် ထင်နေကြမည်လားမသိပါ။ ဘာပဲပြောပြော သီသီ ကျွန်တော့်အနား မှာ နီးနီးကပ်ကပ်ရှိနေခြင်းအတွက် ပီတိဖြစ်ရပါသည်။

အဆောင်ရှေ့မှာရပ်ထားသည့် ကျွန်တော့်ဆိုင်ကယ်ကို တွေ့သောအခါ သီသီက အံ့ဩနေသည်။

"ဒီဆိုင်ကယ်က နင့်အဖေ စီးတဲ့ဆိုင်ကယ်မဟုတ်လား စစ်ဆွေ"

"အေး .. ဖေဖေက ငါ့ကိုအမွေပေးတာ .. ဒါပေမယ့် ဒီကောင်ကြီးက အခုအရမ်းကို ချွှချာနေပြီ .. ငါကတော့ ရောင်းပစ် ချင်နေပြီ.."

"မရောင်းပါနဲ့ဟယ် .. ပြင်ပြီးစီးပေါ့"

ဆိုင်ကယ်ပေါ်ရောက်သောအခါ သီသီက ကျွန်တော့်ပခုံးကို ဖက်သည်။ ကျွန်တော်မည်မျှ ပီတိဖြစ်သည်ထင်ပါသနည်း။ မနေ့ ညနေက သီသီထိုင်သောနေရာတွင်ပင် ပပဆွေလတ်ထိုင်သေး သည်။ ထို့ပြင် ကျွန်တော့် ပခုံးကိုလည်း သီသီဖက်သကဲ့သို့ပင် ဖက်ပါ သေးသည်။ သို့သော်လည်း ယခုကဲ့သို့ ကျွန်တော်ရင်မခုန်ခဲ့ပါ။

လမ်းပေါ်ရောက်၍ ဘရိတ်အုပ်လေသည့်အခါတိုင်း သီသီ သည် ကျွန်တော့်ကျောကို နမ်းသလိုဖြစ်ဖြစ်နေသဖြင့် ကျွန်တော် တန်ကျနေလေသည်။ ခဏခဏ ဘရိတ်အုပ်လေသောအခါ သီသီက ကျွန်တော့်ကျောကို လက်သီးနှင့် ဖွဖွထုလေတော့သည်။

"နင်ဘယ်လိုဖြစ်နေတာလဲ .. ဆိုင်ကယ်ကိုကောင်း ကောင်း မောင်းတာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



“ဟဲ .. ဟဲ .. ရွာတုန်းက အဖြစ်ကို ပြန်သတိရလို့ဟာ”

တကယ်လည်း ပြန်သတိရပါသည်။ ရွာမှာ ကျွန်တော်တို့ငယ်ငယ်က သီသီ့ကို စက်ဘီးပေါ်တင်နင်းခဲ့သည့် အဖြစ်ကို ပြန်သတိရပါသည်။ သီသီဟုခေါ်လိုက်တိုင်း သူမ,လှည့်ကြည့်သဖြင့် သူမ၏ ပါးထက်သို့ ကျွန်တော့်နှာခေါင်းရောက်ခဲ့ဖူးလေသည်။ ယခုတော့ ထိုအဖြစ်အပျက်နှင့် ပြောင်းပြန်ဖြစ်နေ၏။ ဆိုင်ကယ်ဘရိတ်ကို နင်းလိုက်တိုင်း သီသီက ကျွန်တော့်ကျောကို သူ့မျက်နှာနှင့် ပြေးပြေးကပ်၏။ မည်မျှဟန်ကျသည့် အဖြစ်ပါနည်း။

ရန်ကုန်မြို့ထဲသို့ ရောက်သောအခါ ထမင်းစားရန်လည်း စောသေးသဖြင့် ရုပ်ရှင်ကြည့်ရန် စိတ်ကူးမိပါသည်။

“ထမင်းစားဖို့တော့ စောပါသေးတယ် .. သီသီဆာပြီလား”

“ဟင့်အင်း .. မဆာသေးဘူး”

“ဒါဆို ရုပ်ရှင်ကြည့်ရအောင်ဟာ ..”

“ကောင်းသားပဲ .. ကြည့်လေ”

ရုပ်ရှင်လက်မှတ်ဝယ်ရင်းနှင့် ကျွန်တော့်အိပ်မက်များ မက်နေသလားဟု တွေးမိပြီး ကိုယ့်လက်ကို ကိုယ်ဆိတ်ကြည့်မိသေးသည်။ ရုပ်ရှင်ကလည်း လူအလွန်ရှင်းနေသဖြင့် ကျွန်တော့်အတွက် ပို၍ပင် ဟန်ကျနေ၏။ ကျွန်တော်တို့နှစ်ယောက်ထိုင်နေရာတစ်ဝိုက်တွင် ပွဲကြည့်သူတစ်ယောက်မှ မရှိပါ။ ကျွန်တော်လည်း သီသီ့ဘက်သို့ ကိုယ်ကိုမသိမသာ ကိုင်းထားလိုက်ပြီး လက်ထဲမှာဝယ်ထားသော နေကြာစေ့ထုပ်၊ ဆီးထုပ်အစရှိတာတွေကို သီသီ့ကိုပေးလိုက်သည်။

“မိုးသီးတို့ ပေတလူတို့ အခြေအနေရော ..”

သီသီက ရယ်လေ၏။

“ကိုယ့်သူငယ်ချင်းတွေအကြောင်း အခုမှ မေးရသလား”

ဟုတ်ပါရဲ့ မနေ့ညနေက သီသီနှင့်ဆုံသည်။ သို့သော်သည်



www.burmeseclassic.com

www.burmeseclassic.com



ကောင်တွေအကြောင်း မမေးဖြစ်။ ယခုလည်း အဆောင်မှ ရှပ်ရှင်ရုံ အထိ တစ်လမ်းလုံး သည်ကောင်တွေအကြောင်း မမေးဖြစ်။ ကျွန်တော်လည်း သီသီနှင့်အတူ လိုက်ရယ်လိုက်မိသည်။ သီသီက အရယ်ရပ်၍ ပြော၏။

"သူတို့အဆင်ပြေပါတယ် .. မိုးသီးနဲ့ အေးမြလည်း မကြာခင်မှာ မင်္ဂလာဆောင်တော့မှာ ..။ နင့်ကိုလည်း သတိရကြပါတယ် .. ပေတလူကတော့ ဗိုက်တောင်ရွဲနေပြီ .."

သူငယ်ချင်းတွေ အကြောင်းကြားရသည်မှာ စိတ်ချမ်းသာပါသည်။

"အင်း .. ဝမ်းသာလိုက်တာဟာ .. မိုးသီးတို့တော့ အဆင်ပြေသွားပြီ တို့နှစ်ယောက်ပဲ ကျန်တော့တယ် .."

"ဟင် .. နင့်စကားက ဘာလဲ"

"ဒီလိုပါဟာ"

ကျွန်တော် မျက်နှာပိုးသပ်လိုက်ပြီး မျက်နှာကလေးကို သနားစရာကောင်းအောင် လုပ်ထားလိုက်သည်။ ဘုရားသိကြားမလို့ သီသီ ကျွန်တော့်မျက်နှာကို ကြည့်ပြီး သနားသွားပါစေ။

"သီသီ"

"ဟင်"

"ငါလေ .. ဟိုးရွာမှာကတည်းက နင့်ကို စကားတစ်ခွန်း ပြောချင်ပေမယ့် .. အရွယ်တွေက တအားငယ်နေတာက တစ်ကြောင်း၊ နောက်ပြီး ငါမြို့ကိုရောက်သွားတာက တစ်ကြောင်းကြောင့် မပြောဖြစ်ခဲ့ဘူး .. အခုတော့ ငါ အဲဒီစကားကို ပြောတော့မယ်နော်"

"မပြောနဲ့"

သီသီရိပ်မိပါသည်။ သူမ၏ မျက်နှာသည် ပန်းနုရောင်သွေးပြီး



www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိ၏။ ကျွန်တော့်မျက်နှာမှ သနားစရာအရိပ်ကို သီသီ သတိပြုမိပါစေဟု ဆုတောင်းရင်း ဆက်ပြောမိလေတော့သည်။

"ငါလေ နင့်ကိုသိပ်ချစ်တာပဲ သီသီရယ် . . ။ ဒီအချစ်ဟာ အခုမှချစ်တဲ့ အချစ်မဟုတ်ပါဘူး . . ဟိုးအရင်ကတည်းက ချစ်ခဲ့တဲ့ အချစ်ပါ"

သီသီက ခေါင်းငုံ့သွားသဖြင့် ကျွန်တော့်မျက်နှာမှ သနားစရာ အရိပ်ကိုမြင်သွားပုံမရပါ။ ထို့ကြောင့် အသံကို သနားစဖွယ်ပြုပြီး ဆက်ပြော လိုက်မိပါသည်။

"သီသီ ငါ့ကိုပြန်ချစ်ပါလားဟင် . . ။ တို့နှစ်ယောက်လက်တွဲပြီး ရွာကိုပြန်သွားရင် အားလုံးဝမ်းသာကြမှာ"

သီသီခေါင်းပြန်မော့လာသည်။ သူမ၏ မျက်လုံးတွင် မျက်ရည်တွေပြည့်နေ၏။

"စစ်ဆွေရယ်"

အသံသည် လှိုက်နေ၏။ ထိုအခိုက်မှာပင် နိုင်ငံတော်အလံက ပိတ်ကားထက်မှာ ပေါ်လာသဖြင့် ကျွန်တော်တို့နှစ်ယောက် မတ်တတ်ထရပ် ၍ အလေးပြုလိုက်မိကြသည်။ ကျွန်တော်လည်း ရတုန်းရခိုက်အခွင့်အရေးကလေးကို ယူသည့်အနေဖြင့် သီသီ့ လက်ကလေးကို အသာဆွဲကိုင်လိုက်သည်။ အလံတော်ပိတ်ကားမှာ ပျောက်သွားသောအခါ ကျွန်တော်တို့ပြန်ထိုင်လိုက်ကြသည်။ ရုပ်ရှင်ရုံကြီးသည် ရုပ်ရှင်ရုံမဟုတ်တော့ဘဲ ဒေင်ဥယျာဉ်ကြီးသဖွယ်ဖြစ်လာသည်။

ပတ်ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်မှောင်မည်းသွားသည်။ သီသီသည် သူမ၏ လက်ကို ကျွန်တော်ဆွဲကိုင်ထားသည်ကို သိသော်လည်း လက်ကိုပြန်မရုပ်သေးပါ။

"သီသီ . ."

"ဟင် . ."

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုချစ်လားဟင်"

သူမ သက်ပြင်းချလိုက်သည်ကို ကျွန်တော်သတိပြုမိလိုက်သည်။ သီသီ့ထံမှ ဖိုလိုက်သော အသံကထွက်လာ၏။

"စစ်ဆွေက တို့ထက်စာရင် ချမ်းလည်းချမ်းသာတယ် .. ပြီးတော့ မကြာခင်မှာ ဆရာဝန်ဖြစ်တော့မှာ .. စစ်ဆွေရဲ့ အနားမှာ တို့ထက်လှတဲ့၊ ပညာတတ်တဲ့၊ ချမ်းသာတဲ့လူတွေအများကြီးပါ .. ဘာဖြစ်လို့ တို့ကိုချစ်ရတာလဲ .. တကယ်တော့ စစ်ဆွေ .. တို့ကို မချစ်သင့်ဘူး"

"ချစ်သင့်တယ် သီသီ .. ဒီထက်တောင်မှ သီသီ့ကို စောပြီး ချစ်သင့်တယ် .. အကြောင်းကြောင်းကြောင့် အခုမှ ဖွင့်ပြောဖြစ်ပေမယ့် အရင်ကတည်းက ချစ်ခဲ့ရတာပါ .."

သီသီ ကျွန်တော့်ဘက်လှည့်လာသည်။ ခပ်ဝါးဝါး အလင်းရောင်ဖြင့် သူမ၏ မျက်လုံးတွေရွှန်းလဲ့နေသည်ကို မြင်ရပါသည်။

"မနေ့က ညနေက စစ်ဆွေနဲ့အတူ ပြန်သွားတာ ဘယ်သူလဲ"

ကျွန်တော် ခပ်တိုးတိုးရယ်လိုက်မိသည်။ ပြီးတော့ ကျွန်တော့်လက်ထဲမှာ ဆုပ်ကိုင်ထားဆဲဖြစ်သော သူမ၏ လက်ကလေးကို ဖျစ်ညှစ်လိုက်၏။

"သူ့နာမည်က ပပဆွေလတ်တဲ့ ... ဆယ်တန်းတုန်းကတည်းက တစ်တန်းတည်းသူငယ်ချင်း .. မနေ့က မိတ်ဆက်ပေးမလို့ ... မပေးလိုက်ရဘူး"

သီသီ့မျက်နှာတွင် ပြုံးယောင်သန်းသွားပါသည်။

"ဘာဖြစ်လို့ သူ့ကို သွားမကြိုက်တာလဲ"

"ဟာ ဘယ်လိုလဲတွေ့သမျှ၊ နီးစပ်သမျှ လိုက်ကြိုက်နေတဲ့ ကောင်များမှတ်လို့လား .. ဒီကကောင်က တစ်ယောက်ဆို တစ်ယောက်တည်းဘယ်တော့မှ အပြောင်းအလဲမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီတို့ အန်ကယ်တို့ သဘောတူပါ့မလား"

"ဘာလို့ သဘောမတူရမှာလဲ .. သီသီဆိုတာ သူစိမ်းမှ မဟုတ်ဘဲ .. ဖေဖေကဆို ပိုလို့တောင် သဘောကျဦးမယ်"

"အင်းလေ .. တို့စဉ်းစားဦးမယ်"

ကျွန်တော် မချင့်မရဲဖြစ်သွားပြီး သူမ၏ လက်ကလေးကို ညှစ်လိုက်မိပြန်သည်။

"မစဉ်းစားနဲ့တော့ သီသီ ..။ ဒါ တောမဟုတ်ဘူး မြို့။ နောက်ပြီး တို့နှစ်ယောက်ဟာ အခုမှ တွေ့ကြတဲ့သူတွေမဟုတ်ဘူး .. တစ်ယောက် အကြောင်းတစ်ယောက်အသိ"

"နည်းနည်းလေးတောင်မှ စဉ်းစားချိန်မပေးတော့ဘူးလား"

"တစ်ရက် .. တစ်နာရီ .. တစ်စက္ကန့်လေးတောင်မှ မပေးနိုင်ဘူး .."

သူမပြုံးလိုက်သည်ကို ခပ်ဝါးဝါးအလင်းရောင်ဖြင့် တွေ့လိုက်ရ သည်။

"ကဲ ..ပါ .. ဖြေမယ် .. တို့လက်ကိုလွှတ်ဦး ..။ တကတည်းတော် သူများလက်ကို .. ကိုင်လိုက်ဆုပ်လိုက် နယ်လိုက်နဲ့ သူ့ရည်းစားများထင်နေလား မသိဘူး"

ကျွန်တော်ပြုံးလိုက်မိသည်။

"ဖြေရမှာ ကြောက်တယ် .. ဒါပဲနော် .. စစ်ဆွေ တို့ကို တောသူဆိုပြီး ပစ်မသွားရဘူး"

ပီတိအဟုန်တွေကြောင့် ကျွန်တော့်တစ်ကိုယ်လုံး ပေါ့ပါး လာ၏။

"စစ်ဆွေ"

"ဟင် .. ဘာလဲသီသီ"

www.burmeseclassic.com

www.burmeseclassic.com



"တို့လည်းလေ .. စမ်းဆွေကို သံယောဇဉ်ရှိပါတယ် ..။ စမ်းဆွေ ပြောသလိုပဲ .. ဟိုးအရင်ကတည်းကပါ .."

ကျွန်တော်နည်းနည်း ဘဝင်မကျဖြစ်သွားမိသည်။

"သံယောဇဉ်ရှိတယ်ဆိုတာ ချစ်တယ်ဆိုတာနဲ့ အတူတူပဲလား"

"အင်းလေ.. သံယောဇဉ်နဲ့ ချစ်တယ်ဆိုတာအတူတူပဲပေါ့"

"ဟုတ်လား"

သီသီက မျက်စောင်းထိုး၏။ ဤရုပ်ရှင်ရုံ၏အမည်ကို ဒေဝ ဥယျာဉ်ဟု အမည်ပြောင်းဖို့တော့ ကောင်းနေသေပြီ။ ပီတိစိတ်၊ ကြည်နူးစိတ်တို့သည် ကျွန်တော့် တစ်ကိုယ်လုံး၌ လှည့်ပတ်ပြေးနေသည်။

"သီသီ .."

"ရှင်"

"သီသီ့ကို နမ်းချင်တယ်"

"အလိုတော် သနားလို့ လက်လေးပေးကိုင်မိပါတယ် ..။ တစ်ဆင့်တက်ပြီး တဲချင်သေးတယ် ..။ အခုလေးတင် အဖြေပေးပြီး တာစရှိသေးတယ် .. မလွန်ဘူးလား .."

"တကယ်နမ်းကြည့်ချင်လို့ပါ .. နောက်ပြီး သီသီ့ပါးက သနပ်ခါးက ဘာသနပ်ခါးလဲ သိချင်လို့"

မျက်စောင်းဝေ့လာပြန်သည်။ ကျွန်တော်ရယ်၍ ပြောလိုက်မိသည်။

"လုပ်ပါ .. အရင်ကလည်း နမ်းခဲ့ဖူးတာပဲ"

"ဘာရယ် .."

"သီသီ စက်ဘီးချိန်းကြိုးပြတ်တုန်းက တို့စက်ဘီးနဲ့ လိုက်ပို့ တာမှတ်မိလား"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကျွန်တော့်လက်ကို မနာအောင် ဆိတ်၏။ ကျွန်တော်လည်း အတင့်ရဲလာပြီး သူမ၏ ကိုယ်ကိုသိုင်းဖက်လိုက်ပြီး သူမ၏ပါးကို ဘယ်ပြန်ညာပြန် မွှေးကြူလိုက်မိလေတော့သည်။ ပတ်ဝန်းကျင်မဲ့သောအရပ်၌ ကျွန်တော်တို့နှစ်ယောက် ရောက်နေသလို ခံစားမိပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## (၂)

မေမေသိပ်နေမကောင်းကြောင်း ဖေဖေက ဆီးပြောသဖြင့် ကျွန်တော် မေမေ့အခန်းထဲ ဝင်ခဲ့သည်။ အိပ်ရာထက်တွင် မေမေက ဖျော့တော့စွာ လဲလျောင်းလျက်ရှိပြီး ကျွန်တော် ဝင်အလာ တို့ ပြုံးပြပါသည်။

"သားပြန်လာပြီလား.. ဘယ်လိုလဲ.. စာတွေလိုက်နိုင်ရဲ့ လား"

"ဟုတ်ကဲ့ မေမေ .. မေမေ နေမကောင်းလို့ဆို"

"နည်းနည်းမောတာပါ သားရယ် .. လာပါဦး မေမေ့ အနားမှာ ထိုင်ပါဦး"

မေမေ့ဘေးက ခုတင်ပေါ်မှာပဲ ကျွန်တော်ဝင်ထိုင်လိုက်မိသည်။ မေမေသည် ရုပ်သိသာစွာကျသွားသည်။ ဆံပင်တွေလည်း သိသာစွာ ဖြူနေလေပြီ။

"သား .."

"ဘာလဲ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ စိတ်ကူးထားတာတစ်ခုရှိတယ် .. သားအဖေနဲ့လည်း တိုင်ပင်ပြီးပြီ .. သားကို ပပဆွေလတ်နဲ့ မေမေနေရာချထားပေးချင်တယ်"

"ဗျာ"

ကျွန်တော် ထိတ်လန့်တုန်လှုပ်သွားမိလေသည်။ ထို့ကြောင့် ပျာပျာသလဲပြန်ပြောမိလိုက်သည်။

"ဟာ မေမေကလည်း ပပနဲ့ ကျွန်တော်က သူငယ်ချင်းအရင်းကြီးတွေလေ ဘယ်ဖြစ်မှာလဲ"

"ဘာလို့မဖြစ်ရမှာလဲ ..။ သူငယ်ချင်းတွေ ပြန်မယူရဘူးလို့ ဘယ်သူပြောလဲ .. နောက်ပြီး ကောင်မလေး အမေနဲ့လည်း မေမေ စကားပြောကြည့်ပြီးပြီ သူတို့ကလည်း မေမေတို့ရဲ့ ရိုးသားမှုဂုဏ်ကို သဘောကျကြတယ် .. သဘောမတူစရာမရှိပါဘူးတဲ့ ...။ နောက်ပြီး ကောင်မလေးက ချမ်းသာတယ်သား .. သူ့ကိုသားယူရင် တစ်သက်လုံး ချမ်းချမ်းသာသာနေရမှာ .. နှစ်ယောက်စလုံးကလည်း ဆရာဝန်တွေဖြစ်မှာဆိုတော့ ဘယ်လောက်ကောင်းသလဲ"

"မဖြစ်ပါဘူး မေမေ"

"ဘာဖြစ်လို့လဲသားရဲ့ .. ပပက ရုပ်လည်းချောသားပဲ"

"ကျွန်တော် လူပျိုဘဝနဲ့ပဲ နေချင်သေးတယ် မေမေ"

မေမေပြုံးပါသည်။

"အင်းလေ .. မေမေတို့မှာအချိန်တွေတော့ရှိပါသေးတယ် ..။ ဒီကိစ္စကို ဆက်ဆွေးနွေးကြသေးတာပေါ့လေ ..။ ဒီကြားထဲတော့ မေမေ ခေါက်ခနဲ မဖြစ်ပါစေနဲ့လို့ ဆုတောင်းရတော့မှာပဲ"

ကျွန်တော် သက်ပြင်းချလိုက်မိသည်။ သီသီနှင့် ကျွန်တော့်အကြောင်းကို အမှန်အတိုင်းဖွင့်ပြောလိုက်လျှင် မေမေမည်သို့ဖြစ်သွားမည် နည်း။ နှလုံးရောဂါသည် ထုံးစံအတိုင်း စိတ်မချမ်းမြေ့

www.burmeseclassic.com

www.burmeseclassic.com



ရောဂါတိုကြားလိုက်ရလျှင် တိမ်းပါးသွားနိုင်ပါသလား။ မည်သို့ ပင်ဖြစ်စေကာမူ ယခုအချိန်၌ သီသီနှင့် ကျွန်တော့်အကြောင်းကို ဖွင့်မပြောသင့်သေးဟု သဘောရပါသည်။

ထို့အပြင် သီသီ့ကိုလည်း အိမ်သို့ ခေါ်မလာသင့်သေးဟု သဘောရပါသည်။ ကျွန်တော်ဘာမှမပြောတော့ဘဲ ငြိမ်သွားသောအခါ မေမေက . . .

"ကဲ . . သားလည်း ပင်ပန်းလာတယ် . . ရေမိုးချိုးလိုက်ဦး ပြီးရင် ထမင်းစားရအောင် . . မေမေလည်း နည်းနည်းစားမယ် . ."

မေမေ့ကို နှုတ်ဆက်ပြီး ကျွန်တော်အပြင်သို့ ထွက်ခဲ့သောအခါ ဖေဖေ က ကျွန်တော့်ကို လှမ်းခေါ်လေသည်။ ကျွန်တော်တို့နှစ်ယောက်ဧည့်ခန်းထဲမှာပင် ထိုင်၍စကားပြောမိကြသည်။

"မေမေ့ကျန်းမာရေးကဘာယ်လိုလဲ ဖေဖေ . . စိုးရိမ်ရလား"

"အင်း . . နှလုံးရောဂါအကြောင်းလည်း သားသိသားပဲ . . ဒီလိုပါပဲ သားရယ်"

"မေမေ စိတ်ချမ်းသာအောင် ထားရမှာပေါ့နော်"

ဖေဖေသည် ကျွန်တော့်ကို မသိမသာ စူးစမ်းသလိုကြည့်သည်။ ကျွန်တော် သက်ပြင်းချလိုက်သည်။

"ဖေဖေ့ကိုတော့ မေမေတိုင်ပင်ပြီးပြီလို့ ပြောတယ်"

"ဘာကိုလဲသား"

"ပပဆွေလတ်နဲ့ ကိစ္စကိုပါ"

"သားမှာ အဲဒီကိစ္စနဲ့ ပတ်သက်လို့ ဖေဖေ့ကို ပွင့်ပွင့်လင်းလင်း ပြောစရာတွေရှိနေလား"

ကျွန်တော်ရယ်လိုက်မိသည်။

"ဖေဖေ့မှာလည်း နှလုံးရောဂါမရှိပါဘူးနော် . . ဖေဖေ"

"မရှိပါဘူး သား . . ရှိနေရင်လည်း ဖေဖေက အရာရာကို

www.burmeseclassic.com

www.burmeseclassic.com



သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းတတ်လို့ ဘာမှဖြစ်စရာ အကြောင်းမရှိပါဘူး .. ကဲပြော .. ဖေဖေ့ကို ပွင့်ပွင့်လင်းလင်း ပြော .."

ကျွန်တော်က မေမေ့အိပ်ခန်းဘက် မျက်ရိပ်ပြရင်း ခပ်တိုးတိုး ပြောမိပါသည်။

"ဒီမှာပြောရင် မေမေကြားသွားနိုင်တယ် ဖေဖေ"

"ဒါဖြင့်လာ .. ဖေဖေတို့သားအခန်းကို သွားရအောင်"

ကျွန်တော့်အခန်းသည် ဆရာဝန်လောင်းတစ်ဦး၏ အခန်းဖြစ်သည်နှင့်အညီ သန့်ရှင်းသပ်ရပ်နေလေသည်။ ကျွန်တော်တို့ သားအဖသည် ခုတင်ပေါ်မှာပင် ထိုင်၍ စကားပြောမိကြသည်။

"ကျွန်တော် ပပဆွေလတ်ကို လက်မထပ်နိုင်ဘူးဖေဖေ .. ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်မှာ ချစ်သူရှိတယ်"

ဖေဖေ့မျက်နှာတွင် အံ့ဩသွားသော အမူအရာမတွေ့ရပါ။ သို့သော် ဖေဖေက ခေါင်းကိုတော့ တဆတ်ဆတ်ညိတ်နေပါသည်။

"သားချစ်သူက ဘယ်သူလဲ .. သားတို့ကျောင်းကပဲလား"

"မဟုတ်ဘူး ဖေဖေ .. ဖေဖေ သီသီ့ကို မှတ်မိလား .. သူပဲ ဖေဖေ သား ချစ်သူဟာ သီသီ .."

ဖေဖေ ပြုံးလိုက်ပြီးမှ မျက်မှောင်ကြုတ်သွားသည်။

"အင်း .. ဟိုတလောက လက်ထပ်သွားတယ်ဆို အခု ဘယ်လိုဖြစ်တာလဲ"

ကျွန်တော် သီသီ့အကြောင်းကို ပြည့်ပြည့်စုံစုံရှင်းပြလိုက်မိပါသည်။ ကျွန်တော့်စကားဆုံးသောအခါ ဖေဖေက စဉ်းစဉ်းစားစား ပြောသည်။

"ဒီကိစ္စနဲ့ပတ်သက်လို့ ဖေဖေ့သဘောကတော့ ဘာပြဿနာမှမရှိဘူးသား၊ သား မေမေကိုပဲ ထည့်စဉ်းစားရမှာ ..။ အင်း ..



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတော့ရှိတယ် .. သား .. ဒီကိစ္စကို ဖေဖေတို့နှစ်ယောက် တိုင်ပင်ပြီး ချင့်ချင့်ချိန်ချိန်လုပ်ကြရမယ် ..။ သား သီသီ့ကို ခိုးပြေးတာတို့ ဘာတို့ မလုပ်စေချင်ဘူး"

"ဟုတ်ကဲ့ ဖေဖေ ကျွန်တော် သဘောပေါက်ပါတယ်"

"သီသီ့ကို ဖေဖေတွေ့ချင်တယ်ကွ .. အိမ်ကိုတော့ ခေါ်မလာနဲ့ဦး .. သားတို့အားတဲ့အချိန်ကျ သီသီ့ကို ဖေဖေ့ဆီခေါ်လာပေးလို့ရမလား"

"ဟုတ်ကဲ့ ဖေဖေ .. ကျွန်တော် ကြိုးစားပါ့မယ်"

ကျွန်တော်တို့ သားအဖနှစ်ဦးသည် ကျွန်တော်၏ နှလုံးသားရေးကိစ္စကို ပြောဆိုနေရာမှ စကားလမ်းကြောင်း ပြောင်းကာ ဆေးပညာရပ်သို့ ရောက်ရှိသွားတော့သည်။

"တကယ်ကတော့ သားရယ် .. ဆရာဝန်တစ်ယောက်ဆိုတာ ရောဂါကိုစုံစမ်းထောက်လှမ်းရတဲ့ စုံထောက်ပဲ ..။ လူ့ကိုယ်ခန္ဓာထဲမှာမမြင်ရတဲ့ အခြေအနေတွေကို လူနာရဲ့ ပြင်ပလက္ခဏာတွေကိုကြည့်ပြီး ခန့်မှန်းရတဲ့အလုပ်ပဲ .. အေးခန့်မှန်းလို့ရပြီဆိုမှ ဘယ်လိုကုသရမလဲလို့ စဉ်းစားရတယ်"

"ဖေဖေရဲ့ ဆေးကုသမှုသက်တမ်းတစ်လျှောက်မှာ .. သာမန် ဖြစ်ရိုးဖြစ်စဉ် ရောဂါသည်တွေအပြင် တခြားထူးထူးခြားခြားဘာဖြစ်တာ တွေကြုံခဲ့ရသေးလဲ ဖေဖေ"

"ကြုံခဲ့ရတာပေါ့ သားရယ် .. ဒါကြောင့် ရှေးလူကြီးတွေက ပြောတာ .. ရှေ့နေဆိုပျို့မှ .. သမားဆိုအိုမှ ဆိုတာလေ .. လူနာများများနဲ့ ဆုံရလေ .. ဆရာဝန်ဟာ ရင့်ကျက်လာလေပဲ .."

"ရောဂါအမည်တပ်မရဲဘဲ ဆုံးသွားတာတွေလည်း ရှိနိုင်တယ်နော် ဖေဖေ.."

"အတတ်နိုင်ဆုံးတော့ ရောဂါအမည်ဖော်နိုင်အောင် ကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားကြတာပါပဲ။ ဒါပေမယ့် သားရယ် .. ဆရာဝန်ဆိုတာလည်း ဘုရားမှမဟုတ် တာ .. သာမန်လူသားတစ်ယောက်ပဲ .. အမှား အယွင်းနဲ့ ချို့ယွင်းချက်တွေရှိနိုင်တာပဲ .. ပြီးတော့ ပညာအတိမ် အနက်ကလည်း တစ်ယောက်နဲ့ တစ်ယောက်မတူဘူးလေ "

"ကျွန်တော်တို့ စကားကောင်းနေတာနဲ့ မေမေဆာလှ ရော့မယ် ဖေဖေ ကျွန်တော်ရေမြန်မြန်ချိုးလိုက်မယ် .. ပြီးရင်ထမင်း စားကြရအောင်"

ဖေဖေသည် ခေါင်းတဆတ်ဆတ်ညိတ်ပြီး ကျွန်တော့် အခန်းထဲမှ ထွက်သွားသည်။ ကျွန်တော်ကတော့ သီသီ့ကို သတိရလိုက် မိသည်။ ယခု အချိန်လောက်ဆို သီသီလည်း အဆောင်ပြန်ရောက်နေ တော့မည်။ သူမလည်း ကျွန်တော့်လိုပင် ရေချိုးနေတော့မည်လား မသိပါ။

ရေချိုးခန်းထဲရောက်သောအခါ ရေကို တဗွမ်းဗွမ်းလောင်း ချိုးရင်း သီချင်းကောက်ဆိုလိုက်သည်။

"မင်းလေးနဲ့ ဝေးရင် အသည်းလေးတော့ ဖျားမှာပဲ"

ချိုးကောင်းကောင်းနှင့် ချိုးနေသည့်အခိုက်မှာ ရေချိုးခန်း တံခါးကို တဘုံးဘုံးပုတ်ပြီး ပြောလိုက်သော ဖေဖေ့အသံကို ကြားရ သည်။

"မင်းလေးနဲ့ဝေးရင် ဖျားမဖျားတော့မသိဘူး သားရေ .. ကြာကြာချိုးရင်တော့ ဖျားမှာသေချာတယ် .."

ကျွန်တော်ဖေဖေအသံကို နားထောင်ပြီး ဟက်ဟက် ပက်ပက် ရယ်ချလိုက်သည်။ လူချင်းတွေ့မှ သီသီ့ကိုလည်း သတိပေး ရဦးမည်။ ရေကိုအကြာကြီး မချိုးဖို့အကြောင်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ဝန်ဆောင်မိန်းမကြီးသည် ခုတင်ပေါ်၌ ခေါင်းအုံးကို မှီ၍ ထိုင်နေပြီး ကျွန်တော်တို့အုပ်စုကို ခပ်တည်တည်ပဲ ပြန်ကြည့်နေ သည်။ ကျွန်တော်က လူနာမှတ်တမ်းကို လှန်ကြည့်နေမိသည်။ ဆရာမသည် ကျွန်တော်တို့ကို ကိုယ်ဝန်ဆောင်နှင့် မွေးဖွားမှုအကြောင်းကို ရှင်းပြနေ၏။ ဆရာမက ခဏပဲရှင်းပြပြီး တခြားခုတင်တွေဘက် ထွက်သွားသည်။ ကျွန်တော့်လည်း လူနာမှတ်တမ်းကို ခုတင်ခြေရင်း၌ ပြန်ထားပြီး လူနာအမျိုးသမီးကြီးကို မေးလိုက်၏။

"အဒေါ်ကြီး .. အခုကလေးက ဘယ်နှယောက်မြောက်လဲ"

"အင်း .. ဒီကလေးနဲ့ဆို ဆယ်ယောက်ပေါ့"

ကျွန်တော်တို့ အုပ်စုမျက်လုံးပြူးသွား၏။

"အားပါး .. ကောင်းမှကောင်း"

"ဟော့ကောင် .. ဘာတွေလျှောက်ပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မှားလို့မှားလို့ .. အားပါး မျှားမှမျှား"

"ဒါနဲ့ 'အဒေါ်ကြီး' သားဆက်ခြားရေးကို သိလား"

"သိပ်ပါတော် .. သိပ် .. ဒါပေမယ့် အဒေါ့်ယောက်ျားက ပြောလို့မရဘူး .."

"ဟာ .. ဗုဒ္ဓေါ ..."

ကောင်မလေးတွေ ပြုံးစေ့စေ့ဖြစ်ကုန်သဖြင့် အဒေါ်ကြီးက ရှက် သွားသည်။

"မဟုတ်ဘူး .. အဒေါ်ပြောတာ အဲဒီသဘောမဟုတ်ဘူး .. ဟိုလေ .. အဒေါ်ယောက်ျားက သားသမီးကို မတားချင်ဘူး ..။ သူ့စိတ ထဲမှာ ကလေးဆိုတာ ဘုရားပေးတာပဲလို့ ထင်နေတယ် ..။ သားသမီးဆိုတာ ရတနာပဲတဲ့ .. ရတနာများရာ ရတနာလာ လိမ့်မယ်တဲ့ .."

ကျွန်တော်ကတော့ မြို့မှာ ယခုလို ကလေးများသည့် အဖြစ် ကိုမြင်လျှင် ကိုကြီးသာဒင်ဘာပြောမည်နည်းဟု စဉ်းစားနေမိသည်။ ထိုအခိုက်မှာပင် အဒေါ်ကြီးက ပြုံးစေ့စေ့လုပ်ပြီး ပြန်ပြောလေသည်။

"ဒါတောင်မှ ဆင်းရဲလို့ ဆရာမလေးတို့ရ .. ဆရာမလေး တို့လိုများ ငယ်ငယ်ရွယ်ရွယ်ချမ်းချမ်းသာသာဆို ကျွန်မယောက်ျားက ဟော တစ်ယောက်ဟောတစ်ယောက် မွေးခိုင်းမှာ .. ဟီး ဟီး"

ကျွန်တော်တို့အုပ်စုလည်း တဟားဟား ပွဲကျရင်း ဆရာမနှင့် ထွက်သွားသည့်အုပ်စုနောက်သို့ အမီလိုက်ရလေသည်။

"အဲဒီလို လူနာမျိုးတွေများများရှိလို့ကတော့ အိုဂျီတွေအလုပ် အတော်များမှာပဲ"

ဆရာမမှာလစ်တွင် ပပဆွေလတ်က ကျွန်တော့်ကို ခပ်တိုး တိုးပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာမယ့် တနင်္ဂနွေနေ့မှာ အိမ်မှာ ဘုရားအနေကဇာတင်မလို့ အဲဒါ နင်လာခဲ့နော် .. မနက်စောစောပေါ့ .."

"ဟိုကောင်တွေကိုရော မဖိတ်ဘူးလား"

"ဖိတ်မယ် .. ဦးဦးဖျားဖျား နင့်ကိုအရင်ဖိတ်တာ"

ကျွန်တော့် စိတ်ထဲတစ်မျိုးဖြစ်သွားမိပါသည်။ ရင်ထဲတွင် တင်းကြပ်သလိုဖြစ်လာသည်။ သီသီနှင့် ကျွန်တော့်ရှေ့ရေးအတွက် ကျွန်တော် သက်ပြင်းချလိုက်မိသည်။ ကျွန်တော်တို့၏ မျှော်လင့်ချက်သည် ဖေဖေသာလျှင်ဖြစ်သည်။

"ညနေကို ငါသွားစရာတစ်ခုရှိလို့ စောင့်မနေနဲ့တော့"

ပပဆွေလတ်သည် ကျွန်တော့်စကားကြောင့် မျက်နှာလေး အိုသွားသည်။ မတတ်နိုင်ပါ။ ကျွန်တော့်အတွက် သီသီနှင့်တွေ့ရဖို့ သီသို့ထံ သွားရဖို့က ပိုအရေးကြီးပါသည်။ ညနေရောက်သောအခါ ကျွန်တော်အုပ်စုထဲမှ ခပ်စောစောထွက်ခဲ့ပြီး သီသီ့အဆောင်သို့ ရောက်သွားခဲ့ပါသည်။ သီသီသည် ရေချိုးပြီး ဧည့်ခန်းထဲ၌ ကျွန်တော့်ကို အဆင်သင့်စောင့်နေလေသည်။

"အပြင်မှာ လမ်းလျှောက်ရင်း စကားပြောရအောင်နော်"

ကျွန်တော်တို့နှစ်ယောက် ဘေးချင်းယှဉ်၍ လမ်းလျှောက်ရင်း စကားပြောကြသည်။

"အဆောင်မှာ ဟင်းကောင်းလား"

"ထုံးစံအတိုင်းပဲပေါ့"

"တို့ငါးပိကြော်တို့၊ သရက်သီး သနပ်တို့ ဝယ်ပေးခဲ့မယ် .."

"မဝယ်နဲ့ စစ်ဆွေ .. ရတယ် .. တို့စားတတ်နေပါပြီ"

စကားပြောရင်းနှင့် ကျွန်တော်လည်း မချင့်မရဲဖြစ်လာပြီး သီသီ့လက်ကလေးကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်လိုက်ရာ သီသီက မရုန်းပေ။ မည်မျှ အရသာရှိပါသနည်း။ ကိုယ်ချစ်သူ၏ လက်ကိုကိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘေးချင်းယှဉ်၍ လမ်းလျှောက်စကားပြောရသော အရသာသည် အလွန်ပင်နှစ်သက်ပီတိ ဖြစ်ဖွယ်ကောင်းပါသည်။

"တို့ဆရာဝန်ဘဝကို ဘာကြောင့်ရွေးချယ်ခဲ့တယ်ထင်လဲ သီသီ"

"ဟင့်အင်း"

"ရွာမှာတုန်းက သီသီတို့ကို ပြောခဲ့ဖူးတဲ့ စကားကြောင့်ပဲ"

သီသီသည် ပြန်မှတ်မိသွားပြီး နှစ်လိုဖွယ်ရာ ပြုံးလေသည်။

"စကားကို နားထောင်တယ်ပေါ့"

"အင်း .. အဲဒါဘာဖြစ်လို့လဲ သိလား"

ရှက်စနိုးဖြင့် ခေါင်းငုံ့သွားသည်။ ကျွန်တော် မချင့်မရဲဖြစ်သွားမိပြီး သူ့လက်ကို ညှစ်မိပြန်သည်။

"အဲဒါ သီသီ့ကို သိပ်ချစ်လို့ပဲ"

သီသီသည် ဖျတ်ခနဲ ကျွန်တော့်ကို မော့ကြည့်သည်။

"တို့ကိုဘာဖြစ်လို့ ချစ်တာလဲဟင် .. တို့က တောသူ .. တို့မှာ ဘာမှပြည့်စုံတာလည်း မဟုတ်ဘူး"

သူမ၏ မေးခွန်းကိုဖြေရန် ကျွန်တော် ဦးနှောက်နည်းနည်း စားသွားပါသည်။ သို့သော် ကြာကြာမစဉ်းစားလိုက်ရပါ။ ထိုမေးခွန်းအတွက် ကျွန်တော့်မှာပြည့်စုံလုံလောက်သောအဖြေကို ရနေလေပြီ။

"ချစ်စရာကောင်းလို့ချစ်တာ သီသီ"

"ဟင်း ဟင်း"

"ဘာရယ်တာလဲဟင်"

"ဖြေတာက ရယ်စရာကောင်းလို့ပါ"

"အဲဒီအဖြေဟာ ပြည့်စုံမှန်ကန်တဲ့ အဖြေပါပဲ သီသီ .. တကယ်ကတော့ အချစ်ဆိုတာ တော်တော်တော့ ဆန်းကြယ်တယ် နော် .. အင်း အချစ်ဆိုတာ ဘာနဲ့တူသလဲဆိုတော့ .."



www.burmeseclassic.com

www.burmeseclassic.com



"ခစ် .. ခစ်"

ကျွန်တော် ပါးစပ်ပြသွားမိသည်။ ပြီးမှ မျက်မှောင်ကြုတ်၍ မေးလိုက်မိသည်။

"ဘာဖြစ်လို့ရယ်တာလဲဟင်"

"ဩြော် ဆရာဝန်လောင်းတစ်ယောက်ဆီက အချစ်နဲ့ ပတ်သက်တဲ့ အဘိဓမ္မာတွေကြားရတော့မှာမို့ပါ .."

ကျွန်တော် မချင့်မရဲဖြစ်သွားပြီး သူ့လက်ကလေးကို ညှစ်မိပြန်သည်။ အချစ်နှင့်ပတ်သက်သော အဘိဓမ္မာကို ဆက်ပြောဖို့ စဉ်းစားရလေသည်။

"ဆရာဝန်လောင်းလည်း လူပဲ သီသီရဲ့ .. ဆက်နားထောင် တကယ်ကတော့ အချစ်ဆိုတာ ဘာနဲ့တူသလဲဆိုတော့"

ထိုအခိုက်မှာပင် သီသီ့သူငယ်ချင်းတစ်ယောက်က သီသီ့ကို သွမ်းနှုတ်ဆက်သွားသဖြင့် ကျွန်တော့်စကားပြတ်သွားသည်။ သီသီ့ သူငယ်ချင်း ခပ်ဝေးဝေးရောက်သွားမှ ကျွန်တော် စကားပြန်ဆက်ဖို့ ကြိုးစားလိုက်သည်။

"တကယ်တော့ ... အချစ်ဆိုတာ"

"အန်တီ နေကောင်းလားဟင် .."

ကျွန်တော် စိတ်ဓာတ်ကျသွားမိသည်။ သီသီသည် ကျွန်တော် ဖွင့်ပြမည့်အချစ်၏ အဘိဓမ္မာတွေကို စိတ်မဝင်စားဘဲ မေမေနေကောင်းလား မေးနေ၏။

"အင်းကောင်းတယ် .. အချစ်ဆိုတာ"

"ဟင်း ဟင်း... သူ့ဘာယ်လိုဖြစ်နေတာလဲ"

သီသီက ဟက်ဟက်ပက်ပက်ရယ်၍ ကျွန်တော့်လက်ကို ဆိတ်သောအခါ ကျွန်တော်ရှက်သွားမိပါသည်။ ထို့ကြောင့် သူ့လက်ကို ချစ်ညှစ်လိုက်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်နေတာလဲ .. သူများလက်ကို တစ်ချိန်လုံးပဲ ဖျစ်လိုက်ညှစ်လိုက်လုပ်နေတယ်"

သီသို့အသံက နည်းနည်းကျယ်သွားသောကြောင့် ဘေးက ဖြတ် သွားသောအဘိုးကြီးတစ်ဦးက ကျွန်တော်တို့ကို စောင်းကန်း စောင်းကန်း ကြည့်သွား၏။

ကျွန်တော်လည်း အချစ်အဘိဓမ္မာကို ထုတ်ဖော်ဖို့ မကြိုးစား မိတော့ချေ။ ထိုအခါမှ သီသီက သူ့ပိုက်ဆံအိတ်ထဲမှ စာတစ်စောင်ကို ထုတ်ပေးသည်။

"ဒါ ဘယ်သူ့စာလဲ သီသီ .. သီသို့ကို ဘယ်ကောင်ကပေး တဲ့ ရည်းစားစာလဲ"

"ဘာတွေ လျှောက်ပြောနေတာလဲ .. ဒီစာက မိုးသီးနဲ့ ပေတလူ့ဆီကစာ"

စာကို ဖွင့်ဖတ်ချင်လှသော်လည်း လမ်းမကြီးမှာဖြစ်နေပြီး မှောင်နေပြီဖြစ်၍ အလင်းရောင်လည်း ကောင်းစွာမရပါ။

"ဘာတဲ့လဲဟင်"

"တပေါင်းလ ရွာမှာဘုရားပွဲရှိတယ်လေ .. အဲဒါ တို့ ကျောင်းပိတ်ရင် ပြန်လာစေချင်လို့ ရေးလိုက်တဲ့စာ"

"ဟာ ကောင်းတယ် သီသီ .. တို့နှစ်ယောက်သွားကြမယ်"

သီသီက ဘာမှမပြောဘဲ ငြိမ်နေ၏။ ဆောင်းဝင်စဖြစ်သဖြင့် အနည်းငယ်အေးစိမ့်လာသည်။ သီသို့ကိုယ်ကလေးကို ထွေးပွေ့ချင်လှ သော်လည်း လမ်းမ၌ ဖြစ်သဖြင့် မသင့်လျော်ပါ။

"ဩော် ... ပြောရဦးမယ် ဖေဖေက သီသို့ကို တွေ့ချင် တယ် တဲ့ .. အဲဒါ ဖေဖေတာဝန်ကျတဲ့ဆေးရုံမှာ သွားတွေ့ ရအောင်"

"ဆရာ့ကို သီတို့အကြောင်းဖွင့်ပြောလိုက်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com

"အင်း .."

"ဘာဖြစ်လို့ ဒီလောက်မြန်မြန်ဆန်ဆန်ဖွင့်ပြောလိုက်ရတာလဲ .. သီ ဆရာ့ကို မျက်နှာပူတယ်"

"ဟာ ဖေဖေက သဘောကောင်းပါတယ် .. နောက်ပြီး နားလည်မှုလည်းရှိတယ် .. ဒါနဲ့နေဦး သီသီ ဘယ်အချိန်တွေအားလဲ"

သီသီက အားသည့်အချိန်ကို ပြောပြသည့်အခါ ကျွန်တော် အားသည့်အချိန်နှင့် လွဲနေ၍ ဖေဖေ့ထံ သီသီ့ကို ခေါ်သွားရေးမှာ မဖြစ်နိုင်ပါ။

"အင်း .. အချိန်တစ်ချိန်နှစ်ချိန်တော့ ဖျက်မှ ရမယ်ထင်တယ်"

"သူ့အချိန်တွေ မဖျက်ပါနဲ့ .. သီ့အချိန်တွေ ဖျက်မယ်"

"နေဦး တို့နှစ်ယောက်ချစ်သူတွေလည်း ဖြစ်နေကြပြီဆိုတော့ သူတို့၊ တို့တို့နဲ့ စကားပြောနေရတာ အရသာမရှိဘူး .. အခေါ်အဝေါ်တွေ ပြောင်းရအောင် .."

"အရေးထဲ နားအရသာ အတော်ခံချင်နေသေးတယ်"

"ဟာ .. အဲဒါ အချစ်ပဲပေါ့ .. အချစ်ဆိုတာ ဘာနဲ့တူသလဲဆိုတော့"

"လုပ်ပြန်ပြီ .. တဲပါ .. စာရေးဆရာလည်း မဟုတ်ဘဲနဲ့ အချစ်ကို အမိပ္ပာယ်ဖွင့်မနေနဲ့တော့ အခေါ်အဝေါ်က ဘယ်လိုပြောင်းချင်လို့လဲ"

"ဒီလိုလုပ် .. သီက တို့ကိုမောင်လို့ခေါ် .. တို့ကတော့ သီ့ကိုသီလို့ပဲ ခေါ်မယ် .. အဲဒါကောင်းတယ် .. ဘာဖြစ်လို့လဲဆိုတော့ တို့နှစ်ယောက်က အရွယ်ကလည်းတူတော့ .. ကိုကိုလို့ခေါ်လည်း မကောင်းဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မောင်လို့တော့ မခေါ်ချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"တောသူတစ်ယောက်အနေနဲ့ လျှာမရဲဘူး"

ကျွန်တော် ကရုဏာသက်သွားမိလေသည်။ သို့သော် စောဒကတော့ တက်လိုက်မိသေးသည်။

"ဒီနေ့ခေတ်မှာ .. တောနဲ့မြို့နဲ့သိပ်မကွာခြားတော့ဘူး သီရဲ့၊ တောမှာလည်း မြို့အကျင့် မြို့စရိုက်တွေ ရောက်ကုန်ပြီ။ လုပ်ပါ .. မောင့်ကို မောင်လို့ခေါ် ..."

ရှက်ပြုံးဖြင့် ခေါင်းငုံ့သွားသဖြင့် ကျွန်တော်မချင့်မရဲဖြစ်ကာ သူမ၏လက်ကို ညှစ်မိပြန်သည်။

"ပြန်ခါနီးမှ ခေါ်မယ်"

အနီးပတ်ဝန်းကျင်ရှိ ပန်းရုံတွေမှ ညမွှေးပန်းရနံ့ကို ရလေသည်။ ယနေ့လပြည့်ညလားမသိပါ။ ကောင်းကင်တွင် လစန္ဒာသည် ပြည့်ဝရွှန်းမြနေလေသည်။

"တနင်္ဂနွေနေ့လာဦးမှာလား"

ပပဆွေလတ်အိမ်၌ ဘုရားအနေကဇာတင် ဖိတ်ထားသည်ကို သတိရပြီး အချိန်ကို စဉ်းစားလိုက်မိသည်။

"မောင် .. နေ့လယ်ပိုင်းလောက်လာခဲ့မယ် .. အားတယ် မဟုတ်လား"

"အင်း .."

စိတ်ထဲကြည်လင်ချမ်းမြေ့စွာနှင့် ချစ်သူ့မျက်နှာကို လရောင်၌ ကြည့်မိလေသည်။ ကျွန်တော့်ချစ်သူသည် လရောင်အောက်၌ ကြွေရုပ် ကလေးနှယ်ဖြစ်နေသည်။

"ပြန်ကြရအောင်နော်"

သီသီအဆောင်သို့ အပြန်လမ်းတွင် ကျွန်တော်တို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် စကားသိပ်မပြောဖြစ်ကြပါ။ ကျွန်တော်ကတော့ ခွဲရမည့်အချိန်တွေကို နှမြောနေမိသည်။ အဆောင်ထဲရောက်သောအခါ သီတ ခြေစုံရပ်သည်။ ကျွန်တော် သူမကို ငုံ့ကြည့်လိုက်သည်။ သီသီသည် ရှက်ပြုံးတစ်ချက် ပြုံး သည်။

"မောင် . ."

"ဟင် . . သီ"

"ပြန်တော့နော် . . သီ . . တနင်္ဂနွေနေ့ကို စောင့်နေမယ်"

ကမ္ဘာလောကကြီးသည် ကျက်သရေရှိစွာ လှပသွားသည်ဟု ထင် လိုက်မိပါသည်။ ယခုလို ညမျိုး ကုဋေကုဋာမက ကြုံချင်ပါသည်။ သီသို့ကို လက်ပြ၍ ကျွန်တော်ထွက်လာခဲ့သောအချိန်၌ ကျွန်တော့် စိတ်ထဲ၌ ငြိမ်းချမ်းနေလေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

(၃)

ပဆွေလတ်သည် ဘုရားအနေကဇာတင်ပွဲအတွက် အိမ်သို့လာရောက်ပြီး ဖိတ်သွားပါသည်တဲ့။ မေမေကလည်း ကျွန်တော်တို့မိသားစုတစ်ခုလုံး လာခဲ့မည်ဖြစ်ကြောင်း ကတိပေးလိုက်လေသည်တဲ့။ ကျွန်တော်စိတ်ပျက်သွားမိလေသည်။ ထို့ကြောင့် ဘာမှမပြောတော့။ စာကြည့်ခန်းထဲသို့ သာဝင်၍ စာဖတ်နေလိုက်သည်။ စိတ်တွေ ကယောက်ကယက်ဖြစ်နေသော်လည်း တဖြည်းဖြည်းနှင့်စာထဲ စိတ်ဝင်စား၍ရလာလေသည်။

ဆေးပညာဘာသာရပ်တို့သည် တကယ်မကျွမ်းကျင်လျှင်မဖြစ်ဟူသော ဖေဖေ့ ဆုံးမစကားက နား၌စွဲနေလေသည်။

"အင်ဂျင်နီယာတစ်ယောက်ပေါ့ဆလိုက်ရင် တံတားကြီးကျိုးကျသွားနိုင်သလို ဆရာဝန်တစ်ယောက် မကျွမ်းကျင်ရင်လည်းလူနာသေသွားနိုင်တယ် သား . . အဲဒီတော့ သားမပေါ့ပါနဲ့ ကိုယ့်ရဲ့ညံ့ဖျင်းမှုကြောင့် လူတစ်ယောက်ရဲ့အသက်ကို မဆုံးရှုံးပါစေနဲ့"

ညဉ့်အတော်နက်သောအခါ ဖေဖေက ကျွန်တော့်ဆီရောက်လာသည်။ ကျွန်တော် စာဖတ်နေတာ ရပ်လိုက်သည်။ ဖေဖေနှင့် စကားပြောချင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ အချစ်ရေးနဲ့ အိမ်ထောင်ရေးမှာ ပကာသနဆိုတာ ရှိသင့်သလား ဖေဖေ"

"သားဆိုလိုတာ ဖေဖေသဘောမပေါက်ဘူး"

"ဒီလိုဖေဖေ ... အိမ်ထောင်ရေးတို့ အချစ်ရေးတို့ စဉ်းစားရာမှာ ဂုဏ်ပကာသနဆိုတာကို ထည့်စဉ်းစားသင့်သလား ဖေဖေ"

"မေးသင့်တဲ့ မေးခွန်းပဲ ..။ ကိုယ့်ဘဝအတွက် သူဟာ သင့်တော်သလား မသင့်တော်ဘူးလားဆိုတာကို စ,စဉ်းစားတာဟာ ဒီကိစ္စရဲ့ အဖြေပဲ။ ဥပမာအားဖြင့် မိန်းကလေးတစ်ယောက်က ယောကျ်ားလေး တစ်ယောက်ကိုရွေးချယ်ခဲ့ရာမှာ ဘဝတစ်သက်တာ အတွက် သူဟာ ငါ့အတွက်အားကိုးအားထားလောက်စရာဖြစ်ပါ့မလား ..၊ သူ့ကို ငါ တစ်သက်လုံး ချစ်မြတ်နိုးနိုင်ပါ့မလား ..၊ သူကလည်း ငါ့ကို တစ်သက်လုံး ချစ်မြတ်နိုးနိုင်ပါ့မလားဆိုပြီး စဉ်းစားခြင်းဟာ သားပြောတဲ့ ပြဿနာရဲ့ အဖြေပဲ။ အဲဒီမှာ တချို့ကလည်း ဂုဏ်ဖြပ်တွေ ပကာသနတွေကို ထည့်စဉ်းစားကြတယ် .. တချို့ကလည်း ဂုဏ်ဖြပ်ကိစ္စ ထည့်မစဉ်းစားဘူး"

"ဒါဆို ကျွန်တော် တစ်ခုမေးချင်တယ် ဖေဖေ ..။ ကျွန်တော် သီသီ့ကိုရွေးချယ်ခဲ့တဲ့ ကိစ္စအပေါ် ဖေဖေ့အမြင်ကို သိချင်တယ် ဖေဖေ"

ဖေဖေ ဟက်ဟက်ပက်ပက်ရယ်ပါသည်။

"သားဟာ ဖေဖေငယ်ငယ်ကအတိုင်းပါပဲ သားရယ် ..။ ဒါဟာ သားသိချင်တဲ့ အဖြေပဲ .. သားကျေနပ်တော့နော်"

ဖေဖေသည် ကျွန်တော့်ခေါင်းက ဆံပင်တွေကို ပွတ်သပ်ပေးပြီး အခန်းထဲမှ ပြန်ထွက်သွားသည်။

www.burmeseclassic.com

ဘုရားအနေကဇာတင်ပွဲသို့ ကျွန်တော်တို့ မိသားစုနံနက် ၈-နာရီတိတိ၌ ရောက်သွားခဲ့ပါသည်။ ပပဆွေလတ်တို့၏ ချမ်းသာကြွယ်ဝမှု သည် ကျွန်တော်တို့ထက်များစွာ ပိုပါသည်။ သူတို့တွင် ကားကချည်းပဲ သုံးစီးတောင်ရှိသည်။ တိုက်အိမ်သည် သီးသန့်လုံးချင်းဖြစ်၍ ကာလပေါက်စျေးဖြင့်ဆိုလျှင်သိန်းပေါင်းများစွာ တန်ပါလိမ့်မည်။

အိမ်၏ရှေ့ခန်း၌ပင် ဘုရားအနေကဇာပွဲအတွက် ပြင်ဆင်ထားသည်။

"ဪ . . . လာကြပါ . . ကြွကြပါ"

ပပဆွေလတ်၏ မိခင်သည် ကျွန်တော်တို့ မိသားစုကို အိမ်ဦးခန်း ခေါင်းရင်းဘက်သို့ ခေါ်သွားသည်။ ပြီးတော့ နေရာထိုင်ခင်းပေးပါသည်။ မေမေနှင့် ပပဆွေလတ်၏ မိခင်သည် အတော်အသင့်ရင်းနှီးနေပြီး စကားတွေကောင်းနေကြပါသည်။ ပပဆွေလတ်ကတော့ ကျွန်တော်တို့အတွက် ရွှေတောင်ခေါက်ဆွဲ ပန်းကန်တွေချပေးလေသည်။ ဖေဖေသည် ပပဆွေလတ်၏ ဖခင် ဦးသော်ဇင်

www.burmeseclassic.com

www.burmeseclassic.com

တိုသာမန်သာစကားပြောသည်။ ကျွန်တော့်စိတ်ထင်ပြောရလျှင် ဖေဖေစကားပြောပုံသည် သိပ်ဟက်ဟက် ပက်ပက်မရှိဟု ထင်ပါသည်။

ဘုရားအနေကဇာပွဲတွင် လူသိပ်မရှိချေ။ သူတို့ အပြောအရ လူရွေးဖိတ်သည်ဟုပြောပါသည်။ ကျွန်တော်တို့ သူငယ်ချင်းတစ်အုပ်ကလည်း ရောက်မလာကြသေးသဖြင့် ကျွန်တော့်မှာ ငေါင်စင်းစင်းကြီးဖြစ်နေသည်။ ပပဆွေလတ်ကတော့ အားသည်နှင့် ကျွန်တော့်အနီးရောက်ရောက်လာသည်။

"စားလေ .. စစ်ဆွေ .. ဘာလဲ လက်ရာမကောင်းလို့လား"

"မဟုတ်ပါဘူး .. ကောင်းပါတယ်"

"ဒီရွှေဘောင်ခေါက်ဆွဲက အော်ဒါမှာတာလေ ..။ ပထမတော့ သမီးက သူကိုယ်တိုင်ချက်ဦးမလို့ပဲ .. နောက်တော့ အချိန်တုန် လူပင်ပန်းဖြစ်မှာပဲတွေးပြီး ဆိုင်ကပဲ အော်ဒါမှာလိုက်တာ .."

ပပ၏ မိခင်က ပြုံး၍ဝင်ပြော၏။

"ပပက ကိုယ်တိုင်ချက်တတ်လို့လား .."

"သမီးက အချက်အပြုတ် ဝါသနာပါတယ် အန်တီရဲ့၊ တျောင်းအားရင် ဝင်ချက်တယ်"

မေမေသည် ပပ၏ စကားကို ပြုံး၍နားထောင်ရင်းမှ ကျွန်တော့်ကို ဖျတ်ခနဲကြည့်သည်။ သဘောမှာ ဘယ်လိုလဲသား၊ တောင်မလေးက မေမေ ပြောသလိုပဲ တွေ့လားမဆိုးဘူးဟူသော သဘော၊ ကျွန်တော် မသိမသာ ခေါင်းခါပြလိုက်သည်။ သဘောမှာ ဒါတွေ ကျွန်တော်စိတ်မဝင်စားဘူး ဟူသော သဘော။ ကျွန်တော်တို့သားအမိချင်း အမူအရာဆက်သွယ်ချက်ကို မည်သူမျှမသိကြ။

"ဒါနဲ့ အစ်မရဲ့နှလုံးရောဂါအခြေအနေကရော ဘယ်လိုလဲ"

www.burmeseclassic.com



"တစ်နေ့ ရွှေ တစ်နေ့ငွေပါ ညီမရယ် . . ဒါကြောင့် သိပ် ဝေးဝေးလံလံလည်းမသွားရဲဘူး . . ဒီရောဂါမျိုးဆိုတာက ညီမလည်း သိသားပဲ . . ဘာမဟုတ်တာလေးနဲ့လည်း ကြီးကြီးကျယ်ကျယ်ဖြစ် သွားနိုင်တော့လေ . . အစစသတိထားနိုင်မှ တော်ကာကျတယ် ဟင်း ဟင်း"

ကျွန်တော့်ကို မေမေက မသိမသာကြည့်ရင်း ဆိုပါသည်။ ကျွန်တော်ကလည်း မသိမသာ ပခုံးတွန့်ပြလိုက်သည်။ ဘာကြောင့် ထိုသို့ ပခုံးတွန့်ပြလိုက်ရသလဲကိုတော့ ကျွန်တော့်ကိုယ်ကျွန်တော် လည်း မသိပါ။

"အစ်မကတော့ နောင်ရေးကို စိတ်အေးချင်တာပါပဲ ညီမ ရယ် ဟင်းဟင်း"

မေမေ့စကားအဆုံး၌ ဖေဖေက တည်တည်ငြိမ်ငြိမ် ဝင်ပြော သည်။

"ဒါကြောင့် ကျွန်တော်သူ့ကို ပြောနေရတာပေါ့ . . တရား သာ အားကိုးရာပါလို့။ နောင်ရေးအတွက် စိတ်အေးချင်ရင်တော့ တရားအားထုတ်မှ ဖြစ်မယ်လေ . . တမဂ်တစ်ဖိုလ်လောက်မှ မရထားရင် နောင်ရေး စိတ်မအေးရဘူး"

မေမေက ဖေဖေ့ကို မသိမသာ မျက်စောင်းထိုးသဖြင့် ကျွန်တော်လည်း ခေါက်ဆွဲငုံ့စားသယောင်ပြုပြီး ပြုံးလိုက်မိပါသည်။ ဖေဖေက ဆက်ပြောပြန်သည်။

"တကယ်ကတော့ ဒါနနဲ့ သီလဟာ ဘာဝနာလောက် စိတ်မ ချရ ဘူးဗျ . . . ဘာဝနာသည်သာ ကျွန်တော်တို့ နောင်ရေးအတွက် ကိုးကွယ်အားထားရာပဲ . . ။ နောက်ပြီး ဘုရားဟောထားတာရှိတယ် . . ။ ယော်နိသော မနသိကာရတဲ့ . . အရာရာကို သင့်တင့်လျောက်



www.burmeseclassic.com

www.burmeseclassic.com

ဝတ်စွာ နှလုံးသွင်းခြင်းပဲ ဒီတရားသည်သာ ငြိမ်းချမ်းမှုကို ရစေမယ့် တရားဖြစ်တယ် . . "

ဖေဖေ့တရားစကားတွေကို ပပ၏ ဖခင်နှင့်မိခင်တို့က ပြုံး၍ နားထောင်နေလေသည်။ ကျွန်တော့်စိတ်ထဲတွင် ယနေ့ဘုရား အနေကဇာတင်ပွဲသည် ဘုရားအနေကဇာတင်ပွဲနှင့် သိပ်မတူပဲ အားသမီးတိစ္စကို သွယ်ဝိုက်၍ စကားပြောသည့်ပွဲဟု ထင်မိနေကာ စိတ်တွေလေးလာလေသည်။ ဖေဖေ မေမေတို့၏ စကားတွေ၊ ပပ၏ စကားတွေ၌ စိတ်မဝင်စားတော့ပဲ သီသီ့ထံသို့သာ စိတ်ကူးရောက် နေမိတော့သည်။ သီသီ့ထံအတွေးရောက်သွားမှပင် တပေါင်းလ၌ ကျင်းပမည့် ရွာဘုရားပွဲသို့ စိတ်ကရောက်သွားသည်။

အလွန်ပင်စည်ကားသိုက်မြိုက်သည့် ဘုရားပွဲ။ ကျွန်တော် ငယ်စဉ်ကတည်းက ထိုဘုရားပွဲကို ကြည်နူးနှစ်သက်စွာ ဝင်ရောက် ဆင်နွှဲ သည့်ပွဲ။ သူငယ်ချင်းတို့နှင့် ပျော်ပါးခဲ့သည့်ပွဲ။ သည်ပွဲကို သည်နှစ်တော့ သီသီနှင့်အတူ အရောက်သွားမည်ဟု အားခဲမိသည်။

ကျွန်တော်တို့နှစ်ဦးသာ ရွာသို့ ပြန်ရောက်သွားပါက သူတို့ ညီမျှ ပျော်ကြလေမည်နည်း။ ကျွန်တော့်အတွေးတွေမည်မျှ ကြာ သွားသည်မသိပါ။ မေမေက ပြန်ရန်ပြောမှ အတွေးမှ လန့်နိုးလေ သည်။ ပပသည် ကျွန်တော့်ကို စကားတွေတတွတ်တွတ် ပြောနေဆဲ ဖြစ်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

“ဖေ ဖေ့ကြည့်ရတာ ပပရဲ့ မိဘတွေအပေါ် သိပ်သဘော မတွေ့ဘူးထင်တယ် . . စကားလည်း ဟက်ဟက် ပက်ပက် သိပ်မပြောဘူး”

ဖေဖေသည် ကျွန်တော့်အခန်းထဲတွင် ကျွန်တော်နှင့်အတူ စစ်တု ရင်ထိုင်ထိုးနေရာမှ ကျွန်တော့်ကို မော့ကြည့်ကာ ပြုံးလေသည်။

“သူတို့ဟာ ဖေဖေတို့ထက် ကြွယ်ဝချမ်းသာပေမယ့် ဖေဖေ တို့လောက်တော့ ကိုယ်ကျင့်တရား မဖြူစင်ဘူးသား . . ဖေဖေ့အမြင် ပြောရရင် ရိုးသားပြီး ဆင်းရဲနေတဲ့သူဟာ မရိုးသားဘဲ ချမ်းသာနေတဲ့ သူထက်ပိုပြီး ဂုဏ်ရှိပါတယ်သား”

ဖေဖေ့အဘိဓမ္မာသည် ကျွန်တော့်အတွက်ဆန်းနေလေ သည်။

“လူတစ်ယောက်ရဲ့ဘဝမှာ အရေးအကြီးဆုံးကဘာလဲ သား”

မြင်းကို ဘုရင်ရှေ့နှစ်ကွက်၌ ချလိုက်ပြီး ကျွန်တော်ဖြေလိုက် ပါသည်။

“မသိဘူး ဖေဖေ”

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကျင့်တရားပဲ သား . .။ ကိုယ်ကျင့်တရားဖြူစင်တဲ့သူကိုသာတွေ့ရင် ဆိုက်ကားသမားပဲဖြစ်ဖြစ် သားဦးညွတ်ဖို့ ဝန်မလေးပါနဲ့ . . လူဆိုတာ ဂုဏ်သိက္ခာဟာ နိုးသားဖြူစင်မှုပါသားရယ်"

ကျွန်တော် မျက်မှောင်ကြုတ်လိုက်မိသည်။ ဖေဖေသည် ဆရာဝန် တစ်ယောက်ဖြစ်သော်လည်း ဖေဖေ့စကားတို့၌ အဘိဓမ္မာတွေပါလာတတ်သည်မှာ ဆန်းနေ၏။

"ဖေဖေ ဖီလော်ဆော်ဖီကို လေ့လာဖူးသလားဟင်"

"အင်း . . လေ့လာဖူးတယ် . . ကောင်းတယ်ကွ . . အနုတ် စိတ်ဝင်စားစရာကောင်းတဲ့ ဘာသာရပ်ပဲ"

"ဒါပေမယ့် ဖေဖေ . . ဖီလော်ဆော်ဖီဟာ ဝိဇ္ဇာဘာသာရပ်ပဲ၊ ကျွန်တော်တို့ သိပ္ပံဘာသာရပ်နဲ့ ဆိုရင် နည်းနည်းတော့ . ."

ဖေဖေရယ်လိုက်သောကြောင့် ကျွန်တော့် စကားမဆုံးတော့ပါ။ ဖေဖေက ကျွန်တော့်မြင်းကို သူ့ဘုရင်မနှင့် ကောက်စားလိုက်ရာ ကျွန်တော်ကလည်း ဖေဖေ့ဘစ်ရှော့ကို ကျွန်တော့်မြင်းတစ်ကောင်နှင့် ကောက်စားလိုက်သည်။ စစ်တုရင်ကစားကွက်၌ ကျွန်တော်တို့ သားအဖနှစ်ယောက်အတွက် မည်သူမျှ အသာစီးမရသေးချေ။

"ဖီလော်ဆော်ဖီဟာ ဝိဇ္ဇာဘာသာရပ်ဆိုပေမယ့် ယူတတ်မယ်ဆိုရင် ဖေဖေတို့ သိပ္ပံဘာသာရပ်တွေအတွက် အများကြီးအထောက်အကူရပါတယ် . . နောက်ပြီး တိတိကျကျလေ့လာလိုက်တဲ့အခါကျတော့ ဒီဘာသာရပ်ဟာ သိပ္ပံနည်းကျနေတာ တွေ့ရမြန်ရော . . ဥပမာပြောရရင် ဆရာဝန်တစ်ယောက်မှာလည်း ကိုယ်ပိုင်အယူအဆဒဿနရှိသင့်တယ် ကဲ သားကို ဖေဖေမေးမယ် . . သားဘာဖြစ်လို့ ဆေးကျောင်းတက်တာလဲ"

"ဆရာဝန်ဖြစ်ချင်လို့ပေါ့ ဖေဖေ"

"ဟုတ်ပြီ . . ဘာဖြစ်လို့ ဆရာဝန်ဖြစ်ချင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆေးကုချင်လို့ပေါ့ ဖေဖေ . ."

ဖေဖေသည် စစ်တုရင်ခုံကိုလက်နှင့် ပုတ်လိုက်သောကြောင့် ကစားရုပ်တွေအလဲလဲ အပြိုပြိုဖြစ်ကုန်သည်။

"ဆောရီးပဲသား . . သားအဖြေအတွက် ဖေဖေဝမ်းသာလို့ မေ့ပြီး ခုံကိုပုတ်လိုက်မိတာ . .။ သားအဖြေဟာ ဖေဖေ့အဖြေနဲ့ တစ်ထပ်တည်းပဲ ဒါဟာ သားရဲ့ ဒဿနပဲ . . သားရဲ့ အဘိဓမ္မာပဲ"

ကျွန်တော်ပီတိဖြစ်စွာနှင့် ပြုံးလိုက်မိသည်။ ကျွန်တော်တို့ သားအဖနှစ်ယောက်သည် အလဲလဲအပြိုပြိုဖြစ်နေသော ကစားရုပ် တွေကိုကြည့်ပြီး ဘာဆက်လုပ်ရမည်မသိဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

"သမီး သီသီအောင် အဆောင်မှာ အဆင်ပြေလား"

"ဟုတ်ကဲ့ဆရာ"

သီသီသည် အကျင့်ပါနေသဖြင့် ဖေဖေ့ကို ဆရာဟု သာခေါ်ပါသည်။ ကျွန်တော့်နှင့် သီသီသည် ဖေဖေ့ရှေ့မှာ ကြုံကြုံကလေး ထိုင်နေမိသည်။ ဖေဖေက ကျွန်တော်တို့နှစ်ယောက်စလုံးကို နွေးထွေးစွာ ပြုံးပြသည်။

"ရွာဘုရားပွဲက ဘယ်တော့လဲ သမီး"

"ရှေ့လဆယ်ရက်နေ့မှာ စမှာဆရာ .. အဖိတ်နေ့ရယ်၊ လပြည့်နေ့ရယ် ၂ ရက်ဆရာ"

"သမီး ရွာကို ပြန်ချင်တယ်ပေါ့"

သီသီသည် ခပ်တိုးတိုးနှင့် ဟုတ်ကဲ့ ဟုဖြေသည်။ ဖေဖေသည် ကျွန်တော့်ကို ကြည့်ပြန်သည်။

"သားလည်း သီသီနဲ့ လိုက်သွားချင်တယ် မဟုတ်လား"

"ဟုတ်ကဲ့ ဖေဖေ.."

ဖေဖေသည် ပြကွဒိန်သို့ တစ်ချက်လှမ်းကြည့်သည်။

www.burmeseclassic.com



"အင်း . . ဆယ့်နှစ်ရက်လောက်ပဲ လိုတော့တာပဲ . .။ ဒီတော့ ဒီလိုလုပ်၊ ကားလက်မှတ်ကိုတော့ နှစ်ယောက်စာ ကြိုဝယ်ထား။ ဒီကြားထဲ ဖေဖေ သမီးကို တွေ့ချင်ရင် သားနဲ့ဆက်သွယ်လိုက်မယ် ဟုတ်ပြီလား"

ပြောစရာ စကားတွေလည်း မရှိတော့သဖြင့် ကျွန်တော်တို့နှစ်ယောက် ပြန်ရန်မျက်ရိပ်ပြမိသည်။ အကင်းပါးသော ဖေဖေကလည်း သိပါသည်။

"အေး . . အေး ဒါပဲ လက်ဖက်ရည်တွေသောက်သွားကြဦး မုန့်လည်းစား . ."

ကျွန်တော်တို့ ဖေဖေ့ဆီမှ ထွက်ခွာလာပြီး လမ်းရောက်မှ သီသီ ကပြောသည်။

"သီဖြင့် ကြောက်လိုက်တာ မောင်ရယ်"

"ဟာ ဘာကြောက်စရာလိုလို့လဲ"

"မတူဘူးလေ မောင်ရဲ့ . .။ အရင်တုန်းက မောင့်ချစ်သူမှ မဟုတ် သေးပဲ၊ အခုတော့ ချစ်သူရဲ့ အဖေဆိုတော့ ကြောက်တာပေါ့"

"ဖေဖေက သဘောကောင်းပါတယ် သီရဲ့"

"အန်တီကရော သို့ကို သဘောကျပါ့မလားဟင်"

ထိုအမေးအတွက် ဖြေရန် ကျွန်တော် တွေဝေနေမိပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

သီသီနှင့်အတူ ရွာ၏ တပေါင်းလဘုရားပွဲကို သွားရောက်ဆင်နွှဲချင်သဖြင့် ထိုကိစ္စကို အိပ်မက်ပင်မက်ပါသည်။ သို့သော် ကျွန်တော့်၌ စိုးရိမ်ထိတ်လန့်မှုတစ်ခုကလည်း ရှိနေပါသည်။ ကျွန်တော့်ကို မေမေက သွားခွင့်မှပြုပါမည်လားမသိ။ အကယ်၍ ရွာဘုရားပွဲကို သွားခွင့်မပြုသော် မေမေသည် ကျွန်တော်နှင့် သီသီ တို့စွတို့လည်း သဘောမတူဟု ဆင့်ပွားကောက်ချက်ချ၍ ရပါလိမ့်မည်။

ထိုအခါ ကျွန်တော်တို့နှစ်ယောက်စလုံး၏ အနာဂတ်သည် ရှင် လေးဖွယ်ဖြစ်လာပါလိမ့်မည်။ မေမေ့ကျန်းမာရေးကို ထိခိုက်စေသည့် အပြုအမူလုပ်ရပ်မျိုးကို ဝိတ်စ်ယူသန်လုပ်ဆောင်ရန်လည်း ကျွန်တော် မဝံ့ပါ။ သည်လိုနှင့်ပင် ရွာဘုရားပွဲ ကျင်းပမည့်ရက်က အဖြည်းဖြည်းနီး၍ လာပါသည်။ ကျွန်တော်နှင့် သီသီကတော့ နေ့စဉ် ထိုင်တွေ့ဖြစ်ကြပါသည်။

သည်လိုနှင့်ပင် ကျွန်တော်တို့ နှစ်ယောက်အတွက် စား သတ်မှတ်ဝယ်ထားသည့်မတိုင်ခင် တစ်ရက်ကိုရောက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ရေမိုးချိုးပြီး ကျောင်းသွားရန် ပြင်ဆင်နေသည့်အခိုက် ဖေဖေက ကျွန်တော့် အခန်းထဲရောက်လာသည်။

ဖေဖေ့မျက်နှာသည် ခါတိုင်းထက်ပို၍ တည်ငြိမ်နေလေသည်။

"သား .. ဒီနေ့နေ့လယ် နှစ်နာရီကို သီသို့ကို အိမ်ကို လွှတ်ပေးလိုက်ပါ"

ကျွန်တော် ထိတ်လန့်သွားလေသည်။

"ဟာ ဖေဖေဖြစ်ပါ့မလား .. မေမေက သီသို့ကိုကြည်ဖြူပါ့မလား"

"ဖေဖေတို့ စမ်းသပ်မှု တစ်ခုပြုလုပ်နေတာပဲ သားရယ် ..။ ဒီလောက်တော့ စွန့်စားရမှာပေါ့ .. ဒါပေမယ့် သားတစ်ခုတော့ မျှော်လင့်ထားပါ ..။ အဆင်ပြေချင်လည်း ပြေမယ် ..။ အဆင်မပြေချင်လည်း မပြေဘူး .. သားယောကျ်ားမဟုတ်လား"

ကျွန်တော်ပင့်သက်ရှိုက်လိုက်ပြီးမှ မေးလိုက်မိသည်။

"အဲဒီအချိန်မှာ ဖေဖေလည်းရှိနေစေချင်တယ် ဖေဖေ"

"မဖြစ်ဘူးသား .. ဖေဖေ့မှာလည်း တာဝန်က အများသား"

"ဒါဆိုရင် ကျွန်တော်လည်း အနားမှာရှိနေချင်တယ် ဖေဖေ"

"မလိုဘူးသား ..၊ သားမရှိတာ ပိုကောင်းတယ်. ..။ ကဲ ဖေဖေ ပြောသလိုပဲလုပ် နေ့လယ် နှစ်နာရီတိတိကို သီသို့ကို သား မေမေဆီ လွှတ်လိုက်ပါ"

ဖေဖေက စကားကို ပြောပြီး လှည့်ထွက်သွားသဖြင့် ကျွန်တော်လည်း ကျောင်းသို့ခပ်သွက်သွက်ပင်ထွက်ခဲ့သည်။ သီသို့ အဆောင်ဝင်သောအခါ သီသီက သင်တန်းသို့ရောက်နေလေပြီ။ ထို့ကြောင့် သီသို့သူငယ်ချင်းတစ်ယောက် အကူအညီဖြင့် သီသို့ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ခွင့်ရဖို့ ကြိုးစားရလေတော့၏။ နာရီဝက်လောက် စောင့်လိုက်မှ သီသီက ထွက်လာသည်။

"သီ .. မောင့်မှာ ပြောစရာစကားတွေရှိတယ် ..။ သီ သေသေ ချာချာနားထောင်နော် ..။ နေ့လယ် နှစ်နာရီတိတိကို မောင့်အိမ်ကို သီသွားပါ .. ဖေဖေက မေမေနဲ့ သို့ကို ပေးတွေ့ဖို့ စီစဉ်ထားတယ် ..။ သွားဖြစ်အောင် သွားတွေ့လိုက်ပါ .. လိုအပ် မယ်ဆိုရင် အဲဒီကျောင်းတစ်ချိန်ကို ဖျက်လိုက်ပါ"

"ဒုက္ခပဲ မောင် .. သီ .. မောင့် မေမေကို ကြောက်တယ်"

သီသီ့မျက်နှာကလေးက ချက်ချင်းဖြူရော်လာလေသည်။ သူမ၏ လက်ဖဝါးလေးကို ကျွန်တော် ဖျစ်ညှစ်လိုက်သည်။

"အဆင်ပြေမှာပါ သီ .. ကဲ .. သင်တန်းပြန်တက်တော့ .. မောင်လည်း ကျောင်းသွားတော့မယ် .."

သီသီသည် မျက်နှာကလေးအိုရှုံ ကျန်ရစ်သည်။ ကျွန်တော် ကျောင်းရောက်သော် အရာရာသည် ပုံမှန်တိုင်းပင်ဖြစ်သည်။ သို့ သော် ကျွန်တော့်စိတ်က နေ့လယ်နှစ်နာရီသို့သာ ရောက်လေသည်။ မေမေသည် သီသီနှင့်တွေ့လျှင် ဘာတွေဖြစ်ကုန်မည်နည်း။ တစ်နေ့ လုံး စာသင်ရသည်ကို စိတ်မဝင်စားမိ။ ကျွန်တော့်လုပ်ရပ်တို့သည် အလွဲလွဲအချော်ချော်ဖြစ်နေလေသည်။ နေ့လယ် နှစ်နာရီနီးလာသော အခါ ပို၍ချောက်ချားလာသည်။ ကင်န်တင်းသို့ထွက်ပြီး တစ်ယောက် တည်း လက်ဖက်ရည်သောက်မိသည်။ လိမ္မော်ရည်ပုလင်းကို ကိုင် သော် ကျွန်တော့်လက်တို့သည် စိတ်လှုပ်ရှားမှုကြောင့် တုန်ရင်နေ သည်။ သည်လိုနှင့်ပင် နှစ်နာရီကျော်လာသည်။

"ဟေ့ကောင် စစ်ဆွေ မင်းဘယ်လိုဖြစ်နေတာလဲ .. နေ မကောင်းဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



စည်သူမြင့်နှင့် ပပဆွေလတ်က ကျွန်တော့်ဆီရောက်လာပြီး မေးသည်။

"အေးကွ . . ရေချိုးမှားလို့ ထင်တယ် . . ခေါင်းနည်းနည်း နောက်နေတယ်"

"မှန်းစမ်း . . အဖျားရှိသလား စမ်းကြည့်ရအောင်"

ပပဆွေလတ်က ကျွန်တော့်နဖူးကို တယုတယစမ်းသပ်ကြည့်ပြီး ဆေးဝယ်ရအောင် ထွက်သွားသည်။ သည်လိုနှင့်ပင် ညနေကျောင်းဆင်းချိန်သို့ ရောက်လာသည်။ ကျွန်တော်လည်း ကျောင်းဆင်းဆင်းခြင်းပင် သီသီ့ထံသို့ ရောက်သွားမိသည်။ သို့သော် သီသီက ပြန်မရောက်သေး။ ခဏထိုင်စောင့်နေသော်လည်း မရောက်လာသဖြင့် ကျွန်တော့်အိမ်သို့သာ ပြန်လာခဲ့သည်။

အိမ်ရောက်သောအခါလည်း သီသီက မရှိပြန်။ သီသီ့အဆောင်သို့ပင် ပြန်လိုက်ရကောင်းမည်လား စဉ်းစားမိစဉ် မေမေက ကျွန်တော့်အနားရောက်လာသည်။ မေမေ့မျက်နှာသည် တည်တည်ငြိမ်ငြိမ်ပင်ဖြစ်သည်။

"သားတောင်ပြန်လာပြီကိုး . . ကျောင်းမှာ အဆင်ပြေလား သား"

"ဟုတ်ကဲ့မေမေ . . ဒါနဲ့ နေ့လယ်က သီသီရောက်လာသေးလား"

"အင်း . . ရောက်လာတယ်"

မေမေသည်မျှသာပြောပြီး ကျွန်တော့်အနားမှ ထွက်သွားသည်။ မေမေ့အပြုအမူသည် ပယောင်ဦးဆန်နေလေသည်။ ကျွန်တော်လည်း သီသီ့ထံပြန်လိုက်ရန် ပြန်ထွက်မည်အပြုတွင် ဖေဖေက ဆေးရုံမှ ပြန်လာသည်။

"သား ဘယ်သွားမလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"အကျိုးအကြောင်းသိရအောင် သူဆီသွားမလို့ဖေဖေ"

"သားမသွားနဲ့ . . ဖေဖေ မင်းအမေကို မေးပေးမယ်"

ကျွန်တော့် ရင်တွေ တဆတ်ဆတ်ခုန်လာသည်။ သို့နှင့် ကျွန်တော်လည်း အပြင်ပြန်မထွက်တော့ဘဲ။ ကျွန်တော့်အခန်းထဲမှာ ဝင်အောင်းနေမိသည်။ ဖေဖေက အခန်းထဲမှ တော်တော်နှင့် ပြန်မထွက်လာပါ။ ကျွန်တော့်ဘဝအတွက် စိတ်အလှုပ်ရှားရဆုံး အချိန်များပင်ဖြစ်လေသည်။ ညစာထမင်းစားချိန်တွင် ကျွန်တော်တို့ မိသားစု ထမင်းစားခန်းထဲ၌ ပြန်ဆုံသည်။ မေမေ့မျက်နှာသည် အပြောင်းအလဲမရှိသလို ဖေဖေ့မျက်နှာသည်လည်း တည်ငြိမ်နေပါသည်။ ထမင်းစားနေစဉ် ကျွန်တော်တို့ စကားမပြောမိကြပါ။

ကျွန်တော် စိတ်ဓာတ်ကျလာသည်။ မေမေသည် ကျွန်တော်နှင့် သီသီ့ကို သဘောတူပုံမရပါ။ အကယ်၍ သဘောတူငြားအံ့။ ကျွန်တော် ပြန်ရောက်လာသည်နှင့်ပင် ဝမ်းသာဖွယ်စကားကို ဆိုပေလိမ့်မည်။ ကျွန်တော် ဝမ်းနည်းလာလေသည်။ သီသီနှင့် ဝတ်သက်သော ကျွန်တော့် အိပ်မက်တွေ ပျက်ပြယ်ရပေတော့မည်။ သီသီ့ကိုချက်ချင်းပင် လွမ်းဆွတ်လာသည်။

မနက်စောစောထွက်မည့်ကား၌ သီသီနှင့်အတူ ကျွန်တော် လိုက် ခွင့်မရနိုင်တော့ပြီ။ အကယ်၍ ကျွန်တော် ထိုခရီးကို ဇွတ်လိုက်ခဲ့ပါပြီတဲ့။ မေမေ့ကျန်းမာရေးသည် မည်သို့ဖြစ်မည်နည်း။

"သား . ."

မေမေ့အသံ။ ကျွန်တော် ခေါင်းမော့ကြည့်လိုက်သည်။

"ထမင်းစားပြီးရင် မေမေတို့ဧည့်ခန်းမှာ စကားပြောကြရအောင်"

ထမင်းစားပြီးသော် ကျွန်တော်တို့ မိသားစုဧည့်ခန်းထဲမှာ ဆိုင်လိုက်ကြသည်။ ဖေဖေနှင့် မေမေက နှစ်ယောက်ထိုင်ဆိုဖာမှာ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေကြပြီး ကျွန်တော်ကတော့ မေမေ့ရှေ့မှာ ထိုင်နေမိသည်။ ညနေခင်းသည် တိတ်ဆိတ်ငြိမ်သက်နေလေသည်။ ထိုခဏ၌ မေမေ့အသံက တည်ငြိမ်စွာထွက်လာသည်။

"သား စောစောသွားအိပ် .. မနက်လေးနာရီကို မေမေ နာရီနှိုးစက်ပေးထားတယ်"

ကျွန်တော် ကြောင်နေမိစဉ် မေမေက ဆက်ပြောသည်။

"သား အဝတ်အစားသုံးစုံနဲ့ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဆပ်ပြာခွက် အကုန်လုံး အိတ်ထဲမှာ ထည့်ထားပြီးပြီ"

ပီတိစိတ်ဖြင့် ကျွန်တော်မျက်ရည်ဝဲတွေလာသည်။ မေမေက ဆက်ပြောပြန်သည်။

"ကလေးမလေးလည်း ကားဂိတ်ကို မနက် ၅ နာရီရောက်လာလိမ့်မယ် .. လမ်းခရီးတစ်လျှောက်မှာ ရတနာသုံးပါး ဂုဏ်ကျေးဇူးကို နှလုံးသွင်းသွား .. ဘုရားပွဲပြီးတာနဲ့ .. ချက်ချင်းပြန်လာခဲ့"

ကျွန်တော် ဝမ်းသာလုံးဆို့ပြီး အထစ်ထစ်အငေါ့ငေါ့ဖြင့် မေမေ့ကို မေးလိုက်မိသည်။

"ဒါ .. ဒါဆိုရင် .. မေ .. မေ .. ဟိုဒင်း .. သို့ကို .. အဲ .. သူ့ကို"

ဖေဖေသည် ကျွန်တော်အထစ်ထစ် အငေါ့ငေါ့ဖြစ်နေခြင်းအပေါ် ဟက်ဟက်ပက်ပက်ပင်ရယ်လေသည်။ မေမေကတော့ ပြုံး၍ပြောသည်။

"ကြော် .. သားရယ် သဘောမတူဘဲနဲ့ ရွာကို ကလေးမလေးနဲ့အတူ သားကို ထည့်လိုက်ပါ့မလား ဟင်းဟင်း"

"ဒီကိစ္စအတွက် ဖေဖေ့ကိုလည်း ကျေးဇူးတင်ပါတယ် .. မေမေ့ကိုလည်း ကျေးဇူးတင်ပါတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"အမိကကတော့ ယောနိသော မနသိကာရဆိုတဲ့ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းတတ်ခြင်းဆိုတဲ့ ဘုရားရဲ့ တရားကို သားကျေးဇူးတင်သင့်တယ် . .။ နောက်ပြီး မေမေ့ကို နေ့စဉ်နှင့်အမျှ နားဝင်အောင် အမျိုးမျိုးနားချခဲ့တဲ့ ဖေဖေ့ကိုလည်း ကျေးဇူးတင်သင့်တယ် . .။ ဘာပဲပြောပြောလေ . . မေမေ သီသီ့ကို တွေ့လိုက်တဲ့အချိန်မှာ သားနဲ့သဘောတူတဲ့စိတ် ချက်ချင်းဖြစ်လာတယ် . .။ သမီးလေးက တောသူဆိုပေမယ့် ယဉ်ယဉ်ကျေးကျေးလေး . .။ လိမ္မာရေးခြားလည်းရှိတယ် . . သွက်လက်ချက်ချာတယ် . . ပြီးတော့ အရမ်းလှတယ်"

"သားအမေ ငယ်ငယ်တုန်းကလည်း ဒီလိုပါပဲ"

ဖေဖေ့စကားကြောင့် မေမေက မျက်စောင်းထိုးလေသည်။

"မေမေဟာ သားဖေဖေ့စကားကို အခုမှ နားထောင်ခဲ့တာ မဟုတ်ဘူးသား . . ဟိုးဖေဖေနဲ့မေမေ လက်ထပ်ကတည်းက ဒီ တနေ့ထိလည်း နားထောင်နေတုန်းပဲ . .။ ဆရာဝန်ပီသတဲ့ ဆရာဝန် တတော်ဘဝနဲ့ ဒီကနေ့အထိ ရပ်တည်နေတုန်းပဲ . . အခုတော့ ဆရာဝန်ပီသတဲ့ ဆရာဝန်မိခင် ဘဝနဲ့ မေမေရှေ့ကိုဆက်ပြီး အသက်ရှင်နေဦးမယ်"

ကျွန်တော့်မျက်လုံး၌ ပီတိမျက်ရည်တွေစို့လာပါသည်။ မေမေ့ စကားတို့၌လည်း ဒဿနတွေပါနေပါလား။ အင်းလေ မေမေ ကလည်း ဖေဖေ့မိန်းမပဲဟာ သည်လောက်တော့ရှိမှာပေါ့။ ဖေဖေ မေမေတို့ကို ဒူးထောက်၍ လက်အုပ်ချီကန်တော့သောအခါ ဖေဖေ မေမေတို့က သာဓုပြုံးပြုံးဖြင့်တူခေါ်ပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

တပေါင်းလဖြစ်သော်လည်း နှင်းမှုန်တွေကျ၍ နေပါသည်။ ကားဂိတ်သို့ သီသီသည် လေးနာရီလေးဆယ့် ငါးမိနစ်၌ ရောက်လာသည်။ သူမသည် အိပ်ရာထခါစဖြစ်၍ မျက်နှာကလေးက ဖူးဖူးကလေးဖြစ်နေပြီး မျက်နှာ၌ သနပ်ခါးရည်ကျဲကျဲကို လိမ်းကျံထားသည်။

ဆံပင်ကို တစ်ပတ်လျှိုထုံးထားပြီး မြန်မာဆန်ဆန်ပဲ ဝတ်ထား၏။ သို့သော် မြို့၌ အနေကြာ၍ မြို့ပုံစံထွက်နေပါသည်။

"မောင် ရောက်နေတာကြာပြီလား"

BURMESE CLASSIC

"ဆယ်မိနစ်လောက်ပဲရှိသေးတယ်"

"သိဖြင့်လေ . . ညက အိပ်လို့တောင် သိပ်မပျော်ဘူး မောင်"

"ဘာဖြစ်လို့လဲ ဟင်"

"ဝမ်းသာလွန်းလို့ပေါ့ မောင်ရယ် . . ။ မောင့်ရော ဝမ်းမသာဘူးလားဟင်"

"အင်း . ."

ခရီးသည်တွေကို ကားပေါ်စတင်သဖြင့် ကျွန်တော်တို့ နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်လည်း ကားပေါ်တက်ခဲ့ကြသည်။ ကားပေါ်မှာ နေရာယူပြီး ကြသောအခါ ကျွန်တော်က သိချင်စိတ်ဖြင့် တစ်ခုမေးမိသည်။

"မေမေနဲ့ တွေ့တာအဆင်ပြေလားဟင်"

သူမသည် ချစ်စဖွယ်ပြုံး၍ ခေါင်းညိတ်သည်။

"မောင့် မေမေဟာ လေးစားကြည်ညိုစရာကောင်းတဲ့ မမေပါပဲ မောင်ရယ် ..။ ပထမတော့ သူ သို့ကို သိပ်မမှတ်မိဘူး မောင်ရဲ့ နောက်မှ ငယ်ရုပ်ကိုမှတ်မိသွားပြီး အံ့ဩသွားတယ် ..။ စကားတွေလည်း အများကြီး ပြောတယ် .. ပြီးတော့ သို့ကိုလည်း မေးတယ် .. ဘာဖြစ်လို့ သူနာပြုသင်တန်းကို တက်တာလဲတဲ့"

"သီ ဘယ်လိုဖြေလိုက်လဲ"

"ဆရာဝန်မဖြစ်နိုင်မယ့်အတူ ဆေးကုသရေးမှာ တစ်တပ် တစ်အားနဲ့ ပါချင်လို့ပါ မေမေလို့ ဖြေလိုက်တယ်"

"အဲဒီအဖြေအပြင် နောက်ထပ်အဖြေတစ်ခုကိုပါ သီ မပေး ထိုက်ဘူးလား"

"ဘာအဖြေလဲ"

"မောင့်ကိုချစ်လို့ မောင့်ပါရမီကို ဖြည့်ချင်လို့လို့လေ"

ချစ်စဖွယ်မျက်စောင်းကရောက်လာသည်။

"ယောက္ခမလောင်းကို အဲဒီလိုသွားပြောလို့ရမလား"

ကျွန်တော်ရယ်နေလိုက်မိရင်းမှ အချစ်ကို အဘိဓမ္မာဖွင့် ချင်လာလေသည်။

"အင်း .. တကယ်တော့ ဒါဟာ အချစ်ကြောင့်ပဲ .. အချစ်ဆိုတာကို အဓိပ္ပာယ်ဖွင့်ရရင် .."

"ခရီးသည်များခင်ဗျား .. ကျွန်တော်တို့ မော်တော်ယာဉ် က သတ်မှတ်ထားတဲ့ ခရီးစဉ်ကို စတင်ထွက်ခွာပါတော့မယ် .. လမ်းခရီးတစ်လျှောက်မှာ .."



www.burmeseclassic.com

www.burmeseclassic.com



သီသီသည် တိုးလိုးတန်းလန်းဖြစ်သွားသော ကျွန်တော့် စကားကြောင့်ရယ်လေသည်။ ကျွန်တော်ကလည်း အချစ်၏ အဘိဓမ္မာကို အလွန်ပင် ဖွင့်ချင်နေသဖြင့် ကြိုးစားလိုက်မိပြန်သည်။

"အချစ်ဆိုတာဟာ .. အင်း .. သံယောဇဉ် .. အဲ .. ဟုတ်တယ် .. သံယောဇဉ်ကစတာပဲ ..။ သံယောဇဉ်ဆိုတာကလည်း အချစ်က စ,တာပဲ .. ဟုတ်တယ် မဟုတ်လား သီ .."

သီသီသည် ပါးစပ်မှ မဖြေဘဲ ခေါင်းညိတ်၍ ဖြေပြီး ကျွန်တော့်ဘက်သို့ ယိုင်လာသဖြင့် ကျွန်တော် သူမ၏ ကိုယ်ကလေးကို ဖက်ထားလိုက်သည်။ ကားပြတင်းပေါက်များကို ဖွင့်ထားသဖြင့် အေးမြလတ်ဆတ်သောလေက ပြတင်းမှ တသွင်သွင်တိုးဝင်နေလေ၏။

✿✿✿

(ပြီးပါပြီ)

ကိုငြိမ်းဦး

၂. ၁. ၀၆

(ညနေ ၄ နာရီ ၃၀ မိနစ်)

www.burmeseclassic.com